# Eden Family Fellowship

## စာအုပ် (၃)

# ဘုရားသခင်၏ မိသားစုအကြောင်း
# အခြေခံ သိကောင်းစရာများ



**Copyright © 2025 by Eden Family Fellowship**

Mobile: +959423860723
Email: phway.lai@gmail.com

# အခြေခံ သင်တန်းလက်စွဲစာအုပ် (၃) အုပ်ကို အသုံးပြုရန် လမ်းညွှန်ချက်များ

ဤလက်စွဲများကို အသုံးပြုရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ယေရှုခရစ်တော်သည် မိမိတပည့်တော်များကို မည်ကဲ့သို့ဆုံးမသွန်သင်ခဲ့သည်ဟူသော ဥပမာကိုလိုက်နာကျင့်သုံးရန်ဖြစ်သည်။

- ယေရှုသည် တပည့်တော်များနဲ့အတူ အချိန်များစွာယူလေ့ရှိသည်။
- ယေရှုသည် တပည့်တော်များနဲ့အတူ ဘဝအတွေ့အကြုံများကို ဆွေးနွေးပြီး၊ နေ့စဥ်အသက်တာ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသုံးပြုရန် ကူညီပေးလေ့ရှိသည်။
- ယေရှုကတပည့်တော်များသည် ဝိညာဥ်တော်၏မစခြင်းဖြင့်ခမည်းတော်နှင့် အချင်းချင်းဆက်နွယ်မှုတိုးပွားစေရန်၊ ဖခမည်းတော်ကို နားလည်သဘောပေါက်ရန် ကူညီဖေးမပေးခဲ့သည်။

ယေရှုခရစ်တော်သည် လူတိုင်းအတွက် ကယ်တင်ခြင်းကို ပေးရုံသက်သက်မဟုတ်ဘဲ၊ တစ်ဦးကို တစ်ဦးကူညီရန်အတွက် ထိရောက်သောနည်းလမ်းကိုလည်း သင်ကြားပြသပေးခဲ့ပြီး၊ နောက်ဆုံးတွင် ကမ္ဘာတစ်ခုလုံးကို မည်သို့အကျိုးပြုမည်ဟူသော နည်းလမ်းကိုလည်း ပြသပေးခဲ့သည်။ ယေရှုသည် မိမိထံသင်ယူစေလိုသည့် တပည့်တော်အနည်းစုကိုသာ အလေးထား သွန်သင်ပေးခဲ့သည်။ သူသည် အဖွဲ့အစည်းတစ်ခုကို တည်ထောင်ရန် သို့မဟုတ် စာသင်ကျောင်းကြီး တစ်ခုကိုစတင်ရန်အစား၊ သင်ယူလိုစိတ်ရှိသော နောက်လိုက်ကောင်းအနည်းငယ်ကိုသာ ရွေးချယ်ပြီးသူ၏ သုံးနှစ်တာအမှုတော်လုပ်ငန်းတွင် ထိုသူများနှင့်အတူ ဆွေးနွေးတိုင်ပင်ခြင်း၊ ဆုတောင်းခြင်း၊ အတူတကွ လုပ်ဆောင်ခြင်း စ သည်တို့၌ ရင်းနှီးမြုပ်နှံမှုများပြုလုပ်ခဲ့သည်။ နောက်ဆုံးတွင် သူ၏လွှမ်းမိုးအကျိုးသက်ရောက်မှုသည် ကမ္ဘာတစ်ဝှမ်းလုံးသို့ ပြန့်နှံ့သွားခဲ့သည်။ တမန်တော်ရှင်ပေါလုကလည်း ယေရှု၏ ပုံဥပမာကို လိုက်နာပြီး မိမိလူများအားကူညီသည့်နည်းတူ သူ့နောက်သို့ လိုက်ရန် ကျွန်ုပ်တို့ကို အားပေးခဲ့သည်။ (၁ ကော ၁၀:၃၁ - ၁၁:၁)။ ဤကဲ့သို့ အခြေခံသင်တန်းလက်စွဲစာအုပ် သုံးအုပ်ကို ပြန့်ပွားစွာ အသုံးပြုစေခဲ့သည်။ ဤလက်စွဲစာအုပ်များသည် သမ္မာကျမ်းစာအတိုင်း လူများအား ကူညီရန်အတွက် ယေရှု၏ပုံသက်သေကို သင်ယူရန် ကူညီပေးသောတန်ဆာပလာကိရိယာများ ဖြစ်ကြသည်။ ယေရှုသည် တပည့်တော်များကို မိမိ၏သာသနာလုပ်ငန်းအစတွင် ကောင်းစွာသွန်သင်ပေးပြီး၊ စေလွှတ်သည့်အခါ၌ ခေါင်းဆောင်အဖြစ် စေလွှတ်ပေးခဲ့သည်။ ၎င်းသည်ဤလက်စွဲစာအုပ်များ၏ ရည်ရွယ်ချက်တစ်ခုလည်းဖြစ်ပါသည်။

## အခြေခံသင်တန်းလက်စွဲစာအုပ်ကို အသုံးပြုပြီး ယေရှု၏ ပုံသက်သေကို မည်ကဲ့သို့ လိုက်နာရမည်နည်း

- **တပည့်တော်များနှင့်အတူ အချိန်ယူပါ။**

သူတို့နဲ့သိကျွမ်းအောင်လုပ်ပါ။ သူတို့ တွေ့ကြုံသောဘဝအစိတ်အပိုင်းအားလုံးအတွက် သနားကြင်နာမှုကို ပြသပေးပါ၊ သူတို့သည် ယေရှုခရစ်တော်၌ ကြီးထွားသည့်ဘဝနည်းလမ်းများကို သင်ယူလေ့လာပါ။

- **တပည့်တော်များအတွက် အမြဲဆုတောင်းပါ။**

ယေရှုသည် ညစဉ် ဆုတောင်းခဲ့သည်။ ပေါလု၏ ဆုတောင်းခြင်းအကြောင်းကိုလည်း သမ္မာသစ်ကျမ်းစာတွင် ရေးမှတ်ထားသည်။ သင်သိသော တပည့်တော်များသည် ဘုရားသခင်နှင့် ယေရှုခရစ်တော်ကို ပိုမိုနားလည်စေရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကိုကူညီမစရန် ဆုတောင်းပေးပါ။

- **ဘုရားသခင်အား ပိုမိုသိကျွမ်းရန် တပည့်တော်များကို ကူညီပေးပါ။**

(စာအုပ် ၁) အတိုင်း၊ ဘုရားသခင်အကြောင်း ပိုမိုနားလည်မှုကို တိုးပွားစေရန်နှင့် အသက်တာ၌ ဘုရားသခင်သည် မည်ကဲ့သို့အလုပ်လုပ်နေသည်ကို မြင်နိုင်စေရန် သူတို့ကို ကူညီမစပေးပါ။

- **နေ့စဉ်အသက်တာ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်တတ်အောင်သင်ကြားပေးပါ။**

ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲမှ သူတို့ဘဝအသက်တာအတွက် အဘာယ်အရာအသုံးဝင်သည်ကို သိရှိရန် ဥာဏ်ပညာအတွက် ဘုရားသခင်ထံဆုတောင်းပါ။ သင်သည် အခြေခံသင်တန်းလက်စွဲစာအုပ် သုံးအုပ်၏ အကြောင်းအရာများကို သိရှိပြီးဖြစ်ပါက တပည့်တော်များအတွက် သက်ဆိုင်ရာကျမ်းပိုဒ်များကို ရှာဖွေရန် ၄င်းက ကူညီပေးမည်ဖြစ်ပါသည်။ စာအုပ်တွင်ရေးသားထားသည့် အစဉ်လိုက်အတိုင်း လိုက်နာရန် မလိုအပ်ပါ။ လက်စွဲစာအုပ် ၂ သည် သင်တန်းသား၏ ဘဝအသက်တာတစ် လျှောက်လုံး၌ နေ့စဉ်အလေ့အထတစ်ခုအဖြစ်တိုးတက်ရန်အတွက် အထူးအသုံးဝင်ပါသည်။ သူတို့၏ ဘဝအတွေ့ကြုံအတိုင်း တပည့်တော်တစ်ဦးအတွက်မည်သည့်အရာသည် ပို၍အကျိုးရှိမည်ကို သင် ဆုတောင်းဆုံးဖြတ်နိုင်ပါသည်။

- **တပည့်တော်တစ်ဦးချင်းစီနဲ့ အချင်းချင်း တိုင်ပင်ဆွေးနွေးပါ။**

ဘုရားသခင်အကြောင်း သင်ယူလေ့လာခြင်း၊ ယေရှုနှင့်အတူအသက်ရှင်ခြင်း၌ သူတို့၏တိုးတက်မှုအခြေအနေများကို သိရှိရန်ပြီးနောက် ဆွေးနွေးတိုင်ပင်ပေးပါ။ ဖြစ်နိုင်ပါက တပည့်တော်တစ်ဦး (သို့) နှစ်ဦး၊ သုံးဦးအကြား ဆွေးနွေးတိုင်ပင်ပြီး အချင်းချင်းအတူတကွ သင်ယူနိုင်အောင်ကူညီပေးပါ။

- **တပည့်တော်များနဲ့အတူ လုပ်ဆောင်ပြီး အမှုတော်၌ အတူအစေခံပါ။**

သင်သည် သူတို့အတွက် ပုံသက်သေဖြစ်ပါစေ၊ သင်၏ပုံသက်သေနှင့် ဘဝအတွေ့အကြုံကို လည်းသူတို့သင်ယူတတ်ဖို့ ကူညီပေးပါ။

- "ဝိညာဉ် မိဘဖြစ်ခြင်း" အကြောင်း စာအုပ် (၃) ရှိ လမ်းညွှန်ချက်များကို လိုက်နာပါ။

## ဤလက်စွဲအုပ်များကို အသုံးပြုနိုင်သည့် အခြားနည်းလမ်းများ

- သင်ကြားခြင်း၊ ဟောပြောခြင်းနှင့် သမ္မာကျမ်းစာလေ့လာခြင်းများအတွက် အရင်းအမြစ်များ
- သင်းအုပ်ဆရာအတွက် လေ့ကျင့်ရန် လမ်းညွှန်ချက်များ
- မိဘများအတွက် သားသမီးများကို လေ့ကျင့်သင်ကြားပေးရန် လမ်းညွှန်ချက်များ
- သမ္မာကျမ်းစာ၏ အနှစ်ချုပ်

## အခြေခံသင်တန်း လက်စွဲစာအုပ် (၃) ခု

**စာအုပ် (၁)**

### ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ

*(ဘုရားသခင်နှင့် သမ္မာကျမ်းစာကို သိရှိရန်အတွက် လေ့ကျင့်ခန်း)*

- သမိုင်း၌ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းကို ဖော်ပြခြင်း
- ဘုရားသခင်၏ ကယ်တင်ခြင်း
- ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ
- ဘုရားသခင်၏ ကတိတော်များ

**စာအုပ် (၂)**

### ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ

*(ခေါင်းဆောင်မှု လမ်းညွှန်စာအုပ်)*

- ပထမ ခြေလှမ်းအဆင့်များ
- ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ

စာအုပ် (၃)

## ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ

*(မိသားစုနှင့် အသင်းတော်အတွက် စံနမူနာ)*

- မိသားစု၏ အခြေခံသိကောင်းစရာများ
- ဝိညာဉ် မိသားစု (အသင်းတော်) ၏ အခြေခံသိကောင်းစရာများ
- ဝိညာဉ် မိဘဖြစ်ခြင်းအတွက် လက်တွေ့ ခြေလှမ်းများ
- ရင့်ကျင့်သော ဝိညာဉ်ခေါင်းဆောင်တစ်ဦးဖြစ်ရန် လက်တွေ့ခြေလှမ်းများ
- အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ

# ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ

## နိဒါန်း

ဘုရားသခင်သည် မိမိနှင့် လူတို့အကြား အချင်းချင်းချစ်ခြင်းမေတ္တာနှင့် အပြန်အလှန် ဆက်ဆံရေးကို ဝမ်းမြောက်စွာ တည်ဆောက်နိုင်ရန် ဖန်ဆင်းပေးခဲ့သည်။ သို့သော် ၎င်းသည် သဘာဝအတိုင်း သူ့အလိုအလျောက် ဖြစ်မလာနိုင်သောကြောင့် ဘုရားသခင်၏ ကူညီမစခြင်း လိုအပ်သလို၊ လူအချင်းချင်းကိုလည်း ကူညီပေးရန် ဘုရားသခင်အလိုတော်ရှိသည်။

ထို့ကြောင့် ဘုရားသခင်သည် မိသားစုနှင့် အသင်းတော်တို့ကို ဖန်ဆင်းပေးခဲ့သည်။ ဤဆက်ဆံရေးသည် ဘုရားသခင်နှင့်လူတို့ အချင်းချင်းအကြား ကြီးထွားရင့်ကျက်မှုကို ကူညီပေးရန် ရည်ရွယ်ဖန်ဆင်းထားခြင်းဖြစ်သည်။

ဘုရားသခင်သည် မိမိနှင့် လူအပေါင်းတို့အကြား ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးများကိုတည်ဆောက်ရန်အတွက် ဖန်ဆင်းထားသည်။ မိသားစုနှင့် အသင်းတော်တို့သည် ထိုအနီးကပ်ဆက်ဆံရေးများအတွက် ဘုရားသခင်က ရည်ရွယ်ထားသော ပတ်ဝန်းကျင်များဖြစ်ကြသည်။ ထိုဆက်ဆံရေးများသည် ကျွန်ုပ်တို့၏ ဘဝ၌ ကြီးထွားတိုးတက်ရန်နှင့် ရင်ဆိုင်တွေ့ကြုံရသော တိုက်ပွဲများစွာတွင် လိုအပ်သောထောက်ပံ့မှုအတွက် အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။ လူတိုင်းအတွက် အကောင်းဆုံး စံပြပတ်ဝန်းကျင်သည် ကျန်းမာသန်စွမ်းသောမိသားစုနှင့် ကျန်းမာသန်စွမ်းသော ဝိညာဉ်မိသားစုနှစ်ခုလုံးကို တည်ဆောက်ခြင်းဖြစ်သည်။ လူအများစုသည် ဤနှစ်မျိုးစလုံးတွင် ပါဝင်ရန် အခွင့်အရေး မရရှိနိုင်သော်လည်း ဘုရားသခင်သည်နည်းလမ်းမျိုးစုံဖြင့် သူတို့၏လိုအပ်ချက်များကို ဖြည့်စီးပေးနိုင်ကြောင်းကို ယုံကြည်လျှက် ရှိကြသည်။

ဤလက်စွဲစာအုပ် "**စာအုပ် (၃) - ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ**" တွင် ဘုရားသခင်၏အကြံအစည်တော်ကို ရှင်းပြထားသည်။ မိသားစုကို အသုံးပြု၍ ဘုရားသခင်နှင့် လူတို့အချင်းချင်းအကြား ချစ်ခြင်းမေတ္တာ၌ ကြီးထွားစေရန်နှင့် အသင်းတော် (ဝိညာဉ်မိသားစု) ကို အသုံးပြု၍လည်း ဘုရားသခင်နှင့် လူတို့အချင်းချင်းအကြား ချစ်ခြင်းမေတ္တာ၌ ကြီးထွားစေရန်သည် ဘုရားသခင်၏အကြံအစည်တော်ဖြစ်ပါသည်။ ဤလက်စွဲစာအုပ်၏ ခေါင်းစဥ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

# ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ

မိသားစု၏ အခြေခံသိကောင်းစရာများ

- မိသားစု၏ ပုံစံနှင့် ရည်ရွယ်ချက်
- မိသားစု၏ လုပ်ငန်းတာဝန်

ဝိညာဉ်မိသားစု (အသင်းတော်) ၏ အခြေခံ သိကောင်းစရာများ

- အသင်းတော်၏ ပုံစံနှင့် ရည်ရွယ်ချက်
- အသင်းတော်၏ လုပ်ငန်းတာဝန်

## မိသားစု၏ အခြေခံသိကောင်းစရာများ

ဘုရားသခင်သည် ခိုင်မာသော ချစ်ခြင်းမေတ္တာနှင့်တည်ဆောက်ထားသော ဆက်ဆံရေးများ အတွက် လူသားကို ဖန်ဆင်းခဲ့ပြီး၊ ဘဝတစ်ခုလုံး၏ အစိတ်အပိုင်းအားလုံးအတွက် ခိုင်မာသော အခြေခံ အုတ်မြစ် ဖြစ်စေရန် မိသားစုကိုလည်း ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သည်။ ဤအကြံအစည်ကို ဘုရားသခင်သည် ပထမဦးဆုံး လူသားအာဒံနှင့် ဧဝကို ပေးခဲ့ပါသည်။ (ကမ္ဘာ ၂:၁၈-၂၅)။ မိသားစုသည် လူတို့အချင်းချင်းအပြန်အလှန်ကူညီပေးရန် အတွက် ဘုရားသခင်ရည်ရွယ်ချက်၏ ပထမဆုံးအစိတ်အပိုင်းလည်းဖြစ်သည်။

ဘုရားသခင်၏ စိတ်တော်၌ မိသားစု၏ အရေးပါပုံကို ကမ္ဘာဦးကျမ်း ၁၈:၁၈-၁၉ တွင် အာဗြဟံအားမိန့်တော်မူသည်ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ ဘုရားသခင်က အာဗြဟံအား *သင်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည်* ဟုကတိပြုခဲ့သည်။ ထို့နောက် သင်သည် သားသမီးနှင့် မိသားစုကို ဘုရားသခင် လမ်းပြသည့်အတိုင်း ဦးဆောင်နိုင်ပါစေဟု မိန့်တော်မူခဲ့ သည်။ “အာဗြဟံသည် ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံသော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့ သည် သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။” (ကမ္ဘာ ၁၈:၁၈-၁၉)။ အချုပ်အားဖြင့်ဆိုလျှင် ဘုရားသခင်က “သင့်မိသားစုကို ဘုရားသခင်နှင့် လျှောက်လှမ်းနိုင်အောင် အာရုံစိုက်ကူညီပေးပါ၊ သင်သည် ကမ္ဘာကြီးအား ဩဇာကြီးမားသော လွှမ်းမိုးမှုရှိလာလိမ့်မည်” ဟုမိန့်တော်မူခဲ့သည်။

ထို့နောက် ဘုရားသခင်သည် မိမိသားတော် ယေရှုခရစ်တော်ကြွလာဖို့အတွက် ကမ္ဘာကြီးကို ပြင်ဆင်ပေးမည့်အကြောင်း စိတ်ဝင်စားဖွယ်ဖော်ပြထားပါသည်။ “ကြည့်ရှုလော့။ ထာဝရဘုရား၏ ကြောက်မက်ဘွယ်သော နေ့ရက်ကြီး မရောက်မှီ၊ ပရောဖက်လေယကို သင်တို့ရှိရာသို့ ငါစေလွှတ် မည်။ ငါသည် လာ၍သင်တို့၏ပြည်ကို ကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက်သည် သားတို့နှင့် အဘတို့ကိုငှင်း၊ အဘတို့နှင့်သားတို့ကိုငှင်း အသင့် အတင့်ဖြစ်စေမည်ဟု မိန့်တော်မူ၏။” (မလာခိ ၄:၅-၆)။ ဗတ္တိဇံဆရာ ယောဟန်သည် ယေရှုခရစ်တော်ကြွလာဖို့အတွက် လူတို့ကို ပြင်ဆင်ပေးမည့်အကြောင်း ကို ကောင်းကင်တမန်ကလည်း အလားတူဖော်ပြသည်ကိုတွေ့ရသည်။ “အ ဘတို့နှင့် သားတို့ကို အသင့်အတင့်ဖြစ်စေခြင်းငှါ၎င်း၊ ငြင်းဆန်သောသူတို့ကို သူတော်ကောင်းတို့၏ သတိပညာလမ်းသို့ ပြောင်းလဲစေသောအားဖြင့်၊ ထာဝရဘုရားအဘို့အလိုငှါ ပြင်ဆင်သောလူမျိုး ဖြစ်စေခြင်းငှါ၎င်း၊ သူသည် ဧလိယ၏ စိတ်ဝိညာဉ်တန်ခိုးနှင့် ပြည့်စုံလျက်၊ ဘုရားသခင်ရှေ့တော်သို့ သွားလိမ့်မည်ဟု ကောင်းကင်တမန်ပြောဆို၏။” (လုကာ ၁:၁၇)။

လူတို့သည် ဘုရားသခင်ကို သိရှိရန်နှင့် ကမ္ဘာကြီးကို လွှမ်းမိုးရန်အတွက် မိသားစုသည် အခြေခံအုတ်မြစ်အဖြစ် ဘုရားသခင်၏အကြံအစည်တော်ဖြစ်သည်မှာမေးစရာမလိုသော အဖြေပင်ဖြစ်ပါသည်။

မိသားစုများအတွက် ဘုရားသခင်၏ အကြံအစည်တော်သည် အဘယ်နည်း။ ဘုရားသခင်၏ အခြေခံလမ်းညွှန်ချက်များဖြစ်သည့် ရှု့ဒေါင့်နှစ်ခုကို အောက်တွင်ဖော်ပြထားပါသည်။

- မိသားစု၏ ပုံစံနှင့် ရည်ရွယ်ချက်
- မိသားစု၏ လုပ်ငန်းတာဝန်

ဤရှု့ဒေါင့်နှစ်ခုအတွက် ကျမ်းချက်များကိုလည်း အောက်ပါ စာမျက်နှာတွင် အသေးစိတ်ပေးထားပါသည်။

## မိသားစု၏ ပုံစံနှင့် ရည်ရွယ်ချက်

**ချစ်ခြင်းမေတ္တာ ပုံစံ** (ကမ္ဘာ ၁:၂၆-၂၇)

ဘုရားသခင်သည် တိရစ္ဆာန်အမျိုးမျိုးတို့ကို ဖန်ဆင်းပြီးနောက် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းခဲ့သည်။ "တဖန်ဘုရားသခင်က **ငါတို့** ပုံသဏ္ဍာန်နှင့် အညီ တသဏ္ဍာန်တည်း လူကိုဖန်ဆင်း**ကြစို့**။ သူသည် ပင်လယ်ငါးတို့ကိုငင်၊ မိုဃ်းကောင်းကင်ငှက်တို့ကိုငင်၊ သားယဉ်တို့ကိုငင်၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငင်၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။" (ကမ္ဘာ ၁:၂၆)။ ဤအချက်များသည် သမ္မာကျမ်းစာ၌ ဖော်ပြသည့်အတိုင်း ဘုရားသခင်သည် တစ်ဆူတည်းသော ဘုရားဖြစ်သော်လည်း ဘုရားဖြစ်ခြင်းတွင် ပုဂ္ဂိုလ်သုံးပါးအဖြစ်ဖော်ပြထားသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ပုဂ္ဂိုလ်သုံးပါးအဖြစ်ဖော်ပြထားသည်။ ဤသုံးပါးတွင် ခိုင်မာသောချစ်ခြင်းမေတ္တာဆက်နွယ်မှုအမြဲရှိသည်။ ၎င်းဥပမာကောင်းကို ယောဟန် ၅း၁၉-၃၀ တွင် တွေ့နိုင်ပါသည်။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်ခြင်းဟု ဆိုရာတွင် သူချစ်သည့်အတိုင်း ချစ်နိုင်အောင် ဖန်ဆင်းခံရခြင်းစွမ်းရည်ကိုခေါ်ပါသည်။

- " ဘုရားသခင်သည် ငါတို့ကိုရှေ့ဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏။" (၁ ယော ၄:၁၉)။
- ဘုရားသခင်က ချစ်ခြင်းမေတ္တာသည် ဘဝတွင်အရေးအကြီးဆုံးသောဂုဏ်အင်္ဂါလက္ခဏာဖြစ်ကြောင်းမိန့်တော်မူခဲ့သည်။ (မဿဲ ၂၂:၃၇-၃၉၊ ၁ ကော ၁၃:၁-၁၃)။
- ယောကျ်ားနှင့် မိန်းမတို့ တစ်လုံးတစ်ဝတည်း ပေါင်းစည်းခြင်းသည် သူတို့ဘဝတစ်ခုလုံးအတွက် ချစ်ခြင်းမေတ္တာကို ကျင့်သုံးရန် ဘုရားသခင်ဖန်ဆင်းထားသော အဓိက ဦးစားပေးဆက်ဆံရေး တစ်ခုဖြစ်သည်။ (ကမ္ဘာ ၂:၁၈-၂၄)
- ဇနီးမောင်နှံ အကြား ချစ်ခြင်းမေတ္တာသည် သူတို့နှစ်ဦး၏ အကျိုးအတွက်သာမက မိမိလူတို့ အတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဖော်ပြပေးသော ပုံရိပ်တစ်ခုလည်းဖြစ်သည်။ (ဧဖက် ၅:၂၁-၃၃)

ဤပုံသဏ္ဍာန် (ချစ်ခြင်းမေတ္တာ) အမြင်ကို သမ္မာကျမ်းစာက အလေးထားဖော်ပြထားပါသည်။ ဘုရားသခင်နှင့် အချင်းချင်းဆက်နွယ်မှုသည် ချစ်ခြင်းမေတ္တာကို နည်းလမ်းနှစ်မျိုးဖြင့် ဖော်ပြနိုင်ပြီး ယောကျ်ားနှင့် မိန်းမတို့အကြား ချစ်ခြင်းမေတ္တာကိုဖော်ပြရန်အတွက် ဘုရားသခင်ရည်ရွယ်ထားသောဆက်ဆံရေးတစ်ခုလည်းဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မိသားစု၌ နည်းလမ်းမျိုးစုံနှင့် ဖော်ပြထားပြီး၊ သမ္မာကျမ်းစာထဲ၌လည်းများစွာတွေ့နိုင်ပါသည်။

## အိမ်ထောင်ရေး

ကမ္ဘာ ၂:၁၅-၂၅ တွင် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော ဖန်ဆင်းရှင် ဘုရားသခင်သည် အ စအဦး၌ လူတို့အတွက် သူ၏အကြံအစည်တော်ကို ရှင်းပြခဲ့သည်။ အောက်ပါအချက်များကို လုပ်ဆောင်ပေးခဲ့သည်။

- လူယောကျ်ားနှင့် လူမိန်းမကို ရင်းနှီးသော ဆက်ဆံရေးအတွက် ဖန်ဆင်းခဲ့သည်။
- စိတ်ခံစားမှုနှင့် ရုပ်ပိုင်းဆိုင်ရာ အချင်းချင်းဆက်ဆံရေးအတွက် ဘုရားသခင်ဖန်ဆင်းခဲ့သည်။ လူတို့သည် တစ်ဦးတည်း အထီးကျန်ဆန်စွာ အသက်ရှင်ဖို့ မဟုတ်ပေ။
- လူယောကျ်ားနှင့် လူမိန်းမတို့သည် ရင်းနှီးကျွမ်းဝင်စွာ အတူလုပ်ဆောင်ရန်အတွက် ဖန်ဆင်း ခဲ့သည်။

ယေရှုသည် ဤတူညီသော မဿဲခရစ်ဝင်ကျမ်း ၁၉:၄-၆ ကို ကိုးကားခဲ့သည်။ ဘုရားသခင်၏ အကြံအ စည်ဖြစ်သော လိင်ဆက်ဆံခြင်းအကြောင်းအဓိပ္ပါယ်ရှင်းပြထားသည့် ၁ ကော ၆:၁၆ နှင့် ဧဖက် ၅:၃၁ နှင့်ဆက်စပ်သော ကမ္ဘာ ၂:၂၄ ကို ရှင်ပေါလုကလည်း ကိုးကားခဲ့သည်။ မိသားစုအတွက် ဘုရားသခင် ၏ အကြံအစည်တော်ကို ဖော်ပြသော အောက်ပါကျမ်းချက်များကို သင်ယူနိုင်ပါသည်။

၁။ ဘုရားသခင်သည် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ရင်းနှီးဆက်ဆံရေးအတွက် လူကို ဖန်ဆင်း ခဲ့သည်။
၂။ ယောကျ်ားနှင့် မိန်းမသည် ကာမဆက်ဆံသည့်အခါ တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။
၃။ ယောကျ်ားနှင့် မိန်းမသည် ကာမဆက်ဆံသည့်အခါ တစ်သားတစ်ကိုယ်တည်းအဖြစ်ချစ် ခြင်းမေတ္တာနဲ့ ဆက်လက်နေထိုင်ရန်ဖြစ်သည်။
၄။ သားသမီးတို့သည် ထိုပေါင်းစပ်မှု၏ ရလဒ်တစ်ခုဖြစ်သည်။

အခြားသောကျမ်းချက်များ-

- ဘဝတစ်ခုလုံး ဆက်ကပ်နှံမှုမရှိသော ကာမဆက်ဆံခြင်းသည် ဘုရားသခင်၏ အကြံအစည်တော်ကို ချိုးဖောက်ရာရောက်သည်။ ၄င်းတွင် ပါဝင်ပတ်သက်သော အစိုးရ (သို့) အခြားသော မည်သည့်လူ့အဖွဲ့အစည်းမဆိုအကျုံးဝင်သည်။ (မဿဲ ၁၉း၈-၉)။
- လူယောကျ်ားနှင့် လူမိန်းမနှစ်ဦးကို တစ်သားတစ်ကိုယ်တည်းအဖြစ်ဖန်ဆင်းခြင်းသည် ဘုရားသခင်၏ အကြံအစည်တော်ဖြစ်သည်။ လူတိုင်း တစ်သားတစ်ကိုယ်တည်းဖြစ်ရန် မဟုတ်ဘဲ ယောကျ်ားနှင့် မိန်းမသာလျှင် တစ်သားတစ်ကိုယ်တည်းဖြစ်ရန် ပြောထားပါသည်။ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုပြည့်စုံစေဖို့ထက် လောက၌ အတ္တဆန်စွာ ယိမ်းယိုင် လျှက်အသက်ရှင်ကြသည်။ မောရှေ၊ ယေရှုနှင့် ရှင်ပေါလုတို့သည် လိင်နှင့် ပတ်သက်ပြီး တူညီ သောအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ပေးထားကြ

သည်။ ၄င်းစံနှုန်းသည်အားလုံး၏ကောင်း ကျိုးအတွက်ဖြစ်သည်။ မိမိတို့သည် ဘုရားသခင်၏ရည်ရွယ်ချက် စံနှုန်းအတိုင်း အသက်ရှင် မည်လော၊ ၄င်းကို ဆင်ခြေပေးပြီး ဆန့်ကျင်အသက်ရှင်မည်လော။

**နိဂုံး**

- ကာမဆက်ဆံခြင်းသည် ဘဝတစ်သက်စာအတွက် ဆက်ကပ်အပ်နှံမှုတစ်ခုတည်းသာဖြစ်သင့် သည်။
- ကာမဆက်ဆံခြင်းသည် အမျိုးသားနှင့် အမျိုးသမီးအကြားတွင်သာ လုပ်ဆောင်သင့်သည်။
- သားသမီးတို့သည် ယောကျ်ားနှင့် မိန်းမ ပေါင်းစပ်မှုအတွက် ဘုရားသခင်၏ အကြံအစည်ဖြစ် သည်။

## အိမ်ထောင်ရေးသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ဖော်ပြသော ပုံရိပ်ဖြစ်သည်

ယောကျ်ားနှင့် မိန်းမတို့ ပေါင်းစည်းမှုအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်သည် ဘဝတွင် အကြီးမားဆုံးသောဝမ်းမြောက်ခြင်း အတွေ့အကြုံများထဲမှ တစ်ခုဖြစ်သည်။ ဘုရားသခင်သည် မိမိနှင့်လည်းကောင်း လူအများတို့နှင့်လည်းကောင်း ချစ်ခြင်းမေတ္တာဖြင့် ပေါင်းသင်းဆက်ဆံရန် ကျွန်ုပ်တို့ကို ဖန်ဆင်းထားသည်။ ဘုရားသခင်သည် အိမ်ထောင်ရေးကို အရင်းနှီးဆုံးသော ဆက်ဆံရေးအဖြစ်ရည်ရွယ်ထားပြီး ထိုကဲ့သို့သော ရင်းနှီးမှုကို ဘုရားသခင်သည် လူတစ်ဦးချင်းစီနှင့်လည်း လိုချင်သည့် အ ကြောင်းကို ဆိုထားသည်။ (ဖေက် ၅:၂၅-၃၂)။ ဘုရားသခင်က မိမိလူတို့ (အသင်းတော်) သည် အစဥ်အမြဲသတိုးသမီးဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။ (ဗျာဒိတ် ၁၉:၆-၉)။

## အိမ်ထောင်ရေးအတွက်ဘုရားသခင်၏ရည်ရွယ်ချက်ကိုမှားယွင်းစွာအသုံးပြုခြင်း၏အန္တရာယ်

အိမ်ထောင်ရေးသည် ဘဝတွင် အကြီးမားဆုံးသော ဝမ်းမြောက်ခြင်း အတွေ့အကြုံတစ်ခုဖြစ်သလို ၎င်းကိုမှားယွင်းစွာအသုံးပြုမိပါကလည်း ဘဝတွင်နာကျင်ခြင်းနှင့် ဒုက္ခဆင်းရဲခြင်းကိုယူဆောင် လာမည့်အရာလည်းဖြစ်သည်။

- သမိုင်းထဲတွင် ခွန်အားအကြီးဆုံးလူတစ်ဦးသည် မိန်းမတစ်ဦးနှင့် မှားယွင်းသောဆက်ဆံမှုကြောင့် ပြိုလဲခဲ့သည်။ (တရားသူကြီး ၁၄-၁၆)
- သမိုင်းတွင် ပညာအရှိဆုံးလူတစ်ဦးသည်လည်းမိန်းမများနှင့် မှားယွင်းသော ဆက်ဆံမှုကြောင့် ဘဝပျက်စီးခဲ့သည်။ (၃ ရာ ၁၀:၂၃-၂၄၊ ၁၁:၄-၆)
- ဘုရားသခင်၏ စိတ်တော်ကို သိသောသူအဖြစ် ချီးကျူးခံရသူ ဒါဒိဒ်သည်လည်း မိန်းမတစ်ဦးကြောင့် ပြိုလဲခဲ့သည်။ (၂ ရာ ၁၁:၁ – ၁၂:၁၂)

ယနေ့အထိ သမိုင်းတလျှောက် ယောကျ်ားမိန်းမတို့သည် ဘုရားသခင်၏အိမ်ထောင်ရေး ရည်ရွယ်ချက်ကို မှားယွင်းစွာ အသုံးပြုခြင်းကြောင့် ဘဝတွင်နာကျင်မှုများစွာ ကြုံတွေ့ကြရသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်က သမ္မာကျမ်း၌ ဘုရားသခင် သတိပေးခဲ့သည်။ “လူသည်အဝတ်မလောင်ဘဲ မီးကို ပိုက်ဘက်နိုင်သလော။

ခြေမလောင်ဘဲမီးခဲပေါ်မှာ နင်းနိုင်သလော။ သူ့မယားထံသို့ ဝင်သောသူသည် ထိုနည်းတူဖြစ်၏။ သူ့မယားကို ပြစ်မှားသော သူမည်သည်ကား၊ အပြစ်နှင့် မကင်းမလွတ်နိုင်ရာ။" (သုတ္တံ ၆:၂၇-၂၉)။ ယနေ့တွင်လည်း ဤသတိပေးချက်သည် မှန်ကန်ပြီး၊ အရေးကြီးသည်။

ကာမဆက်ဆံမှုသည် ဆွဲဆောင်မှုရှိပြီး အလွန်ပျော်စရာဖြစ်သော်လည်း ၎င်းသည် မီးကဲ့သို့ဖြစ်သည်။ မီးသည် အိမ်ထဲတွင် ဖယောင်းတိုင်ထွန်းကာ အလင်းပေးခြင်း၊ မီးဖိုတွင် ဟင်းချက်ခြင်း၊ အေးစက်သည့်အခါ အနွေးဓာတ်ပေးခြင်းစသည်များအတွက် ပျော်ရွှင်စရာဖြစ်စေသော်လည်း ၎င်းသည် အတားအဆီးမဲ့စွာသွားချင်ရာ ပစ်လိုက်မည်ဆိုလျှင် ပျက်စီးမှုကို ကြုံရမည်ဖြစ်သည်။ ထို့အတူကာမ ဆက်ဆံမှုကို ဘဝတစ်ခုလုံးအတွက် ဆက်ကပ်အပ်နှံကတိပြုထားသော လင်နှင့်မယား အိမ်ထောင်အတွင်း၌သာ လုပ်ဆောင်ရန် ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်ပါသည်။ ဤရည်ရွယ်ချက်ပြင်ပတွင် လွတ်လပ်ခွင့်ပေးမိလျှင် အဆုံး၌ နာကျင်မှုနှင့် ဝမ်းနည်းကြေကွဲမှုများကြုံ ရမည်ဖြစ်သည်။

## အိမ်ထောင်အားဖြင့် ချစ်ခြင်းမေတ္တာကို ဖော်ပြခြင်း

အိမ်ထောင်ရေးသည် ချစ်ခြင်းမေတ္တာအတွက် အရေးကြီးဆုံးသော ဆက်ဆံရေးတစ်ခုဖြစ်သည်။ ထို့ကြောင့် အောက်ပါရည်ရွယ်ချက်များဖြင့် ချစ်ခြင်းမေတ္တာကိုဖော်ပြရမည်။

### ၁။ ပူးပေါင်းလုပ်ဆောင်ခြင်း (ကမ္ဘာ ၂:၁၈-၂၄)

- စိတ်ပိုင်းဆိုင်ရာ ပူးပေါင်းလုပ်ဆောင်ခြင်း (တစ်ယောက်တည်းမနေသင့်ပါ) – ကမ္ဘာ ၂:၁၈
- လုပ်ငန်း၌ ပူးပေါင်းလုပ်ဆောင်ခြင်း (မယားသည်ယောကျ်ားအတွက်အထောက်အမဖြစ်သည်)
- ရုပ်ပိုင်းဆိုင်ရာ ပူးပေါင်းလုပ်ဆောင်ခြင်း (တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်း)

### ၂။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ပုံဥပမာကို လိုက်နာခြင်း

သမ္မာကျမ်းတစ်လျှောက် ဆက်ဆံရေးအားလုံးအတွက် ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ လူတို့အပေါ် ချစ်ခြင်းမေတ္တာ၏ စံနမူနာ ဖြစ်သင့်ကြောင်းဘုရားသခင်မိန့်တော်မူခဲ့သည်။ ထို့ကြောင့် မိမိလူတို့အပေါ် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ခင်ပွန်းသည်က ဇနီးသည်အား ချစ်ရမည့်ချစ်ခြင်း မေတ္တာမျိုးနှင့် မကြာခဏ နှိုင်းယှဥ်ရခြင်းဖြစ်ပါသည်။

- "သင့်ကို ဖန်ဆင်းသောသူသည် သင်၏လင်ဖြစ်တော်မူ၏" ဟု ဟေရှာယ ၅၄:၅ တွင် ဘုရားသခင် ကဣသရေလူတို့အားမိန့်တော်မူခဲ့သည်။
- ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ ယောကျ်ားတို့လည်း ဇနီးသည်ကို ချစ်ကြဖို့ ပြောထားသည်။ (ဖေက် ၅:၂၅-၃၀)
- ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ဖောက်ပြန်ခြင်းနှင့်အစဥ်ကင်းလွတ်သကဲ့သို့ အိမ်ထောင်ရေးသည်လည်းအလားတူဖြစ်ရမည်။ "ထိုအကြောင်းကြောင့်ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်။" (ဖေက် ၅:၃၁ နှင့် မဿဲ ၁၉:

၁-၉)။ ဘုရားသခင်သည် ဟောရှေအား "သင်သွား၍ ပြည်တန်ဆာမိန်းမနှင့်တကွ သူ့ဘွားမြင်သောသား သမီးတို့ကို သိမ်းပိုက်လော့။ အကြောင်းမူကား၊ ပြည် သားတို့သည် ထာဝရဘုရားကုစွန့်ပစ်၍ အထပ်ထပ် မှားယွင်းကြပြီဟု ဟောရှေအားမှာ ထားတော်မူသည်အတိုင်း၊..." ဟုမိန့်တော်မူခဲ့သည်။ ၄င်းသည် ဣသ ရေလလူတို့အပေါ် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ပုံဖော်ပေးသည်ကို တွေ့ရပါသည်။ (ဟောရှေ ၁:၂-၃)။ ဣသရေ လလူတို့သည် ဘုရားသခင်အပေါ် သစ္စာမဲ့ကြသော်လည်း ဘုရားသခင်သည် ဣသရေလလူတို့ ကို အမြဲသစ္စာနဲ့ ချစ်နေဆဲဖြစ်သည်။

- ဘုရားသခင်သည် မိမိလူတို့နှင့် ဆက်ဆံရေးကို သိုးသငယ်၏ မင်္ဂလာဆောင်ပွဲနှင့် နှိုင်းယှဉ် ဖော်ပြထား သည်။ (ဗျာဒိတ် ၁၉:၇-၉)

## ၃။ **စည်းလုံးခြင်း**

ဘုရားသခင်သည် စည်းလုံးခြင်းကို ကောင်းချီးပေးလျှက်ရှိသည်။ (ဆာလံ ၃၃၊ ယောဟန် ၁၇:၂၀-၂၃)။ "တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်း" ဟု ဆိုရာတွင် လင်မယားတစ်ဦးနှင့်တစ်ဦး ဦးစား ပေးဆက်ဆံကြရမည်ဖြစ် သည်။ မိမိလူတို့သည် တလုံးတဝတည်းဖြစ်သည်ကို လောကီသားတို့သည် ယုံမည်အကြောင်း ယေရှုဆုတောင်းခဲ့ သည်။ "...ထိုသူအပေါင်းတို့သည် တလုံးတဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အ ကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌တလုံးတဝတည်းဖြစ်စေခြင်းငှါ" ဟု တ ပည့်တော်တို့နှင့် နောက်ဆုံး ဆုတောင်းချက်၌ နှစ်ကြိမ်ဖော်ပြထားသည်ကိုတွေ့ရသည်။ (ယောဟန် ၁၇:၂၀-၂၃)။ ထိုသို့ စည်းလုံးခြင်းကို ကျင့်သုံးသော အိမ်ထောင်ထက် အရေးကြီးသောဆက်ဆံရေးဟူ၍ မရှိနိုင်ပါ။

## အိမ်ထောင်ရေး မစဉ်းစားမီ လိုက်နာရမည့် အကြံဥာဏ်များ

အိမ်ထောင်သည် ဘုရားသခင်၏ အကြံအစည်ဖြစ်သောကြောင့် ယောကျ်ားနှင့် မိန်းမနှစ်ဦးစလုံး၏ဘဝ၌ ဘုရားသခင်သည် ဦးဆောင်သူ (အရှင်သခင်) ဖြစ်နေဖို့ အမြဲလိုအပ်ပါသည်။ သူတို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအောက်၌ လုံခြုံငြိမ်ဝပ်နေပါက ဘုရားသခင်ကို အရာရာ၌ သခင်အဖြစ်လက်ခံလာကြမည်ဖြစ်သည်။ အိမ်ထောင်ရေး၌ တစ်ဦးနှင့် တစ်ဦးအပေါ် စွန့်လွှတ်အနစ်နာခံသော ချစ်ခြင်းမေတ္တာကို ကျင့်သုံးဖို့ အလွန်အရေးကြီးပါသည်။ သို့သော် သူတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ယုံကြည်မှုမရှိလျှင်၎င်းကိုလုပ်ဆောင် နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် အိမ်ထောင်ရေးအတွက် စဉ်းစားသူတစ်ဦးသည် အရင်ဦးဆုံး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ ယုံကြည်ချက်အပြည့်ဝရှိပြီး၊ ဘဝတစ်ခုလုံးအတွက် ယေရှုခရစ်တော်ကို ဦးခေါင်းအဖြစ် လက်ခံသောသူဖြစ်ရမည်။ ထို့နောက် ထိုသူသည် ယေရှုခရစ်တော်ကို မိမိ၏ အရှင်သခင်အဖြစ် အသက်ရှင်ရန် သစ္စာကတိပြုထားသောသူဖြစ်ရမည်။ တစ်ဦးအပေါ် စိတ်ဝင်စားသူနှင့် မေးမြန်းဆွေးနွေးပြီးသူလည်း ယင်းကတိကိုပြုထားပြီး သူ့ဘဝတွင် ဦးဆောင်သည်ကို သိရှိရမည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကို ကောင်းစွာသိထားသည့် အခြားသူများကလည်း ယင်းအမှန်တရားကို သက်သေပြနိုင်ရမည်ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးသည် ယေရှုခရစ်တော် ၏အုပ်စိုးခြင်းကို မဝန်ခံမချင်း အိမ်ထောင်ပြုဖို့ မဖြစ်နိုင်ပါ။

## အိမ်ထောင် မိသားစု၌ ဘုရားသခင် သတ်မှတ်ထားသော တာဝန်များ (ဧဖက် ၅:၂၁ - ၆:၄)

- **မိသားစုဝင်တိုင်း**သည် တစ်ဦးကိုတစ်ဦး ဝန်ခံတတ်ရမည်။ (၅:၂၁)
- **မိန်းမ**တို့သည် ယေရှုခရစ်ကို ယုံကြည်သည့်အတိုင်း မိမိခင်ပွန်း၏ အုပ်စိုးခြင်းကိုလည်း ဝန်ခံရမည်။ (၅:၂၂-၂၄)
- ယေရှုခရစ်သည် အသင်းတော်အတွက် အသက်ပေးသကဲ့သို့ **ခင်ပွန်း**သည် မိန်းမကိုအသက်နဲ့ ရင်းပြီးချစ်ရမည်။ (၅:၂၅-၃၃)
- **သားသမီး**တို့သည် မိဘစကားကို နာခံရမည်။ (၆:၁)
- **သားသမီး**တို့သည် ဘဝတစ်လျှောက်လုံး မိဘတို့ကို ရိုသေလေးစားရမည်။ (၆:၂-၃)
- **ဖခင်**သည် သားသမီးများကို ဆုံးမသွန်သင်ပေးရန် တာဝန်ရှိသည်။ (၆:၄)

## ခင်ပွန်းသည်တို့သည် တာဝန်ရှိသော ခေါင်းဆောင်များဖြစ်ကြသည်

- ခင်ပွန်းသည် မိန်းမ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်တာဝန်ရှိသည်။ (ဧဖက် ၅:၂၅-၃၁)
- ခင်ပွန်း (ဖခင်) သည် သားသမီးတို့ကို ဆုံးမသွန်သင်ရန်တာဝန်ရှိသည်။ (ဧဖက် ၆:၄)
- ဖခင်သည် မိသားစုကို စီမံခန့်ခွဲရန် (မိသားစုနှင့် သားသမီးတို့၏ လုပ်ဆောင်မှုကို စောင့်ရှောက်ရန်အပါအဝင်) တာဝန်ရှိသည်။ (၁ တိ ၃:၁-၅)

- ခင်ပွန်းသည် မိန်းမကို နားလည်ပေးခြင်း၊ ရိုသေလေးစားခြင်းဖြင့် မိမိနဲ့တန်းတူ ဆက်ဆံပေးရမည်၊ မခန့်မညား မလေးမစား မပြုလုပ်ရ။ (၁ ပေ ၃:၇)
- ခင်ပွန်းသည်၏ အိမ်ထောင်ရေးသည် အခြားသူများကို အစေခံဖို့ ဘုရားသခင်အသုံးပြုရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ယောကျ်ား၏ တာဝန်သည် မိန်းမနှင့်မိသားစုကိုအထူး ဦးစားပေးရမည်ဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားသည်။ ခရစ်တော်သည် အသင်းတော်ကိုချစ်သည့် နည်းလမ်းကို သင်ယူလေလေ၊ အခြားသူတို့ကို ချစ်ရာ၌၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အခါ၌ပို၍ ထိရောက်လာမည်ဖြစ်သည်။ အိမ်ထောင်၌ ၄င်းအရာများပျက်ကွက်လာပါက သာသနာလုပ်ငန်းထိရောက်မှုလျော့နည်းလာမည်ဖြစ်သည်။
- ခင်ပွန်းသည်နှင့် ဇနီးသည်တို့၏ တလုံးတဝတည်းဖြစ်ခြင်းသည် လောကတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် သမ္မာတရားကို သက်သေပြရန် အဓိကဖြစ်သည်။ (ယောဟန် ၁၇:၂၀-၂၃)
- လင်ယောကျ်ားတို့သည် အစေခံကျွန် နှလုံးသားနှင့် ဦးဆောင်ဖို့လိုအပ်သည်။ (ဖိလိပ္ပိ ၂း၃-၈)။ ဇနီးသည်သည်လည်း မိမိခင်ပွန်းအပေါ် ထိုသို့ လုပ်ဆောင်ရန်ဖြစ်သည်။ (၁ ပေ ၃း ၇)
- ယောကျ်ားအများစုသည် မိမိတို့ ဇနီးသည်များကို အပြစ်တင်တတ်ပြီး စည်းလုံးမှုကို တားဆီး တတ်ကြသော်လည်း၊ လင်ယောကျ်ားတို့သည် အိမ်ထောင်၌ စည်းလုံးမှုရှိရန်အတွက် တာဝန် အရှိဆုံးသောပုဂ္ဂိုလ်များဖြစ်ကြသည်။ "ထိုနည်းတူ၊ ယောကျ်ားတို့၊ ဆုတောင်းခြင်းအမှု၌ အဆီးအတားမရှိစေခြင်းငှါ အသက်ရှင်ခြင်း ကျေးဇူးတော်ကို ဆက်ဆံ၍အမွေခံရသောသူချင်းကဲ့သို့၊ သတိပညာနှင့် လျော်စွာကိုယ်ခင်ပွန်းနှင့်အတူနေ၍၊ အားနည်းသောသူကို ပြုသင့်သည်အတိုင်း သူ့ကိုစောင့်မပြုစုကြလော့။" (၁ ပေ ၃း ၇)။ ခင်ပွန်းသည်တို့သည် မိမိတို့အိမ်ထောင် မိသားစုအားဖြင့် ဘုရားသခင်လုပ်ဆောင်မည့်အမှုများအတွက် တာဝန်ရှိသောပုဂ္ဂိုလ်များ ဖြစ်ကြသည်။

## ဇနီးသည်တို့သည် တန်ဖိုးရှိသော အထောက်အမများဖြစ်ကြသည်

- ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့သည် ဘုရားဖြစ်ပြီးတန်ဖိုးတူညီသော်လည်း လုပ်ဆောင်ချက်တာဝန်များ ကွဲပြားသကဲ့သို့ ခင်ပွန်းသည်နှင့် မိန်းမသည်လည်း တန်ဖိုးတူစွာဖန်းဆင်းထားသော်လည်း လုပ်ဆောင်မှုကွဲပြားသည်ကိုတွေ့ရမည်။ ဘယ်သူမှ ပို၍တန်ဖိုးရှိသည်၊ နိမ့်ကျသည်ဟူ၍ မရှိဘဲ လုပ်ဆောင်မှု အခန်းကဏ္ဍကွဲပြားသည်ကိုသာတွေ့ရမည်။
- ခင်ပွန်းသည် ခေါင်းဆောင်ဖြစ်ပြီး မိန်းမသည် အထောက်အမကောင်းအဖြစ် ဘုရားသခင်ဖန်ဆင်းထားသည်။ (ကမ္ဘာ ၂:၁၈-၂၄)။ အထောက်အမကောင်းဖြစ်ခြင်းသည် ဘုရားသခင်၏ ကြီးမြတ်သောခေါ်ခြင်းဖြစ်ပြီး ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ကိုလည်း ဖော်ပြထင်ဟပ်စေသည်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မစတော်မူသော ဘုရားဖြစ်သည်။ (ဆာ ၅၄း၄၊ ယော ၁၄း ၁၆၊ ၂၆)
- မိန်းမကို အထောက်အမအဖြစ် ဘုရားသခင်ဖန်ဆင်းထားသည်ဟုဆိုရာ၌ စိတ်နှလုံးနှိမ့်ချခြင်းသည် အဓိကသော့ချက်ဖြစ်ပြီး၊ ၄င်းသည် စေတနာနှင့်ကူညီတတ်သော စိတ်ထားဖြင့်ဖော်ပြသောအရာ ဖြစ်သည်။ စစ်မှန်သောဝန်ခံခြင်း၊ ချစ်ခြင်းမေတ္တာသည်စေတနာစိတ်နဲ့ လုပ်ဆောင်ခြင်းဖြစ်သည်၊ အတင်းကျပ် လုပ်၍ မရပါ။ ဘုရားသခင်သည် သူ့ကိုချစ်ဖို့ရန်အတွက် ဘယ်တော့မှ အတင်းကျပ်မလုပ်ဆောင်ပါ၊ ထိုနည်းတူ ယောကျ်ားသည်လည်း မိန်းမကို အရာရာ၌ အတင်းဝန်ခံခိုင်းလို့ မရပါ။ စစ်မှန်သော ဝန်ခံခြင်းသည်

နှလုံးသားမှအစပြုပြီး၊ အလွန်တင့်တယ်လှပသည်။ (၁ ပေ ၃:၃-၆)။ ဘုရားသခင်အား ဝန်ခံခြင်းနှင့် အချင်းချင်းတို့ကို ဝန်ခံခြင်းသည် ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်သည်၊ ၎င်းကို ဇနီးများသည် မိမိတို့ ခင်ပွန်းသည်များ အားစိတ်ပါလျက် ဝန်ခံရန် ဘုရားသခင် အထူးဆုံးမသွန်သင်ထားသည်။ (ဖေက် ၅း၂၁၊ ၅း၂၂-၂၄၊ ၁ ပေ ၃း၁-၆)။ ခင်ပွန်းသည်တို့သည် ခရစ်တော်ချစ်သည့်နည်းတူ ချစ်တတ်သောခေါင်းဆောင်တစ်ဦး၏ တာဝန်ကိုမကျေပွန်သရွေ့ ဤအရာလုပ်ဆောင်ဖို့ ခက်ခဲနေမည်ဖြစ်သည်။ ပြည့်စုံသောလင်ယောကျ်ားဟူ၍ မရှိသောကြောင့် ဇနီးများသည် မိမိတို့ခင်ပွန်းသည်များအား ဝန်ခံရန်သည် အမြဲစိန်ခေါ်မှု ရှိမည်ဖြစ်ပါသည်။ ထိုကြောင့် မိန်းမတို့သည် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ယောကျ်ားထက် ဘုရားသခင်ကို အဓိကအားကိုးတတ်ဖို့ လိုအပ်ပါသည်။ (၁ ပေ ၃း၁-၆)

- ဝန်ခံခြင်းဟုဆိုရာတွင် မိန်းမသည် တိတ်ဆိတ်စွာနေပြီး၊ လုံးဝစကားမပြောရဟု ဆိုလိုခြင်း မဟုတ်ပါ။ မိန်းမသည်ခင်ပွန်းသတိမထားမိသောအရာများကိုနားလည်ရန်ကူညီပေးရမည်။ သူမသည် မိမိ၏ လေ့လာတွေ့ရှိချက်များနှင့် အတွေ့အကြုံများကို ဝေငှခြင်းအားဖြင့် ၎င်းကို လုပ်ဆောင်နိုင်ပါသည်။ ဝန်ခံခြင်းဟုဆိုရာတွင် မိန်းမသည် မိမိအမှားကို ဝန်ခံရန်မဟုတ်ပါ၊ အပြန်အလှန်စကားပြောခြင်းနှင့် ပင်ကိုယ်အရည်အချင်းဖြင့် လင်ယောကျ်ားကို ကူညီပေးခြင်းသည် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်။

စေတနာစိတ်ထားနှင့် မိမိဆန္ဒအတိုင်းလုပ်ဆောင်မှသာ စစ်မှန်သောဝန်ခံခြင်းကို ပြည့်စုံစေမည်ဖြစ်ပါသည်။ စစ်မှန်သောဝန်ခံခြင်း၊ ချစ်ခြင်းမေတ္တာသည် စေတနာစိတ်နဲ့ လုပ်ဆောင်ခြင်းဖြစ်သည်၊ အတင်းကျပ်လုပ်၍မရပါ။ ဘုရားသခင်သည် သူ့ကိုချစ်ဖို့ရန်အတွက် ဘယ်တော့မှ အတင်းကျပ် မလုပ်ဆောင်ပါ၊ ထိုနည်းတူ ယောကျ်ားသည်လည်း မိန်းမကို အရာရာ၌ အတင်းဝန်ခံခိုင်းလို့မရပါ။ စစ်မှန်သောဝန်ခံခြင်းသည် နှလုံးသားမှအစပြုပြီး၊ အလွန်တင့်တယ်လှပသည်။ (၁ ပေ ၃:၃-၆)။

## ချစ်ခြင်းမေတ္တာကို သားသမီးတို့အား ဖော်ပြခြင်း

- သားသမီးတို့သည် ဘုရားသခင်၏ ချစ်ခြင်းအတွက် ရည်ရွယ်ဖန်ဆင်းခြင်းဖြစ်သည်။ (ကမ္ဘာ ၁:၂၆-၂၈)။ လူတို့သည် သားသမီးများကို မွေးဖွားရန်ဖြစ်သည်။ သားသမီးတို့နှင့် ပတ်သက်သော အောက်ပါရည်ရွယ်ချက်များကို ပြည့်စုံလာပါက ချစ်ခြင်းမေတ္တာကို ဖော်ပြလာကြမည်ဖြစ်သည်။

## ၁။ ဖခင်များသည် သားသမီးတို့အပေါ် ဝမ်းမြောက်ဖို့ဖြစ်သည် (မာလခိ ၄:၅-၆)

နိဒါန်း၌ ဖော်ပြခဲ့သည့်အတိုင်း ဘုရားသခင်သည် မိမိသားတော် ယေရှုခရစ်တော် ကြွလာဖို့ လောကကြီးကို ပြင်ဆင်ပေးခြင်းသည် အလွန်စိတ်ဝင်စားစရာဖြစ်ပါသည်။ "ကြည့်ရှုလော့။ ထာဝရဘု ရား၏ ကြောက်မက်ဘွယ်သောနေ့ရက်ကြီး မရောက်မှီ၊ ပရောဖက်လေိယကို သင်တို့ရှိရာသို့ ငါစေလွှတ်မည်။ ငါသည်လာ၍ သင်တို့၏ပြည်ကို ကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထို ပရောဖက်သည် သားတို့နှင့်အဘတို့ကိုင်ငံ၊ အဘတို့နှင့်သားတို့ကို ၎င်းအသင့်အတင့်ဖြစ်စေမည်ဟု မိန့်တော်မူ၏။" (မာလခိ ၄:၅-၆)။

ဖခင်များ မိမိသားသမီးတို့အပေါ် ဝမ်းမြောက်ပေးခြင်းသည် ချစ်ခြင်းမေတ္တာ၏ အရေးကြီး သောရည်ရွယ်ချက် တစ်ခုလည်းဖြစ်သည်။ ၎င်းသည် အလားတူ ယေရှုခရစ်တော် ကြွလာဖို့ လောကကို ပြင်ဆင်သောလူမျိုး

ဖြစ်ရန် ကောင်းကင်တမန်က ဇတ္တိဖ်ဆရာယောဟန်အား ပြောဆိုခဲ့သည်။ "အဘတို့နှင့် သားတို့ကို အသင့်အတင့် ဖြစ်စေခြင်းငှါ၎င်း၊ ငြင်းဆန်သောသူတို့ကို သူတော်ကောင်းတို့၏ သတိပညာလမ်းသို့ ပြောင်းလဲစေသောအားဖြင့်၊ ထာဝရဘုရားအ ဘို့အလိုငှါပြင်ဆင်သောလူမျိုးဖြစ်စေခြင်းငှါ၎င်း၊ သူသည်ဧလိယ၏ စိတ်ဝိညာဉ်တန်ခိုးနှင့်ပြည့် စုံလျက်၊ ဘုရားသခင်ရှေ့တော်သို့ သွားလိမ့်မည်ဟု ကောင်းကင်တမန်ပြောဆို၏။" (လုကာ ၁:၁၇)။ ဖခင်နှင့် သားသမီးတို့၏ ဆက်ဆံရေးသည် အလွန်ပင်အရေးကြီးပါသည်။

## ၂။ လောက၌ လူအားလုံးကို ကူညီပေးရန်အတွက် သားသမီးတို့ကို သင်ကြားပေးမှုသည် ပထမဦးစား ပေး အလုပ်ဖြစ်သည် (ကမ္ဘာ ၁၈:၁၇-၁၉)

အာဗြဟံအားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာဖြစ်စေရန် ဘုရားသခင်၏ အကြံအစည် တော်ရှိခဲ့သည်ကို တွေ့ရမည်။ ၎င်းသည် ရိုးရှင်းသော်လည်း နက်ရှိုင်းသောအရာတစ်ခုဖြစ်သည်။ "ထာဝရဘုရား ကလည်း၊ ငါပြုမည်အမှုကို အာဗြဟံအား မဘော်မပြဘဲ ဝှက်ထားရမည်လော။ အာဗြဟံသည် ကြီးမြတ်၍၊ တန် ခိုးနှင့်ပြည့်စုံသော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့သည် သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့် မည်။ အကြောင်းမူကား၊ သူသည် မိမိနောက်၌ ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည်အရာကို ငါသိ ၏။ သူတို့သည်လည်း ထာဝရဘုရား၏ တရားလမ်းသို့ လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာကျင့်ကြလိမ့်မည်။ သို့ဖြစ် ၍ ဂတိတော်ရှိသည့်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံ၌ပြုရသောအခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။" (ကမ္ဘာ ၁၈: ၁၇-၁၉)။ ဘုရားသခင်၏အကြံအစည်တော်အကြောင်းလေ့လာတွေ့ရှိချက်နှစ်ခုကို အောက်ပါ အ တိုင်းတွေ့ရသည်။

- အာဗြဟံသည် သူ့မိသားစုကို သမ္မာတရားအတိုင်း သွန်သင်ပေးရန် ဘုရားသခင်အကြံအစည်ရှိခဲ့သည်။ ၎င်းသည် သင်ကြားခြင်းအချက်အလက်များကို သင်ပြပေးခြင်းထက် ဖြောင့်မတ်မှန်ကန်သောအရာကို **လုပ်ဆောင်ခြင်း**အားဖြင့် ဘုရားသခင်၏နည်းလမ်းကို **စောင့်ရှောက်**ရန် ကူညီဖေးမပေးခြင်းဖြစ်သည်။
- အာဗြဟံအတွက် ဘုရားသခင်၏ အကြံအစည်တော်သည် မိသားစုကို ဦးဆောင်ခြင်းဖြင့် လောကကို လွှမ်းမိုးရန်ဖြစ်သည်။ ဘုရားသခင်သည် လူတိုင်းကို အမြဲချစ်သည်။ (ယော ၃း၁၆-၁၇)။ ဘုရားသခင် သည် အာဗြဟံအား သူ၏အကြံအစည်တော်ဖြစ်သော လူမျိုးအပေါင်းတို့အတွက် ကောင်းကြီးမင်္ဂလာဖြစ် မည့်အကြောင်းကို ကတိပေးခဲ့သည်။ "ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်။ ငါကောင်းကြီးပေး၍ သင် ၏နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရ သောသူဖြစ်လိမ့်မည်။ သင့်ကို ကောင်းကြီးပေး သောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူ မျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။" (ကမ္ဘာ ၁၂: ၂-၃)။ အာဗြ ဟံအတွက် မိသားစုကို ဘုရားသခင်နည်းလမ်းအတိုင်း လိုက်လျှောက်အောင် သွန်သင်ဆုံးမပေးရန်သည် လူမျိုးအပေါင်းတို့အတွက် ကောင်းကြီးမင်္ဂလာဖြစ်မည့် နည်းလမ်းဖြစ်သည်။ (ကမ္ဘာ ၁၈:၁၈-၁၉)။ ဣသ ရေလလူတို့၏နာမကို ကြီးမြတ်စေရန်အတွက်လည်း ဘုရားသခင်၏ အကြံအစည်တော်သည် မိသားစု များအပေါ်တွင် မူတည်လျှက်ရှိသည်။ (တော ၁း၄၄-၄၅)။ တိုင်းနိုင်ငံတည်ဆောက်ခြင်းသည် မိသားစုများ ကို အခြေခံလျှက်ရှိပါသည်။ ဣသရေလခေါင်းဆောင်များသည် လူမျိုးနွယ်စုများ၏ မိသားစုခေါင်း ဆောင်များဖြစ်ကြသည်။ (တော ၃၂း၂၈)။ သားသမီးများကို သွန်သင်ဆုံးမခြင်းသည် မိသားစုများအားဖြင့်

သာ ဆောင်ရွက်ရမည့်အရာများဖြစ်သည်။ (တရား ၆း၄-၉)။ သားသမီးများကို သင်ကြားခြင်းဖြင့် သူတို့သည် ကမ္ဘာကြီးကိုလည်း ကျေးဇူးပြုနိုင်ကြမည်ဖြစ်ပါသည်။

သားသမီးတို့ကို သင်ကြားပေးသည့်အခါ သူတို့ကို ကူညီပေးရုံမျှမက သူတို့သည်လည်း လောက၏ ကောင်းချီးမင်္ဂလာဖြစ်ကြပြီး၊ ၎င်းတို့အား ချစ်ခြင်းမေတ္တာကိုဖော်ပြခြင်းဖြင့် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေခြင်းလည်းဖြစ်ပါသည်။

## မိသားစု၏ ပုံစံနှင့် ရည်ရွယ်ချက် အနှစ်ချုပ်

ချစ်ခြင်းမေတ္တာ၊ စည်းလုံးခြင်းနှင့်ပြည့်ဝသော အိမ်ထောင်သည် ခွန်အားကြီးသောမိသားစုများ ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး၊ စည်းလုံးညီညွတ်မှုရှိသော မိသားစုများကလည်း ခွန်အားကြီးသောအသင်းတော်၊ လူမှုပတ်ဝန်းကျင်ကို တည်ဆောက်ပေးလျက်ရှိကြသည်။ ချစ်ခြင်းမေတ္တာရှိသောအသင်းတော်နှင့် စည်းလုံးညီညွတ်မှုရှိသော မိသားစုများသည် ကမ္ဘာကြီး၏ ရှုပ်ထွေးမှု၊ နာကျင်မှုများ ဒုက္ခဆင်းရဲခြင်းများကို ကြီးစွာလွှမ်းမိုးလျှက်ရှိပါသည်။

## မိသားစု၏ လုပ်ငန်းတာဝန်

### အစဥ်မြဲ ချစ်ခြင်းမေတ္တာ – (၁ ကော ၁၃:၁-၁၃)

မိသားစုဝင်တိုင်းသည် သတ်မှတ်ထားသောမတူညီသည့် လုပ်ငန်းတာဝန်များကို ချစ်ခြင်းမေတ္တာဖြင့် ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။ (မှတ်ချက် – ဖခင်များသည် တခါတရံ မိသားစုကို ဦးဆောင်ရာတွင် မိမိအခွင့်အာဏာကို မှားယွင်းလွန်ကဲစွာ အသုံးပြုတတ်သောကြောင့် သားသမီးတို့သည် စိတ်ရှုပ်စရာဖြစ်စေတတ်သည်။ ဘုရားသခင်သည် ပေါလုအားဖြင့် ဤအန္တရာယ်အကြောင်းကို ဖေက် ၆:၄ နှင့် ကောလောသဲ ၃:၂၁ တွင် သတိပေးထားသည်။ စိတ်နှိမ့်ချခြင်း၊ ဆက်ကပ်အပ်နှံတတ်သော မေတ္တာသည် ဘုရားသခင်၏ ခေါင်းဆောင်မှုစနစ်ဖြစ်ပြီး၊ ၎င်းသည် ဖခင်များအတွက်သာမက အသင်းတော် ခေါင်းဆောင်များအတွက် လည်းဖြစ်ပါသည်။ (၁ ပေ ၅:၁-၄)

### မိဘများကို ချစ်ခြင်း – ထွက် ၂၀:၁၂၊ ဖေက် ၆:၂-၃

မိဘများအား ချစ်ခြင်းကို ရိုသေဂုဏ်ပြုခြင်းဖြင့် ဖော်ပြသည်။ မိဘကို ရိုသေစွာပြုလော့ဟူ သောအချက်သည် ဘုရားသခင်၏ ပထမပညတ်တော်ဖြစ်သည်။ “မိဘကိုရိုသေစွာပြုလော့။ ဤပညတ်တော်ကား၊ သင်သည်

ပြည်တော်၌ ကောင်းစား၍ အသက်တာရှည်မည်အကြောင်းဟူ၍ ဂတိတော်နှင့်ဆိုင်သော ပဌမပညတ်ဖြစ်၏။” (ဖေက် ၆:၂)

- မိဘများသည် ဘယ်သူပဲဖြစ်နေပါစေ၊ မည်သည့်အရာများကိုပဲ လုပ်ဆောင်သည်ဖြစ်ပါစေ၊ ၎င်းပညတ်ချက်များကို အသက်တာ၌ လက်တွေ့လိုက်လျှောက်အသက်ရှင်ဖို့ဖြစ်သည်။
- အခြေနေပေါ်တွင် မမူတည်ဘဲ မိဘများကို ချစ်တတ်ဖို့ (ရိုသေလေးစားတတ်ဖို့) သင်ယူလေ၊ အခြားလူတို့ကို ပို၍ ချစ်တတ်ဖို့လည်း သင်ယူလေ့လာနိုင်မည်ဖြစ်ပါသည်။

## မိသားစုကို ချစ်ခြင်းသည် ပထမဆုံး ဦးစားပေးမှုဖြစ်သည် – ၁ တိ ၅:၈

ဤကျမ်းပိုဒ်တွင် မိဘများသည် မိမိတို့ မိသားစုကို ဦးစားပေးထောက်ပံ့ကူညီပေးရမည်ဟု ဖော်ပြထားပါသည်။ ခင်ပွန်းသည် ဦးစားပေးဆုံး ဆက်ဆံရေးအဖြစ် ဇနီးသည်ကို ချစ်ရမည်။ ဘုရားသခင်သည် အသင်းတော်ကို ချစ်သကဲ့သို့ ယောကျ်ားတို့သည် မိမိ၏ ဇနီးသည်ကို ချစ်ရမည်ဖြစ်သည်။ “အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ်ခင်ပွန်းကို ချစ်ကြလော့။”(ဖေက် ၅:၂၅၊ ဖေက် ၅:၂၈-၂၉၊ ဖိလိပ္ပိ ၂:၃-၇)။ အခြားသောလူတို့ထက် မိမိဇနီးသည်ကို ပို၍ ဂရုစိုက်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ မိသားစုဝင်များ၏ လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးရာတွင် သူတို့၏ လိုအပ်ချက်များကို အနည်းဆုံး အမျိုးအစားသုံးမျိုးနဲ့ နားလည်ပေးရမည်ဖြစ်သည်။

## ကိုယ်ခန္ဓာနှင့် ရုပ်ဝတ္ထုပစ္စည်းလိုအပ်ချက်များ

- စိတ်ခံစားမှု လိုအပ်ချက်များ
- ဝိညာဉ်ရေး လိုအပ်ချက်များ

ဖခင်တစ်ဦးသည် အခြားလူများကို ရုပ်ဝတ္ထုပစ္စည်းများ၊ စိတ်ခံစားမှုနှင့် ဝိညာဉ်ရေး၌ ကူညီထောက်ပံ့ပေးသော်လည်း ကိုယ့်မိသားစု၏ လိုအပ်ချက်ကို ထောက်ပံ့ရန်ပျက်ကွက်လျှင်၊ ဖခင်တစ်ဦးဖြစ်ခြင်းနှင့် ခင်ပွန်းသည်တစ်ဦးဖြစ်ခြင်းအတွက် ဘုရားသခင်၏ အကြံအစည်တော်မှ လွဲချော်နေပါသည်။

## ကိုယ်ခန္ဓာနှင့် ရုပ်ဝတ္ထုပစ္စည်း လိုအပ်ချက်များ

ဤအရာသည် အထူးထင်သာမြင်သာသော လိုအပ်ချက်များဖြစ်ပါသည်။ အထူးသဖြင့် သားသမီးများ၏ လိုအပ်ချက်ကို မဖြည့်ဆည်းပေးပါက အလွယ်တကူ မြင်နိုင်သောအရာလည်းဖြစ်သည်။ ယောကျ်ားများသည်ဇနီးသည်များ၏ ရုပ်ဝတ္ထုပစ္စည်းများလိုအပ်ချက်ကို အလေးထားဂရုစိုက်ထောက်ပံ့ပေးဖို့လည်း လိုအပ်ပါသည်။ မကြာခဏ မိန်းမတို့သည် ယောကျ်ားတို့ထက် တစ်စုံတစ်ခုကို ခြားနားစွာမြင်တတ်ကြသောကြောင့် ယောကျ်ားတိုင်းသည် ၎င်းကို ကောင်းစွာသိမြင်တတ်ရန်နှင့် ဇနီးသည်၏ လိုအပ်ချက်များကို ဖြည့်စွက်ပေးနိုင်ရန် ဘုရားသခင်အား ဆုတောင်းဖို့ အထူးလိုအပ်ပါသည်။

- **ရုပ်ပိုင်းဆိုင်ရာ ချစ်ခင်မှု** - (၁ ကော ၇:၃-၅) ချစ်ခြင်းမေတ္တာသည် ရယူခြင်းထက် ပေးဆပ်ခြင်းကိုဆိုလို သည်။ အိမ်ထောင်ရေးတစ်ခုတွင် လင်မယားတို့သည် တစ်ဦးရဲ့လိုအပ်ချက်ကို တစ်ဦးက လိုလိုလားလား ဖြည့်ဆည်းပေးဖို့၊ မိမိသည် အတ္တဆန်သူမဖြစ်ဖို့ အထူးလိုအပ်ပါ သည်။
- **အိမ်မှုကိစ္စ လိုအပ်ချက်များ** – အိမ်တွင်ရုပ်ဝတ္ထုပစ္စည်း လိုအပ်ချက်များစွာ ရှိစမြဲဖြစ်သည်။ သန့်ရှင်းရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ ဆေးသုတ်ခြင်းနှင့် အခြားဖြည့်စွက်ရမည့် လိုအပ်ချက်များစွာ အမြဲရှိတတ်ပါသည်။

## စိတ်ခံစားမှု လိုအပ်ချက်များ

တစ်စုံတစ်ယောက်ကို ချစ်ခြင်း၏ အခြားအရေးကြီးသောအချက်သည် သူတို့၏စိတ်ခံစားမှုများကို ဖြည့်ဆည်းပေးတတ်ဖို့ဖြစ်သည်။ ၄င်းကို သက်သာလောနိတ်မြို့၌ရှိသော ခရစ်ယာန်များအပေါ် ပေါလု လုပ်ဆောင်သည့် ဥပမာကိုအောက်ပါအတိုင်းတွေ့ရပါသည်။ "အဘသည် မိမိသားတို့ကို ပြုသကဲ့သို့ ငါတို့သည် သင်တို့ရှိသမျှကို အဘယ်သို့ **တိုက်တွန်းသွေးဆောင်**၍ **မှာထားသည်**ကို သင်တို့ သိကြသည်နှင့်အညီ၊ ယုံကြည်ခြင်းသို့ ရောက်သော သင်တို့တွင် ငါတို့သည် အဘယ်သို့ သန့်ရှင်းဖြောင့်မတ်လျက်၊ **အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက်** နေကြသည်ကို သင်တို့သည် သက်သေဖြစ်ကြ၏။ ဘုရားသခင်သည်လည်း သက်သေဖြစ်တော်မူ၏။" (၁ သက် ၂း ၁၁-၁၂)။ ဤအရာသည် ဖခင်က သားသမီးများကို စိတ်ဆိုးစေသည့်အချက်နှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ (ဧဖက် ၆း၄)။ စိတ်ခံစားမှုကို ကူညီ ဖြည့်ဆည်းပေးရန်အတွက် အရေးကြီးသောအချို့အကြောင်းအရာများစွာရှိပါသည်။

- **အတူတကွ အချိန်ယူခြင်း** - အခြားသူကို နားလည်ပေးဖို့အတွက် အချိန်ပေးရမည်။ စိတ်ပိုင်း ဆိုင်ရာခံစားချက်ကို ကူညီပေးရန်အတွက် အကောင်းဆုံးအရာဖြစ်သည်။ သူတို့ကိုနားထောင်ပေးဖို့၊ မေးမြန်းဖို့၊ နားလည်ပေးဖို့အတွက် အချိန်လိုအပ်ပါသည်။ ချစ်ခြင်းမေတ္တာဟု ဆိုရာတွင် မိမိထင်မြင်သည့် အရာကိုပြောပြဖို့မဟုတ်ဘဲ၊ အခြားသူတစ်ယောက်၏ ခံစားချက်၊ စဥ်းစားတွေးခေါ်မှုများကို နားလည်ပေးဖို့ သင်ယူခြင်းဖြစ်သည်။ လူတို့သည် အမြဲပြောင်းလဲတတ်ကြ ပြီး၊ အတွေ့အကြုံသစ်များရှိ လာတတ်သောကြောင့် မိသားစုဝင်များနှင့် အချိန်များများ ပေးဖို့သည် ဘဝတစ်သက်တာ အလုပ်ဖြစ်သည်။ အခြားမည်သည့်အရာများ လိုအပ်သည်ဖြစ်ပါစေ မိမိအိမ်ထောင်ဖက်ကို နားလည်ပေးဖို့သည် ပထမဦးစားပေး အလုပ်ဖြစ်သည်၊ ၄င်းသည် ကျွန်ုပ်တို့ ချစ်ခြင်းမေတ္တာ၏ ပထမ ဦးစားပေး ဖြစ်ကြောင်းကို ဘုရားသခင်မိန့်တော်မူခဲ့သည်။
- **လက်ဆောင်ပေးခြင်းသည် စိတ်ခံစားမှု လိုအပ်ချက်များကို ကူညီပေးသည်** - လက်ဆောင်သည် ငွေကြေးတစ်ခုတည်းကို မဆိုလိုပါ၊ ၄င်းသည် သေးငယ်သောအရာဖြစ်နိုင်သော်လည်း သူတို့ကို ချစ်ကြောင်းမေတ္တာပြသပေးခြင်းဖြစ်သည်။
- **အားပေးစကား ပြောခြင်းသည် စိတ်ခံစားမှု လိုအပ်ချက်များကို ကူညီပေးသည်** - သင်ချစ်သောသူများအား မေတ္တာအားပေးစကားပြောဖို့ ဘုရားသခင်၏ ကူညီမစခြင်းအတွက် ဆု တောင်းပါ။

- **အခြားသူကို ကူညီဖေးမပေးခြင်း** - အခြားသူတစ်ယောက်ကို ကူညီပေးရန် ကြိုးစားလုပ်ဆောင်ခြင်းသည် ချစ်ခြင်းမေတ္တာကိုဖော်ပြသော အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ၄င်းသည် တစ်စုံတစ်ယောက်အတွက် သန့်ရှင်းရေးလုပ်ပေးခြင်း၊ ချက်ပြုတ်ပေးခြင်း၊ ဈေးသွားပေးခြင်းနှင့် တစ်ခုခုကို ပြုပြင်ပေးခြင်းလည်းဖြစ်နိုင်ပါသည်။ ချစ်ခြင်းသည်ပေးနိုင်သောစိတ်ထား ဖြင့်ဖြစ်ရသည်။

## ဝိညာဉ်ရေး လိုအပ်ချက်များ

လူတို့ကို ဘုရားသခင်နှင့် ဆက်သွယ်မှုရှိရန် အတင်းဖိအားပေး၍ မရနိုင်ပါ။ ထိုအရာသည်အလွန်အရေးကြီးသောအချက်လည်းဖြစ်ပါသည်။ မိမိအိမ်ထောင်ဖက်နှင့် သားသမီးများအသက်တာ၌ ဘုရားသခင်၏ ဝိညာဉ်တော် လုပ်ဆောင်မှုအပေါ်၌ ပူးပေါင်းကူညီပေးနိုင်ပါသည်။

- ခင်ပွန်းသည်များသည် ဇနီးသည်များအား ဘုရား၏နှုတ်ကပတ်တော်ကိုသင်ကြားပေးခြင်းဖြင့် ကူညီပေးနိုင်ပါသည်။ (ဧဖက် ၅:၂၆-၂၈။ ၎င်းသည် သားသမီးများအတွက်လည်း မှန်ကန်သောအရာဖြစ်သည်။ (တရား ၆:၄-၉)
- သားသမီးတို့သည် ကျွန်ုပ်တို့၏ ပထမ ဦးစားပေး တပည့်တော်များဖြစ်ကြသည်။ ယေရှုက တပည့်တော်တို့သည်သွား၍ လူမျိုးတကာအား တပည့်ဖြစ်စေဖို့ မိန့်တော်မူရာတွင် ဘုရားသခင်သည် အာဗြဟံနှင့် မောရှေတို့အား မိန့်တော်မူသည့်အချက်ကို သတိရဖို့လည်း  လိုအပ်ပါသည်။ (ကမ္ဘာ ၁၈:၁၇-၁၉၊ တရား ၆း ၄-၉)။  သားသမီးတို့၏ ဝိညာဉ်ရေးလိုအပ်ချက်များဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာအပ်ချက်များ ဖြည့်ဆည်းရန် လစ်လျူရှုခြင်းနဲ့ အတူတူပင်ဖြစ်သည်။ (၁ တိ ၅:၈)။
- လင်မယား၊ သားသမီးများအတွက် ဆုတောင်းပေးခြင်းသည် မိဘများ၏ ပထမဦးစားပေး တာဝန်ဖြစ်သည်။ လူတိုင်းအတွက် ဆုတောင်းပေးရန်ဖြစ်သည် (၁ တိ ၂:၁၊ ဧဖက် ၆:၁၈)၊ သားသမီးတို့သည် ကျွန်ုပ်တို့၏ ပထမ ဦးစားပေးရမည့် သူများဖြစ်ကြသည်။ (၁ တိ ၅:၈)။ ပေါလုသည် မိမိဝိညာဉ်သားသမီးများအတွက် ဆုတောင်းပေးခဲ့သည့်အရာသည် မိဘများအတွက် လိုက်လျှောက်ရန် အရေးကြီးသော ဥပမာတစ်ခုဖြစ်သည်။ ပေါလုသည် လူတို့အတွက် အဓိကဆုတောင်းပေးခဲ့သည်အချက်မှာ သူတို့သည် ဘုရားသခင်ကို သာ၍သိရှိရန်ဖြစ်သည်။ (ဧဖက် ၁: ၁၅-၂၁)။ ၎င်းသည် အထူးပင်အရေးကြီးသောအချက်ဖြစ်ပါသည်။ လူတစ်ဦးသည် ဘုရားသခင်ကို ကောင်းစွာသိရှိပါက သူ၏အသက်တာသည် လုံးဝဥသုံပြောင်းလဲပြီး အခြားသူများ၏ အသက်တာကိုလည်း များစွာထိရောက်မှုရှိမည်ဖြစ်သည်။ **သားသမီးတို့သည် ဘုရားသခင်ကို သိရှိရန် မိဘတို့၏ နေ့စဉ်ဆုတောင်းအကူအညီပေးခြင်းသည် အလွန်အရေးကြီးသောနည်းဗျူ ဟာတစ်ခုဖြစ်သည်။**

## သားသမီးများကို ချစ်ခြင်းဆိုသည်မှာ သင်ကြားပေးခြင်းနှင့် လေ့ကျင့်ပေးခြင်းဖြစ်သည် (တရား ၆:၄-၉)

ဘုရားသခင်၏ အကြံအစည်တော်မှာ မိဘများသည် သားသမီးများအတွက် အရေးကြီးဆုံးသော ဆရာသမားများဖြစ်ကြသည်။ ကမ္ဘာဦးကျမ်းအစတွင် ဘုရားသခင်သည် အာဗြဟံအား မိသားစုကို ဘုရားသခင်၏ လမ်းတော်အတိုင်း ဆုံးမသွန်သင်ပေးပါက ၎င်း၏ မျိုးဆက်များသည် လူမျိုးအားလုံးအတွက် ကောင်းချီးမင်္ဂလာဖြစ်မည်ဟု ကတိပေးခဲ့သည်။ (ကမ္ဘာ ၁၈:၁၈-၁၉)။ ထို့နောက် မောရှေခေတ်ကလည်း မိဘများသည် သားသမီးများကို ဘုရားသခင်၏ တရားတော်ကို နေ့စဉ် သင်ကြားပေး ရန်ညွှန်ကြားခဲ့သည်။ မိဘများသည် သားသမီးများကို နေ့စဉ် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြိုးစားပြီး သွန်သင်ပေးဖို့ လိုအပ်ပါသည်။ “အိုဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ယနေ့ ငါမှာထားသောစ

ကားကိုနှလုံး သွင်းရမည်။ ထိုစကားကို သင်၏ သားသမီးတို့အား ကြိုးစား၍ သွန်သင်ရမည်။ အိမ်၌ ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ၊ ထိုစကားကို ပြောရမည်။ ထိုစကား ကိုလည်း သင်၏လက်၌ လက္ခဏာသက်သေဘို့ရာငှင်း၊ သင်၏မျက်စိကြားမှာ သင်းကျစ်ကဲ့သို့ငှင်း ချည်ထားရ မည်။ အိမ်တံခါး၊ မြို့တံခါးတို့၌လည်း ရေးထားရမည်။" (တရား ၆:၄-၉)။ ထိုသို့လုပ်ဆောင်နိုင်ရန် နည်းလမ်းများ စွာရှိပါသည်။ အောက်ပါ အကြံပြုချက်အချို့မှာ -

- မိဘတို့ကိုယ်တိုင် သမ္မာကျမ်းစာ အသိနည်းရင်တောင် မိဘများသည် သားသမီးများကို သမ္မာကျမ်းစာ သင်ကြားဖို့ ကူညီပေးနိုင်ပါသည်။ မေးခွန်း ၅ ခု သမ္မာကျမ်းစာ လေ့လာနည်းသည် ကလေးများအတွက် ဖတ်ရှုတတ်အောင်သင်ကြားပေးရန် အလွန်အသုံးဝင်သည်။ ဤစာအုပ် ၃ ၏ အဆုံးတွင် ၄င်းနည်းလမ်း ကို သင်ယူပါ၊ စာအုပ် ၃ ၏ အဆုံးပိုင်းတွင် "ဝိညာဉ်မိဘဖြစ်ခြင်း အတွက် လက်တွေ့ခြေလှမ်းများ" ခေါင်းစဉ်တစ်ခုရှိပါသည်။ သမ္မာကျမ်းစာ လေ့လာနည်းကို မေးခွန်း ၅ ခုနဲ့ မည်ကဲ့သို့ အသုံးပြုရမည်ဟူ သော လမ်းညွှန်ချက်များကို တွေ့ရမည်ဖြစ်သည်။ မိဘများသည် သားသမီးများနဲ့အတူ သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာနိုင်ပြီး၊ မေးခွန်းအဖြေများကိုလည်း ကူညီရှာဖွေပေးနိုင်မည်ဖြစ်ပါသည်။
- ဘုရားသခင်နှင့်သမ္မာကျမ်းအကြောင်း သီချင်းများကို သားသမီးများ သင်ကြားနိုင်ရန် မိဘများက ကူညီ ပေးနိုင်ပါသည်။ လူအများစုက ကျမ်းပိုဒ်များထက် သီချင်းကို ပိုမှတ်မိလွယ်ကြသည်။ ကလေးများအ တွက် ရေးထားသောဘုရားအကြောင်း ရိုးရှင်းသော သီချင်းများစွာရှိပါသည်။
- မိဘများသည် ကိုယ်တိုင်ကြုံတွေ့ခဲ့သည့် အတွေ့အကြုံများ၊ သင်ယူခဲ့သောသင်ခန်းစာများ အကြောင်း ကို သားသမီးများအား ပြောပြပေးနိုင်ပါသည်။ အတွေ့အကြုံများသည် ဆိုးနေစေကာမူ မိဘများက သင် ခန်းစာယူသောအရာများဖြစ်လျှင်၊ ၄င်းသည်သားသမီးများအတွက် အထောက်အကူဖြစ်မည် သေချာပါ သည်။
- သမ္မာကျမ်းစာပိုဒ်များကို အလွတ်ကျက်မှတ်ရန်မိဘများက သားသမီးများအားကူညီသင်ကြား ပေးနိုင်ပါ သည်။ ကလေးငယ်အချို့က ဖတ်ရှုပြီးနောက် လျင်မြန်စွာ အလွတ်ရတတ်သူများလည်းရှိသည်။ မိဘ များက လိုက်ဆိုခိုင်းပြီး ထပ်ခါထပ်ခါမေးမြန်းခြင်းဖြင့် အလွတ်ရအောင် ကလေးများကို ကူညီပေးနိုင်ပါ သည်။ ထိုကဲ့သို့ စာပိုဒ်တစ်ခုပြီးတစ်ခုကို အလွတ်ရအောင် သားသမီးများကို ကူညီပေးဖို့ဖြစ်သည်။


ကလေးငယ်တစ်ဦး၏ စိတ်နှလုံးကို အခန်းတစ်ခန်းတွင်ရှိသော စာအုပ်စင်များနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါ သည်။ ကလေးသည် ငယ်ရွယ်စဉ်ခါ သတင်းအချက်အလက်မရှိသော စာအုပ်စင်ဖြစ်သည်။ မိဘများက မည်ကဲ့ သို့သော သတင်းအချက်အလက်များကို သားသမီးတို့အား လက်ခံစေချင်သည်ကို လွှမ်းမိုးပေးနိုင်သောကြောင့် ကလေးငယ်သည် ဘဝတစ်လျှောက်သွားနေသည့်အတိုင်း နေ့စဉ်အသစ်သောသတင်းအချက်အလက်များကို စာ အုပ်စင်ပေါ်၌ သိုထားပေးဖို့ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားကို စာအုပ်စင်တည်းဟူ သောကလေး၏ စိတ်နှလုံးထဲ၌ သိုထားပေးဖို့ဖြစ်ပါသည်။ ကလေးငယ်တစ်ဦးသည် သတင်းအချက်အလက်များ နှင့် အတ္တဆန်ဆန်သော ဆုံးဖြတ်ချက်ကို လုပ်ဆောင်နိုင်ပါသည်၊ ၄င်းသည် သူနဲ့သာဆိုင်ပါသည်။ ကလေးငယ် သည် မိမိစိတ်နှလုံးသားကို ဘုရားသခင်အား ပေးအပ်ပါက ဝိညာဉ်တော်သည် ထိုသတင်းအချက်အလက်များကို အသုံးပြုပြီး ၄င်း၏ စိတ်နှလုံးကို သွန်သင်းပေးမည်ဖြစ်ပါသည်။ ကလေးငယ်၏ စိတ်နှလုံးထဲတွင် ဘုရားသခင်၏ နှုတ် ကပတ်တော်မရှိလျှင် ဝိညာဉ်တော်၏ လုပ်ဆောင်နိုင်ခြင်းကို ကန့်သတ်ထားလာမည်ဖြစ်သည်။ သူ့စိတ်နှ လုံး၌ ရှိနှင့်ပြီးသော နှုတ်ကပတ်တော်သတင်းအချက်အလက်များကို ဝိညာဉ်တော်ကူညီပေးနိုင်ရန်အတွက် ဘု ရားသခင်၏ နှုတ်ကပတ်တော်နှင့်အမြဲပြည့်ဝနေဖို့လို အပ်ပါသည်။ မိဘများသည် မိမိတို့ဘဝအသက်ရှင်နေထိုင်

ခြင်းအားဖြင့် သားသမီးများအား စံနမူနာ ကောင်းဖြစ်ဖို့ လိုအပ်ပါသည်။ သို့ရာတွင် မိဘများက သားသမီး၏ စိတ်နှလုံးသားကို မပြောင်းလဲစေနိုင်ပါ၊ ဘုရားသခင်၏ ဝိညာဉ်တော်ကသာ ပြောင်းလဲပေးနိုင်သည်။ ထို့ကြောင့် သားသမီးတို့အဖို့ ဆုတောင်းခြင်းသည် မိဘများ၏ အရေးကြီးဆုံးတာဝန်တစ်ခုဖြစ်သည်။ မိဘများသည် သားသမီးတို့အား နေ့စဉ် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ကြားပေးဖို့လိုအပ်သလို သားသမီးတို့အတွက် ပုံသက်သေကောင်းဖြစ်ကြဖို့လည်း လိုအပ်ပါသည်။ သားသမီးများ၏ စိတ်နှလုံးကို ပြောင်းလဲစေနိုင်သောသူသည် ဝိညာဉ်တော်တစ်ပါးတည်း သာဖြစ်သည်။

## ချစ်ခြင်းမေတ္တာ၏ အခြေခံအုတ်မြစ်သည် ဘုရားသခင်၌ မျှော်လင့်ရန်နှင့် ယုံကြည်ရန်ဖြစ်သည် (၁ ပေ ၃း၁-၇)

ဘုရားသခင်၌ မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းသည် မိသားစုဆက်ဆံရေး၏ အခြေခံအုတ်မြစ်ဖြစ်ဖို့ လိုအပ်ပါသည်။ ဘုရားသခင်သည် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဟု ယုံကြည်စိတ်ချမှုမရှိလျှင် အခြားသူများကို ချစ်ခြင်းမေတ္တာထားခြင်း၌ ရင်းနှီးဖို့ အလွန်ခက်ခဲလာမည်ဖြစ်ပါသည်။

- မိန်းမတို့သည် ဘုရားသခင်၏ စောင့်ရှောက်မှုအောက်၌ သူတို့၏မျှော်လင့်ချက်ကို မထားသရွေ့ မိမိခင်ပွန်းသည်များအားလုံးလုံး ဆက်ကပ်အပ်နှံနိုင်မည်မဟုတ်ပါ။ မိန်းမတို့သည် သူတို့ကို ချစ်ရန်အတွက်လင်ယောကျ်ားများကို အတင်းလုပ်လို့မရနိုင်ပါ။ (၁ ပေ ၃း၁-၆)
- ခင်ပွန်းများသည်လည်း ဘုရားသခင်၌ သူတို့၏ မျှော်လင့်ချက်ကို မထားသရွေ့ ဇနီးသည်များအား ချစ်ခြင်းနှင့်လေးစားခြင်း လုံးဝရှိနိုင်မည်မဟုတ်ပေ။ (၁ ပေ ၃း၇)။ ယောကျ်ားတို့သည် သူတို့ကို ဝန်ခံအပ်နှံရန်အတွက် ဇနီးသည်များကို အတင်းလုပ်လို့လည်း မရနိုင်ပါ။




ဤပုံကိုကြည့်လျှင် မိသားစုအတွင်း မည်ကဲ့သို့ အလုပ်လုပ်သည်ကို ရှင်းပြထားပါသည်။ ခင်ပွန်းသည် ဘုရားသခင်၏ အခြေနေပေါ်တွင်မမူတည်သောချစ်ခြင်းမေတ္တာ (၁၀၀% အချစ်) ကို ယုံကြည်စိတ်ချမှုရှိနေပါက မိမိဇနီးဘက်က ၀% အချစ်ကိုပင် မရရှိခဲ့ပါစေ၊ ဇနီးသည်အား ထိုနည်းတူ ၁၀၀% အချစ်ကို ပြန်ပေးနိုင်ဖို့ မခက်ခဲတော့ပါ။ တကယ်တော့ လူတိုင်းသည် ချစ်ခြင်းကိုခံယူဖို့ ဖန်ဆင်းထားသည့် သတ္တဝါများဖြစ်ကြသည့်အတိုင်း ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မသိနားမလည်သောသူ၊ အထူးသဖြင့် ချစ်ခြင်းမေတ္တာကို ပြန်၍ မရရှိခဲ့သူတစ်ဦးအဖို့ အခြားသူတစ်ဦးအား ၁၀၀% အချစ်ကိုအပြည့်အဝပြန်ပေးဖို့ အလွန်ခက်ခဲပါလိမ့်မည်။ ညီအစ်ကိုများက ယောသပ်ကို အလွန်နာကျင်အောင်ရက်စက်စွာ ဆက်ဆံခဲ့ကြသော်လည်း ယောသပ်သည် ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းအတွက် ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်း၌ အခြေခံကျသော ဥပမာကောင်းတစ်ဦးဖြစ်သည်။ ယောသပ်ထံသို့ ရောက်လာသောညီအစ်ကိုများက လက်တုံ့ပြန်မည်ကို ကြောက်ရွံ့ကြသော်လည်း ယောသပ်က ဘုရားသခင်၌ သူ၏ယုံကြည်ခြင်းကို ဖော်ပြပြီး၊ ၎င်းသည် ဘုရားသခင်၏ အကြံအစည်တော်ဖြစ်ကြောင်းကိုလည်း ညီအစ်ကိုတို့ အားရှင်းပြခဲ့သည်။ "ယောသပ်ကလည်း၊ မစိုး

ရိမ်ကြနှင့်။ ကျွန်ုပ်သည် ဘုရားသခင် ကိုယ်စားဖြစ်သလော။ သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည်ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည်အတိုင်း၊ လူများ အသက်ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည် ကြံတော်မူ၏။ ထိုကြောင့်၊ မစိုးရိမ်ကြနှင့်။ သင်တို့နှင့် သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်ဟုဆိုလျက်၊ သူတို့ကို နှစ်သိမ့်စေ၍ မေတ္တာစကားကို ပြောလေ၏။" (ကမ္ဘာ ၅၀း ၁၉-၂၁)။

## ခင်ပွန်းသည်များသည် ယေရှု၏ ခေါင်းဆောင်မှု ပုံစံကို လိုက်နာရမည်

ယေရှုက ခေါင်းဆောင်မှုသည် လောက၌ ကျင့်သုံးနေသောအရာနှင့် မတူဘဲ ခြားနားသည့် အကြောင်း သွန်သင်ခဲ့ပြီး၊ ခေါင်းဆောင်များသည် အခြားသူတို့အား အာဏာအစိုးတရ မပြုကြဖို့ကိုလည်း တပည့်တော်များအား ဆုံးမခဲ့သည်။ (မာကု ၁၀း၄၂-၄၅)။ ယေရှု၏ ပုံဥပမာနှင့် သမ္မာကျမ်းစာသင် ကြားသည့်အခါ ခိုင်မာသော ခေါင်းဆောင်တစ်ဦးဆိုသည်မှာ သူ၏အမြင်ကို အခြားသူများအား ဖိအားသုံးခြင်းမပြုဘဲ၊ ချစ်ခြင်းမေတ္တာနှင့် စည်းလုံးညီညွတ်ခြင်းကို တည်ဆောက်ပေးသောသူတစ်ဦးဖြစ်သည်။ အိမ်ထောင်တစ်ခုတွင် ခေါင်းဆောင်ဖြစ်သောခင်ပွန်းသည် မည်ကဲ့သို့သောသူဖြစ်ပါသနည်း?

• ခင်ပွန်းသည် ယေရှု၏ ခေါင်းဆောင်မှု ပုံစံကို လိုက်နာရသည်။ မိမိ ဇနီးသည်အကျိုးအလို့ငှာ သူ၏ အသက်ကိုပင် ပေးဆပ်ရမည်ဖြစ်သည်။ ဇနီးသည်အတွက် အချိန်၊ စွမ်းအား၊ အရင်းအမြစ်များကိုလည်း ရင်းနှီးမြှုပ်နှံဖို့လိုအပ်ပါသည်။ (ယောဟန် ၁၀း၇-၁၈၊ သိုးထိန်းကောင်းဖြစ်သည် ၁ ပေ ၅း၁-၄)။ ယေ ရှု၏ တပည့်တော်များအား ခြေဆေးပေးခြင်း (ယောဟန် ၁၃) သည် ဇနီးသည်များ၏ (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ) လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ခင်ပွန်းသည်များအတွက် သင်ယူလေ့လာရမည့် ပုံသက်သေကောင်းတစ်ခုဖြစ်သည်။

• ခင်ပွန်းသည် ယေရှု၏ ဥပမာကိုလိုက်နာရမည်။ ဇနီးသည် အသင့်ပြင်ဆင်မှု မရှိသောအရာတစ်ခုကို တွန်းအားပေး၍ မလုပ်ဆောင်စေသင့်ကြောင်းကို ဆိုလိုသည်။ ယေရှုနှင့် ခမည်းတော်၏ အပြန်အလှန် ဆက်ဆံမှုကဲ့သို့ ခင်ပွန်းသည်နှင့် ဇနီးသည်တို့သည်လည်း အလားတူပုံစံဖြင့် လုပ်ဆောင်သင့်ပါသည်။ (ယောဟန် ၅း၁၉-၃၀)။

**သတိပြုရန်** — ခရစ်ယာန်ခင်ပွန်းအချို့က ဘုရားသခင်၏ လမ်းညွှန်းချက်များကို အခွင့်ကောင်းယူပြီး ဇနီးသည် ခင်ပွန်းသည်အား ဝန်ခံတတ်ဖို့နှင့် ဇနီးသည်နှင့် သဘောမတူသောဆုံးဖြတ်ချက်များကို ချ မှတ်ရန်အတွက်လည်း ဆင်ခြေ ပေးတတ်ကြသည်။ ၄င်းသည် ၁ ပေ ၃း၇ နှင့် ဖေက် ၅း၂၁ ကျမ်းပိုဒ်များနှင့် ဆန့်ကျင်နေပါသည်။ ဇနီးသည် ဆုံးဖြတ်ချက်တစ်စုံတစ်ခုနှင့် သဘောတူညီမှုမရှိပါက ချစ်ခြင်းမေတ္တာနှင့် စိတ်ရှည်စွာဖြင့် ခင်ပွန်းသည် လုပ်ဆောင်ရမည့် အောက်ပါ တာဝန်နှစ်ခုရှိပါသည်။

၁။ ပထမအချက်တွင် ဇနီးသည် မည်သို့ခံစားပြီး၊ စဉ်းစားတွေးခေါ်သည်၊ ၄င်းကို ဘာကြောင့်ခံစားသည်၊ စဉ်းစားတွေးခေါ်သည်စသည့် ခံစားချက်၊ အတွေးအခေါ်များကို ဂရုတစိုက် နားထောင်ပေးခြင်း၊ မေးမြန်းပေးခြင်း၊ အပြည့်အဝနားလည်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးရမည်။ (ဤအချက်က ခင်ပွန်းသည်၏စိတ်ကိုပြောင်းလဲစေနိုင်ပါသည်။)
၂။ ဒုတိယအချက်တွင် ချစ်ခြင်းမေတ္တာနှင့် စိတ်ရှည်စွာဖြင့် သူ၏ အတွေးအခေါ်များကို ဇနီးသည်အား ရှင်းပြပေးရမည်။ ခင်ပွန်းသည် ဇနီးသည်နှင့် သဘောမတူနိုင်ပါက၊ မည်သည့်အရာကိုမှ ဆက်မလုပ်သင့်ပါ။ ဘုရားသခင်က

ခင်ပွန်းသည်အား သူသတိမထားမိသော အခက်ခဲအန္တရာယ်အချို့မှ ကာကွယ်ပေးနေတာလည်း ဖြစ်နိုင်ပါသည်။ ဘုရားသခင်သည် ခင်ပွန်းသည်အတွက် အခြားနည်းလမ်းဖြင့်ဇနီးသည်ထက် ထူးခြားသောဉာဏ်ပညာပေးမည်ဟု ကတိမပြုခဲ့ပါ။ ဦးခေါင်းသည် ကောင်းစွာလည်ပတ်နိုင်ရန်အတွက် နှလုံးသားကို လိုအပ်သကဲ့သို့ ခင်ပွန်းသည် တစ်ဦးသည် ဇနီးသည်၏ အကြံဉာဏ်လိုအပ်လျက်ရှိသည်။ (၁ ကော ၁၂:၂၁-၂၅)။ ခင်ပွန်းသည် ဇနီးသည်၏ အတွေးအမြင်နှင့် ဆန့်ကျင်သော ဆုံးဖြတ်ချက်မျိုးကို ချပါက၊ ၎င်းသည် ဇနီးသည်ကို မထီလေးစားခြင်းဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏ ဆုတောင်းချက်များကိုလည်း အဖြေပေးမည် မဟုတ်ပါ။ (၁ ပေ ၃:၇)။

## လက်တွေ့ကျသော စဉ်းစားတွေးဆမှုများ

အောက်ပါ မေးခွန်းများသည် အိမ်ထောင်ရေးနှင့် မိသားစုအတွက် စဉ်းစားရန် အချက်အလက် များဖြစ်သည်။ မေးခွန်းတစ်ခုချင်းသည် အိမ်ထောင်မိသားစုများအတွက် အကျိုးရှိသောသမ္မာကျမ်းစာ အခြေခံသဘောတရား၏ လက်တွေ့အသုံးပြုသော သက်သေတစ်ခုဖြစ်သည်။

- လင်မယားတို့သည် အချင်းချင်း နားထောင်ပေးရန်၊ နားလည်ပေးရန်၊ ဘဝအတွေ့အကြုံများကို လွတ်လပ်စွာဆွေးနွေးတိုင်ပင်ချိန်မျိုး ရှိပါသလား။
- မိဘများသည် အခြားသူတို့ မပါဘဲ မိသားစုအတွက် အတူပျော်ရွှင်စရာကောင်းသောအချိန်ကို မည်သည့်အချိန်တွင် ဖန်းတီးလုပ်ဆောင်ပါသနည်း။
- လင် မယားတို့သည် မည်သည့်အချိန်တွင် အတူတူ ဆုတောင်းကြပါသနည်း။
- ဖခင်သည် မိသားစုများနှင့်အတူ သမ္မာကျမ်းဖတ်ခြင်း၊ (သို့) သမ္မာကျမ်းဆွေးနွေးခြင်းနှင့် ဆုတောင်းခြင်းများကို မည်သည့်အချိန်တွင် ပြုလုပ်ပါသနည်း။
- ဖခင်သည် သားသမီးများအတွက် ဘယ်လောက်ကြာကြာ ဆုတောင်းပေးသနည်း။ သူတို့အသက်တာ၌ ဘုရားသခင်သည် မည်သည့်အရာများကို လုပ်ဆောင်ပေးရန် ဆုတောင်းပေးပါသနည်း။
- ကလေးတစ်ဦးသည် ပူးပေါင်းလိုစိတ်မရှိလျှင် မိဘများသည် ထိုကလေးငယ်ကို မည်ကဲ့သို့ ကူညီပေးသနည်း။ မည်သို့သော အကျိုးဆက်ပြစ်ဒဏ်မျိုးကို ပေးပါသနည်း။ မိဘများသည် ထိုအကျိုးဆက်ပြစ်ဒဏ်များပေးရာတွင် ၄င်းတို့နှင့် သဟဇာတဖြစ်ပါသလား။ (သားသမီး၏ နှလုံးသားကို ပြောင်းလဲစေသူမှာ မိဘများမဟုတ်ဘဲ ဘုရားသခင်၏ ဝိညာဉ်တော်သာဖြစ်ပါသည်။ သားသမီးများသည် အမှန်တရားနှင့်အပြစ်၏ အကျိုးရလဒ်များကို နားလည်ပြီး ယေရှုခရစ်တော်လိုအပ်ကြောင်းကို သိရှိလာအောင်ကူညီပေးရန်နှင့် သူတို့ အသက်တာ၌ ဝိညာဥ်တော် အလုပ်လုပ်ဖို့ အမြဲဆုတောင်းပေးရန်စသည်တို့သည် မိဘများ၏ တာဝန်ဖြစ်သည်။)

# ဝိညာဉ် မိသားစု (အသင်းတော်) ၏ အခြေခံသိကောင်းစရာများ

ယေရှုခရစ်တော်သည် ကောင်းကင်၊ မြေကြီး၊ စကြဝဠာကိုဖန်ဆင်းပြီး ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသော ဘုရားသခင်ဖြစ်သည်။ သူသည် လောကလူသားများကို ကယ်တင်ရန် ကြွလာခဲ့သည်။ (ဟေဗြဲ ၁:၂၊ ယောဟန် ၃:၁၇)။ ယေရှုသည် အပြစ်တရားနှင့် ထာဝရသေခြင်းမှ လွတ်မြောက်လိုသောသူတိုင်းကို ကယ်တင်ရန်နှင့် ပျက်စီးနေသော ကမ္ဘာကြီးကို မျှော်လင့်ခြင်း ယူဆောင်လာရန် ကြွလာခဲ့သည်။ (မာကု ၁၀:၄၅)။ ယေရှု လောကသို့ ကြွလာသည့် ရည်ရွယ်ချက်ကို လူတို့အား ဤသို့ ဖော်ပြထားပါ သည်။ "...ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကိုကြားပြောစေခြင်းငှါ ငါ့ကို ဘိသိတ်ပေးတော်မူပြီ။ ကြေမွသောသူတို့၏ အနာကို ပျောက်စေခြင်းငှါ၎င်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကို ပြစေခြင်းငှါ၎င်း၊ ညှဉ်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှါ၎င်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါ၎င်း၊ ငါ့ကို စေလွှတ်တော်မူပြီဟု လာသတည်း။ ကျမ်းစာကိုလိပ်၍ စရပ်စောင့်အားပေးပြီးမှ ထိုင်တော်မူ၏။ စရပ်၌ရှိသော သူအပေါင်းတို့သည် ကိုယ် တော်ကိုစေ့ စေ့ကြည့်လျက်နေကြ၏။ ယေရှုကလည်း၊ ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည်အတိုင်း ပြည့်စုံလေပြီဟု မိန့်တော်မူ၏။" (လုကာ ၄:၁၇-၂၁)။ ယေရှု ခရစ်တော်သည် အသေခံပြီး သုံးရက်မြောက်သောနေ့တွင် ထမြောက်ကာ ကောင်းကင်သို့ တက်ကြွသွားခဲ့သည်။ ယခု သူ၏ ကယ်တင်ခြင်းလုပ်ငန်းကို မည်သူက ဆက်လက်လုပ်ဆောင် မည်နည်း။ ယေရှုခရစ်တော်သည် အသက်ရှင်လျက်ရှိသည်။ ယေရှုသည် သူ့ကို ယုံကြည်မျှော်လင့်သူတိုင်း၏ အထဲ၌ ဝိညာဉ်တော်ကို စေလွှတ်ပေးသည်။ (ယောဟန် ၁၄:၁၆-၁၇၊ ဖေက် ၁:၁၃-၁၄)။ သူ လောက၌ အသက်ရှင်စဉ် အစပြုခဲ့သောလုပ်ငန်းကို ဆက်လုပ်ဆောင်ရန် တပည့်တော်များအား တာဝန်ပေးအပ်ခဲ့သည်။ ၎င်းသည် ဝိညာဉ် မိသားစုဟု ခေါ်သည်။

ယေရှုခရစ်တော်သည် မြေကြီးပေါ်တွင် အမှုတော်ဆောင်ရွက်ခဲ့စဉ် ဝိညာဉ်မိသားစုအကြောင်းကို နောက်လိုက်များအား မိတ်ဆက်ပေးခဲ့သည်။ ယေရှုသည် ဤအတွေးအခေါ်ကို မိမိတပည့်တော်များနှင့်အတူ သင်ကြားပြသခဲ့သည်။ ၎င်း၏အဖွဲ့ဝင်ဖြစ်ရန်အတွက် ခေါင်းဆောင်ဖြစ်သောယေရှုခရစ်အထဲ၌ ယုံကြည်မှုရှိပြီး စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်းရှိဖို့သာလိုအပ်သည်။ မည်သည့်လူပုဂ္ဂိုလ်မဆို အားနည်းသောသူဖြစ်စေ၊ ဆင်းရဲသောသူဖြစ်စေ၊ မူးယစ်ဆေးဝါးသုံးစွဲနေသောသူဖြစ်စေ၊ မျှော်လင့်ခြင်းကင်းမဲ့သောသူဖြစ်စေ၊ ဤအဖွဲ့ထဲတွင် ဝင်လိုလျှင် ဝင်နိုင်ပါသည်။ ယေရှု၏ တပည့်တော်များက ဤဝိညာဉ်မိသားစုကို "အသင်းတော်" ဟုခေါ်ကြပြီး၊ ထိုအသင်းတော်၏ တိုးတက်မှုကို ကမ္ဘာပေါ်တွင်ဖြစ်စေ၊ ငရဲ (မရဏာနိုင်ငံ) တွင်ဖြစ်စေ၊ မည်သည့်အရာကမှ တားဆီးလို့ မရနိုင်ဟု ယေရှုက ကြေညာခဲ့သည်။ (မဿဲ ၁၆:၁၈)။

## ဝိညာဉ်ရေးမိသားစု၏ အရေးပါမှု

ယေရှုခရစ်တော်သည် ဤလောကတွင် အထိရောက်ဆုံးသောဆရာတစ်ပါးဖြစ်ခဲ့သည်။ လူအချို့ကတော့ ယေရှုသည် ကျောင်းတစ်ခု သို့မဟုတ် တက္ကသိုလ်တစ်ခုကို ဖွင့်ခဲ့လျှင် ရာကဏန်း၊ ထောင်ကဏန်းသောသူများစွာတို့က သူ၏ဆုံးမသွန်သင်မှုအောက်၌ သင်ကြားခွင့်ရနိုင်မည်ဟု ထင်မြင်ခဲ့ကြ သည်။ သို့သော် ယေရှုသည် လူအများအပြားကို ကူညီနိုင်မည့် အကောင်းဆုံးနည်းလမ်းမှာ ဧဝံဂေလိ တရားကို လူများတို့အား ဝေမျှခြင်းဖြင့်ဖြစ်သည်ဟု ယုံကြည်သော်လည်း၊ မိမိသည် လူအနည်းစုဖြစ်သော (ဝိညာဉ်မိသားစု) ထဲတွင် ရင်းနှီးမြှုပ်နှံခြင်းကို ပို

၍ အာရုံစိုက်သည်ကိုတွေ့ရပါသည်။ ထို့ နောက် တပည့်တော်တို့ကိုလည်း လူနည်းစုနဲ့သာ ရင်းနှီးမြုပ်နှံရန် မိန့်တော်မူခဲ့သည်။ (မဿဲ ၂၈:၂၀)။

## ပျက်စီးနေသောကမ္ဘာကြီးအတွက် ဘုရားသခင်၏ အဖြေ

နာကျင်ခြင်းဝေဒနာ၊ ဒုက္ခဆင်းရဲခြင်းများနှင့် ပျက်စီးနေသောကမ္ဘာကြီးတွင် လူတို့သည် မျှော်လင့်ခြင်းနှင့် အဖြေကို ရှာဖွေလျက်ရှိကြသည်။ မတူညီသော ဖြေရှင်းနည်းမျိုးစုံကို အစိုးရအဖွဲ့၊ ပညာရေးနှင့် ငွေကြေးအားဖြင့် ကြိုးစားမြင့်တင်ခဲ့ကြသည်။ ထို ပြဿနာဖြေရှင်းချက်များ၏ အရင်းအမြစ်ကို မတွေ့ရှိနိုင်ပေ။ လူသားတို့၏ ကြီးမားသောပြဿနာ၏ အရင်းအမြစ်မှာ **အပြစ်** ဖြစ်သည်။ ဘုရား သခင်နှင့် ဆက်ဆံရေးပျက်စီးခြင်း၊ လူအချင်းချင်းဆက်ဆံရေးပျက်စီးခြင်းသည် အပြစ်ကြောင့်ဖြစ်သည်။ ထိုအပြစ်ကြောင့် အခြားသောပြဿနာများစွာကိုလည်း ဖြစ်ပွားစေသည်။ အပြစ်ကို ခွင့်လွှတ်ပေးနိုင်သူမှာ ယေရှုခရစ်တော်တစ်ပါးတည်းသာဖြစ်သည်။ ယေရှုသည် ဘုရားသခင်နှင့် လူလူချင်းတို့၏ ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပေးခဲ့သည်။ ထို့ကြောင့် ဒဏ်ရာနဲ့ပြည့်နက်နေသော ကမ္ဘာကြီးကိုကူညီမစရန် ခရစ်သည်အသင်းတော်ကို တည်ဆောက်ပေးခဲ့ပါသည်။ လူတို့သည် အသင်းတော်ထဲတွင်ပြဿနာများစွာနဲ့ရုန်းကန်ကြပြီး အားနည်းသောလူများစွာရှိကြသော်လည်း အသင်းတော်သည် အပြစ်၏အဖြေကိုတွေ့ရှိရန် လူတို့ကိုကူညီပေးမည့် ဘုရားသခင်၏ တန်ဆာပလာလည်းဖြစ်ပါသည်။

• ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသော အကြမ်းဖက်မှုများနှင့် မတရားမှုများ အားလုံးအတွက် ပြောင်းလဲမှု၊ ပညာရေးနှင့် ငွေကြေးတစ်ခုခုကို ပြုလုပ်လိုသောသူများသည် အပြစ်နှင့် အတ္တစိတ်ကို ဖြေရှင်းနိုင်မှသာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

• စစ်ပွဲ၊ အကြမ်းဖက်မှုများကြောင့် လူအများအပြား သေဆုံးနေသည်ကို ကိုယ်ချင်းစာနာစိတ်ရှိပြီး အမှန်တကယ်ထိရောက်သည့် ပြောင်းလဲမှုတစ်ခု လုပ်လိုသောသူများအတွက်မူ လူတို့၏ စိတ်နှလုံးမပြောင်းလဲဘဲ စစ်အင်အားနှင့် ဖိအားသုံးခြင်းသည် ထူးခြားလာနိုင်မည်မဟုတ်ပါ။

• လူများစွာကိုဖျက်စီးနေသော ဖျားနာခြင်း၊ ရောဂါဝေဒသနာများနှင့် ကင်ဆာများအတွက် ဖြေရှင်းချက်ကို ရှာဖွေရာတွင် ဤအရာများသည် လူတိုင်း၏ အတွင်းနှလုံးသားရှိ ပြဿနာကြီးများနှင့် နှိုင်းယှဉ်သောအခါ အပေါ်ယံပြဿနာများသာဖြစ်သည်ကို သတိရပါ။

• ကမ္ဘာတစ်ဝှမ်းရှိ ဆင်းရဲမွဲသေမှုအောက်တွင်နေထိုင်သူများနှင့် ဆင်းရဲခြင်းကြောင့် ဘဝဆုံးရှုံးသွားသူများအတွက် ပညာရေးနှင့် ငွေကြေးများက လောဘနှင့် အကြမ်းဖက်မှုပြဿနာများ၏ အရင်းအမြစ်ဖြစ်သည့်အပြစ်မှ လွတ်မြောက်အောင် မဖြေရှင်းနိုင်ပါ။

• ကမ္ဘာတစ်ဝှမ်းရှိ ကွဲပြားသည့်ယုံကြည်ကိုးကွယ်မှုကြောင့် ဖြစ်ပေါ်လာသောရှုပ်ထွေးမှုများနှင့်ပဋိပက္ခများအတွက် ယေရှုတစ်ပါးတည်းကသာ ခွင့်လွှတ်ပေးနိုင်သူဖြစ်ကြောင်းကို သိမှတ်ရန် အရေးကြီးပါသည်။ အခြားဘာသာတရားများက ဖန်ဆင်းရှင်ဘုရားသခင်ပေးသော ခွင့်လွှတ်ခြင်းကိုလက်မခံဘဲ လူတို့၏အပြစ်ကို မိမိဖာသာဖြေရှင်းရန် နည်းလမ်းမျိုးစုံနှင့် ကြိုးစားကြသည်။

ယေရှုခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းကို တည်ဆောက်ပေးသည့် ဝိညာဉ်မိသားစု တစ် ခုသည် လူတိုင်းမိမိပတ်ဝန်းကျင်၌ ဤချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းကို သင်ယူရန် လိုအပ်ပါသည်။ မည်သည့်အစိုးရ၊ စီးပွားရေးအဖွဲ့ အစည်းကမှလည်း ယေရှုခရစ်တော်ပေးစွမ်းနိုင်သော ကူညီမစခြင်းကို မပေးနိုင်ကြပါ၊ ယေရှုက ၎င်းကို မိမိ၏ အသင်းတော်အားဖြင့် လုပ်ဆောင်ရန် ရွေးချယ်ခဲ့ပါသည်။ ကမ္ဘာကြီး၏အဆုံးတွင်၊ အသင်းတော်တစ်ခုတည်းကလွဲ၍ မည်သည့်အစိုးရ၊ စီးပွားရေးလုပ်ငန်းမှ ကျန် ရှိမည်မဟုတ်ကြောင်း (ဗျာ ၂၀း၁၁-၁၅) တွင် ဖော်ပြထားပါသည်။

သားသမီးများသည် ချစ်ခြင်းမေတ္တာနှင့် ကျန်းမာသောမိသားစု၌ ကြီးပြင်းလာသည့်အခါ သူတို့သည်နည်းမျိုးစုံ၌ အကျိုးပေးလျက်ရှိကြသည်။ ထိုနည်းတူ ခရစ်ယာန်လူသစ်တိုင်းသည်လည်း ချစ်ခြင်းမေတ္တာနှင့်ကျန်းမာသောဝိညာဉ်မိသားစုမှ ကြီးထွားလာမှ အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းအတွက် ဝိညာဉ် မိသားစုတစ်ခု ရှိဖို့လိုအပ်ပါသည်။ ၎င်းသည် ဝိညာဉ်မိသားစု၏ မိဘဖြစ်ရန် ဆုကျေးဇူးတစ်ခု မဟုတ်သကဲ့သို့၊ ရုပ်ပိုင်းဆိုင်ရာ မိသားစုတစ်ခု၌ မိခင် (သို့) ဖခင်ဖြစ်ခြင်းသည်လည်း ဆုကျေးဇူး မဟုတ်ပါ။ ဘုရားသခင်၏ အကြံအစည်မှာ လူများစွာတို့သည်ရုပ်ပိုင်းဆိုင်ရာ မိဘများဖြစ်ကြသည့်အတိုင်း ကလေးများကို မွေးဖွားစောင့်ရှောက်ပေးရန်၊ သူတို့ ကိုယ်တိုင်လည်း မိဘများဖြစ်လာအောင် သင်ယူပြီး၊ ကြီးထွားလာရန် ကူညီသင်ကြားပေးဖို့ဖြစ်သည်။ ထိုနည်းတူ ဘု ရားသခင်၏ သားသမီးများသည်လည်း နုနယ်သောဝိညာဉ်သားသမီးကို စောင့်ရှောက်ပေးရန်နှင့် ၎င်းတို့သည်လည်း ထပ်ဆင့်ဝိညာဉ်သားသမီးများစွာကို မွေးဖွားပေးကာ ကြီးထွားတိုးတက်လာအောင်ကူ ညီပေးရန်မှာ ဘုရားသခင်၏အကြံအစည်တော်ဖြစ်ပါသည်။

ယေရှုနှင့် တပည့်တော်များ၏ သွန်သင်ပေးခဲ့သည့် သမ္မာသစ်ကျမ်း၌ရှိသော ဝိညာဉ်မိသားစုအကြောင်း အမြင်ရှု့ထောင့် သုံးခုကို အောက်ဖော်ပြပါအတိုင်း တွေ့နိုင်ပါသည်။

- အသင်းတော်၏ ပုံစံနှင့်ရည်ရွယ်ချက်
- အသင်းတော်၏ လုပ်ဆောင်ချက်

အောက်တွင် အမြင်ရှု့ထောင့် သုံးခုအတွက် ကျမ်းချက်များကိုလည်း အသေးစိတ်ဖော်ပြထားပါသည်။

# အသင်းတော်၏ ပုံစံနှင့် ရည်ရွယ်ချက်

## အသင်းတော်၏ ဦးခေါင်းဖြစ်သော ခေါင်းဆောင်

- ယေရှုခရစ်တော်သည် မိမိခန္ဓာတည်းဟူသော အသင်းတော်၏ ဦးခေါင်းနှင့် ခေါင်းဆောင်ဖြစ်သည်။ (ဧဖက် ၁:၂၂-၂၃)
- ယေရှုခရစ်တော်သည် မိမိကို ယုံကြည်သူတစ်ဦးချင်းအထဲ၌ ဝိညာဉ်တော်အားဖြင့် ကိန်းဝပ်တော်မူသည်။ (ဧဖက် ၁:၁၃-၁၄)
- ယုံကြည်သူတိုင်းသည် ခရစ်တော်၏ ဝိညာဉ် ခန္ဓာကိုယ်၏ အစိတ်အပိုင်းဖြစ်သည်။ (၁ ကော ၁၂:၁၂-၂၇)

## အသင်းတော်၏ အသင်းဝင်များ

ယေရှုခရစ်တော်၏ အသင်းဝင်များသည် မိသားစုတစ်စုကဲ့သို့ ဖြစ်ကြသည်။

- ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုဝင်များ ဖြစ်ကြသည်။ (ဧဖက် ၂:၁၉၊ ၁ တိ ၃:၁၅)။
- ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏ ညီအစ်ကို၊ ညီမများဖြစ်သည်။ (ယောဟန် ၂၀:၁၇)။
- ကျွန်ုပ်တို့သည် ယေရှု၏ မိသားစုဝင်များဖြစ်ကြလို့ ယေရှုမရှက်ပါ။ (ဟေဗြဲ ၂:၁၁-၁၃)။

ယေရှုခရစ်တော်၏ အသင်းဝင်များသည် ခန္ဓာကိုယ်တစ်ခုကဲ့သို့ဖြစ်ကြသည်။ (၁ ကော ၁၂း၁၂-၃၁)။

- ခရစ်တော်၌ ယုံကြည်သူအားလုံးသည် ခရစ်တော်၏ ခန္ဓာကိုယ်အားဖြင့် တည်ဆောက် ကြရသည်။ ခရစ်တော်၏ ခန္ဓာကိုယ်ကို အသင်းတော်ဟု လည်းခေါ်သည်။ ( ၁ ကော ၁၂း၂၇-၂၈)
- ခန္ဓာကိုယ်ကဲ့သို့ အချင်းချင်းကိုကူညီမစရန် အစိတ်အပိုင်းတစ်ခုစီတွင် ဆုကျေးဇူး၊ အစွမ်းအစများကိုယ်စီ ရှိကြသည်။

ယေရှုခရစ်တော်၏ အသင်းဝင်များသည် အဆောက်အဦးတစ်ခုကဲ့သို့ဖြစ်ကြသည်။ ( ၁ ပေ ၂း၄-၁၀)

- ယုံကြည်သူအားလုံးသည် အဆောက်အဦးတစ်ခုကို တည်ဆောက်ပေးသော ကျောက်တုံးများကဲ့သို့ဖြစ်ကြသည်။
- ယေရှုခရစ်တော်သည် အုတ်မြစ်အတွက် အလိုအပ်ဆုံးသောအစိတ်အပိုင်းဖြစ်သည့် အသက်ကျောက်မြတ်ဖြစ်သည်။

ယေရှုခရစ်တော်၏ အသင်းဝင်များသည် မင်္ဂလာသတို့သမီးကဲ့သို့ဖြစ်ကြသည်။ (၂ ကော ၁၁:၂၊ ဗျာဒိတ် ၁၉:၆-၁၀)

- ခရစ်တော်၌ ယုံကြည်သူအားလုံးသည် ခရစ်တော်၏ မင်္ဂလာသတို့သမီးအားဖြင့်ဖြစ်ကြသည်။ ၄င်းကို တစ်ခါတစ်ရံ "အသင်းတော်" ဟုခေါ်ပြီး၊ နေရာတိုင်းတွင်ရှိသော ယုံကြည်သူများလည်း ပါဝင်သည်။

- ခရစ်တော်၌ ယုံကြည်သူများ စုစည်းသည့် နေရာတိုင်းကိုလည်း အသင်းတော်ဟု ခေါ်သည်။ (၁ ကော ၁:၂)

## ချစ်ခြင်းမေတ္တာနဲ့ ပြည့်စုံသော ဖန်ဆင်းရှင်ဘုရားနှင့် ရင်းနှီးသောဆက်ဆံမှု

အသင်းတော်၏ ရည်ရွယ်ချက် ပြီးပြည့်စုံခြင်းကို ဗျာဒိတ်ကျမ်းတွင် တွေ့နိုင်ပါသည်။

- အသင်းတော်သည် ခရစ်တော်၏ သတို့သမီးဖြစ်ပြီး တလုံးတဝတည်း သူနဲ့အမြဲ ရှိနေဖို့ဖြစ်သည်။ (ဗျာဒိတ် ၁၉:၆-၉)
- အသင်းဝင်များသည် ခရစ်တော်နှင့်အတူ မြဲတမ်းရင်းနှီးစွာ နေထိုင်ဖို့ဖြစ်သည်။ (ယောဟန် ၁၄:၁-၆၊ ဗျာ ၂၂:၁-၆)
- ခရစ်တော်၌ ယုံကြည်သူအားလုံးသည် ထာဝရဘုရားကို အမြဲကိုးကွယ်ရန်နှင့်အစေခံရန် ဖြစ်သည်။ (ဗျာ ၇:၉-၁၇)

## အသင်းတော်၌ ခေါင်းဆောင်မှုအတွက် ဘုရားသခင်၏ အကြံအစည်တော်

ယေရှုခရစ်တော်သည် အသင်းတော်ကို ဦးဆောင်သူဖြစ်သည်။ မိသားစုတစ်စုကဲ့သို့ သူပြန်ကြွလာသည်အထိ ခေါင်းဆောင်မည့် လူများကို ရွေးချယ်ခန့်ထားလျက်ရှိပါသည်။ ပေတရုသည် ယေရှု ဆုံးမသွန်သင်ခဲ့သော လူပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ (၁ ပေ ၅:၁-၄)

- သိုးထိန်း (သင်းအုပ်)၊ သင်းထောက် စသည့် ဝေါဟာရ စကားလုံးများသည် အဓိပ္ပါယ်တူကြပြီး၊ ၄င်းတို့သည် အသင်းတော်ကို စောင့်ရှောက်သောသူများဖြစ်ကြသည်။ (၁ ပေ ၅:၁-၄)
- အသင်းတော်ခေါင်းဆောင်များသည် အသင်းတော်အတွက် ပုံသက်သေများဖြစ်သင့်သည်။ (၁ ပေ ၅:၁-၄)
- အသင်းတော်ခေါင်းဆောင်များသည် အသင်းတော်၏ အစေခံများဖြစ်သည်။ (မာကု ၁၀:၄၂-၄၄)
- အသင်းတော်ခေါင်းဆောင်များသည် အသင်းတော်ကို လုပ်ကျွေးပေးရမည်။ (ယောဟန် ၂၁:၁၅-၁၇)
- အသင်းတော်ခေါင်းဆောင်များသည် အသင်းတော်ကို ကာကွယ်ပေးရမည်။ (တမန် ၂၀:၂၈)
- အသင်းတော်ခေါင်းဆောင်များသည် အသင်းတော်၏ အသင်းသူ၊ အသင်းသားများကို ဆုံးမသွန်သင်ပေးပြီး၊ တန်ဆာဆင်ပေးရမည်။ (ဖေက် ၄:၁၁-၁၆)။

## အချင်းချင်း ကူညီပေးပါ

ဘုရားသခင်သည် လူတိုင်းကို ချစ်သောကြောင့် ယခုဘဝ၊ နောင်ထာဝရကာလတိုင်သူနှင့်အတူရှိရန် ဆန္ဒရှိသည်။ “ငါတို့သည် နိုးလျက်ရှိသည်ဖြစ်စေ၊ အိပ်ပျော်သည်ဖြစ်စေ၊ ထိုသခင်နှင့်အတူ အသက်ရှင်မည်အ

ကြောင်း၊ ငါတို့အကို အသေခံတော်မူပြီ။ ထိုကြောင့်၊ သင်တို့သည် ယခု ပင်ပြု သည် နည်းတူ၊ အချင်းချင်း တိုက်တွန်း၍ တယောက်ကိုတယောက် တည်ဆောက်ကြလော့။" (၁ သက် ၅:၁၀-၁၁)။

အချင်းချင်း အားပေးခြင်း၊ တည်ဆောက်ပေးခြင်းသည် မိမိလူတို့အတွက် ဘုရားသခင်၏ အဓိက ရည်ရွယ်ချက်တစ်ခုဖြစ်သည်။ ကိုယ်ခန္ဓာတစ်ခုတွင် နား၊ ခြေချောင်း၊ လက်စသည့် ကိုယ်အင်္ဂါများသည် ဦးခေါင်း၏ ရည်ရွယ်ချက်ကို ပြည့်စုံစေရန် အချင်းချင်းကူညီကြသကဲ့သို့ အသင်းတော်၏ အသင်းဝင်များသည်လည်း ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေရန်အတွက် အချင်းချင်း ကူညီပေးရန်ဖြစ်သည်။

- ၁ ကော ၁၂:၁၂-၃၀
- ဖေက် ၄:၁၁-၁၆

## အားနည်းခြင်းနှင့် လိုအပ်မှု ရှိရန် ရည်ရွယ်ထားသည်

လူ့သဘာဝအရ အားနည်းခြင်း၊ ချို့တဲ့ခြင်းကို မလိုလားကြသော်လည်း ဘုရားသခင်သည် သူ့ ကို အမြဲလိုအပ်ရန် ကျွန်ုပ်တို့ကို ဖန်ဆင်းထားပါသည်။ (ယောဟန် ၁၅:၁-၅)။ ကျွန်ုပ်တို့၏ အားနည်း ခြင်းမှ ဘုရားသခင်၏ ကြီးမြတ်ခြင်းကို ပို၍ မြင်ရသည် (၂ ကော ၁၂:၉)။ အသင်းတော်သည်လည်း အားနည်းသူများ၊ လိုအပ်သူများ စုပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ဖန်တီးထားခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အကန့်အသတ်များနှင့် ဖန်ဆင်းထားသောကြောင့်အခြား သူများ၏ အကူအညီကို အမြဲလိုအပ်သည်။

• သင်၏ ခြေသည် လက်ကို သို့မဟုတ် နားတို့ကို မည်မျှလိုအပ်ပါသနည်း။ ထို့အတူ၊ အခြားအင်္ဂါများသည်လည်း တစ်ဦးကိုတစ်ဦး မည်မျှလိုအပ်ပါသနည်း။ (၁ ကော ၁၂:၁၂-၂၆)။ ထိုသို့ပင် ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းများကဲ့သို့ ယေရှုခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သော အသင်းတော်ရှိ အသင်းဝင်များသည် မတူညီသောအရည်အချင်းများ၊ အစွမ်းအစများနှင့် ဖြစ်တည်ခြင်းများဖြင့် ဖန်ဆင်းထားပါသည်။ ဤအဖွဲ့ဝင်များသည် စည်းလုံးညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်ကြသောအခါ တစ်ဦးချင်းအ တွက်လည်း အကျိုးရှိလာသည်။ (ဖေက် ၄:၁၁-၁၆)။

• ယေရှုခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သောအသင်းဝင်များသည် တစ်ဦးကို တစ်ဦးလှုံ့ဆော်ပေးခြင်းနှင့် တည်ဆောက်ပေးခြင်းမရှိလျှင် မည်သို့ဖြစ်ကြမည်နည်း။ (ဟေဗြဲ ၃:၁၂-၁၃)။

## လောက၌ ယေရှုခရစ်တော်၏ ဆန္ဒကို ပြည့်ဆည်းခြင်း

အသင်းတော်သည် ယေရှုခရစ်၏ ခန္ဓာကိုယ်ဖြစ်ပြီး၊ လောကတွင် သူ၏ရည်ရွယ်ချက်ကို ပြည့်စုံစေရန် ဖန်ဆင်းထားခြင်းဖြစ်သည်။ သူ၏ ဆန္ဒမှာ -

• ကမ္ဘာပေါ်ရှိ လူတိုင်းသည် အပြစ်မှ လွတ်မြောက်ရန် အခွင့်အလမ်းရှိစေဖို့ ဖြစ်ရမည်။ (ယော ဟန် ၃:၁၆-၁၇)

• လွတ်မြောက်ပြီးသောလူတိုင်း (ခရစ်ယာန်များ) သည် ယေရှုခရစ်တော်နှင့် အတူရင့်ကျက် သောအသက်တာ ရှိကြရမည်။ (ဖေက် ၄:၁၁-၁၆)
• ကမ္ဘာပေါ်ရှိ လူမျိုးနွယ်စုတိုင်းတွင် တပည့်တော်များနှင့် ဝိညာဉ်မိသားစုများကို မွေးဖွားစေရမည်။ (မဿဲ ၂၈:၁၈-၂၀)

## လောကအတွက် အလင်း

• ယေရှုသည် လောက၌ အသက်ရှင်စဉ်၊ သူသည် လောကအတွက် ဘုရားသခင်၏ ကိုယ်စားလှယ်တော် ဖြစ်ခဲ့သည်။ (ဟေဗြဲ ၁:၁-၄)
• ယခုတွင် အသင်းတော်သည် လောကအတွက် ဘုရားသခင်၏ ကိုယ်စားလှယ်ဖြစ်သည်။ ယေရှုသည် လောက၏ အလင်းဖြစ်သည် (ယောဟန် ၁:၄)။ ထို့နောက် မိမိ၏ သားသမီးများ ဖြစ်သော (အသင်းတော်) သည်လည်း လောက၏ အလင်းဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။ (မဿဲ ၅:၁၄၊ ဖိလိပ္ပိ ၂:၁၅-၁၆)။

## ဝိညာဉ် သားသမီးများမွေးဖွားခြင်းနှင့် ဝိညာဉ်မိသားစုများ တည်ဆောက်ခြင်း

ယေရှုသည် မြေကြီးပေါ်တွင်အသက်ရှင်စဉ် မိမိဆန္ဒမှာ လူများသည် “ဒုတိအကြိမ်မွေးဖွား” ၍ မိသားစုဝင်ဖြစ်ရန်ဖြစ်သည်။ (ယောဟန် ၃)။ သူသည် တပည့်တော်များအား လူတို့ကို ခေါ်ဆောင်လာပြီး ဝိညာဉ်၌ မွေးဖွားစေရန် သွန်သင်ပေးခဲ့သည်။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အတွက် ဝိညာဉ် မိဘအဖြစ်စံပြ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။ သူသည် သားသမီးများကို စနစ်တကျ သင်ကြားပေးသော မိဘများဖြစ်ရန် တပည့်တော်များကိုလည်း ဆုံးမသွန်သင်ခဲ့သည်။ သူသည် လူအနည်းစုကိုသာ ရွေးချယ်ပြီး၊ ၎င်းသည် မိဘတစ်ဦးတတ်နိုင်သမျှဖြင့် သားသမီးအနည်းစုကို အာရုံစိုက် ပြုစုသည့် ပုံစံနှင့် တူအောင်သင်ကြားပေးခဲ့သည်။

အသင်းတော်သည် ဝိညာဉ်မိသားစုဖြစ်သောကြောင့် အသင်းတော်ခေါင်းဆောင်များသည်ယေ ရှု၏ နည်းလမ်းအတိုင်း ဝိညာဉ်သားသမီးများမွေးဖွားခြင်းနှင့် သင်ကြားပြုစုခြင်းလုပ်ငန်းကို ဆက်လက် လုပ်ဆောင်သင့်ပါသည်။ ယေရှု၏ စံနမူနာကို အစွဲပြု၍ အောက်ပါဇယားသည် ယေရှု၏ ဥပမာကို အခြေခံပြီး ဝိညာဉ်မိသားစု (အသင်းတော်) တစ်ခုနှင့် ကျန်းမာသောမိသားစုအကြား တူညီချက်များကို ဖော်ပြပေးထားပါသည်။

| လောက မိသားစု | ဝိညာဉ် မိသားစု |
|---|---|
| ပုံမှန် သားသမီးအသစ်များ မွေးဖွားခြင်းဖြစ်သည်။ | ဝိညာဉ်သားသမီးအသစ် မွေးဖွားခြင်းသည် သဘာဝဖြစ်သည်။ |
| ကလေးများ ကြီးထွားဖို့ အကူအညီ လိုအပ်သည်။ | ခရစ်ယာန်အသစ်များ (သားသမီးများ) ကြီးထွားရန် အကူအညီလိုအပ်သည်။ |
| မိဘများသည် သားသမီးများအား အစားအစာ၊ စောင့်ရှောက်မှုနှင့် ကာကွယ်မှုလိုအပ်သည်။ | ရင့်ကျက်သော ခရစ်ယာန်များသည် လူသစ်များအား ဝိညာဉ်အစာ၊ စောင့်ရှောက်မှုနှင့် ကာကွယ်မှုများပေးရန် လိုအပ် သည်။ |
| မိဘများသည် သားသမီးများကို လက်ရှိအခြေ အနေတိုင်းတွင် ကူညီရန် တာဝန်ရှိသည်။ | ရင့်ကျက်သောသက်ကြီးပိုင်း ခရစ်ယာန်များသည် လူသစ်များကို အသက်တာ၌ ကူညီရန် တာဝန်ယူပေးရသည်။ |
| ကလေးတစ်ဦးချင်းစီအား ဂရုစိုက်နားလည်ပေးခြင်းသည် သားသမီးများကို ကူညီရန် အကောင်းဆုံးနည်းလမ်း ဖြစ်သည်။ | ပုဂ္ဂိုလ်ရေးဆက်ဆံမှုနှင့် အချင်းချင်းနားလည်ပေးခြင်းသည် လူတစ်ဦးကိုကူညီရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ |
| သင်တန်းပေးခြင်းနှင့် အစီအစဉ်ကောင်းများ ရေးဆွဲခြင်းသည် ကောင်းသော်လည်း လုံလောက်မှု မရှိနိုင်ပါ။ | သင်တန်းပေးခြင်းနှင့် အစီအစဉ်ကောင်းများရေးဆွဲခြင်းသည် ကောင်းသော်လည်း လုံလောက်မှု မရှိနိုင်ပါ။ |
| သားသမီးများသည် မိသားစုအသစ် စတင်ရန် ကူညီသင်ကြားပေးဖို့ လိုသည်။ | ခရစ်ယာန်အသစ်များသည် ဝိညာဉ်မိသားစု အသစ်ကို စတင်ရန် ကူညီသင်ကြားဖို့ လိုသည်။ |

## ဝိညာဉ် မိသားစုသည် တပည့်တော်များ ကြီးထွားရန်အတွက် ဘုရားသခင်၏ အကောင်းဆုံး ရည်ရွယ်ချက်ဖြစ်သည်

ယေရှုခရစ်တော်သည် ကမ္ဘာပေါ်ရှိ အကောင်းဆုံး သင်ကြားလေ့ကျင့်ပေးသောဆရာတစ်ဦးဖြစ်သည်။ သူ၏ ဆန္ဒမှာ လောက၌ရှိသော လူတိုင်းကို ကူညီဖေးမလိုသော စိတ်ဖြစ်သည်။ ထိုကြောင့် လူအများအပြားကို အကောင်းဆုံးနည်းဖြင့် ကူညီရန် ယေရှုသည် ဖန်ဆင်းရှင်ဘုရားဖြစ် သောကြောင့် အဘယ်အရာ လုပ်ဆောင်ရမည်ကို သိသောသူဖြစ်သည့်အတိုင်း မည်သည့်နည်းလမ်းကို အသုံးပြုခဲ့ပါသနည်း။ အဖြေကတော့ သူသည် တပည့်တော်အနည်းစုကို ရွေးချယ်ပြီး၊ မိမိသားသမီးများကဲ့သို့ ကျန်ရှိသောဘဝအသက်တာကို တပည့်တော် ၁၂ ဦးနှင့်အတူ အချိန်ကိုကောင်းစွာ အသုံးပြုခဲ့သည်။ သူသည် ကြီးမားသောအဖွဲ့အစည်း သို့မဟုတ် ကျောင်းကို ထူထောင်ရန် မဟုတ်ပါ။ သူသည် လောကလူသားများကို ကူညီဖို့ အကောင်းဆုံးသော နည်းလမ်းမှာ မိမိအချိန်၊ ကြိုးစားအားစိုက်မှုကို မိသားစုထဲက သားသမီးများကဲ့သို့ ကြီးထွားဆက်ကပ်လိုသောလူနည်းစု တပည့်တော်များနှင့်အတူ အချိန်ကိုဖြုတ်သန်းခြင်းဖြစ်သည်။

လူအများစုက အဖွဲ့အစည်းကြီးသည် သေးငယ်သောမိသားစုထက် ပို၍ တန်ခိုးရှိပြီး၊ ထိရောက်မှုရှိ မည်ဟု ထင်ကြတတ်ကြသည်။ အသင်းတော်ခေါင်းဆောင်များကလည်း ဘုရားကျောင်းတွင် လူ ၁၀၀ လောက်ရှိမှ ကောင်းမည်၊ ပိုများရင် ပိုကောင်းမယ်ဟု ထင်တတ်ကြသည်။ သို့သော်လည်း လောကကို ဖန်ဆင်းသောဘုရားသည် လောကတွင်အသက်ရှင်စဥ် ထိုသို့ မလုပ်ဆောင်ခဲ့ပါ။ အသင်းတော် ခေါင်းဆောင်များက အဖွဲ့အစည်းကြီးတစ်ခု

ကဲ့သို့ ကြီးမားသောအသင်းတော်ရှိမည်ဆိုလျှင် ကမ္ဘာကြီးကို ကူညီနိုင်ဖို့ ပို၍လွမ်းမိုးနိုင်မည်ဟု မကြာခဏထင်တတ်ကြသည်။ ယေရှုသည် လောကၣ်ရှိစဉ် ဘယ်တော့မှ ထိုသို့ မစဉ်းစားခဲ့ပါ။ ဖန်ဆင်းရှင် ယေရှုခရစ်တော်သည် သုံးရက်မြောက်သောနေ့တွင် ရှင်ပြန် ထမြောက်ပြီး ကောင်းကင်သို့မတက်ကြွမီ သူ၏တပည့်တော်များအား ဤသို့ ညွှန်ကြားခဲ့သည်။ "ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏။" (မဿဲ ၂၈:၁၈-၂၀)။

သူတို့ ဘယ်ကိုသွားပြီး၊ ဘာတွေလုပ်ဆောင်ခဲ့ကြသနည်း။ အဖွဲ့အစည်း၊ ကျောင်းတစ်ခုကို စတင်ခဲ့ကြပါသလား။ ထိုသို့ မဟုတ်ပါ။ တမန်တော်ဝတ္ထု ၂ က ယေရှု လောကသို့ ကြွလာသည့်အကြောင်းနှင့် လူတို့အတွက် လုပ်ဆောင်ခဲ့သောအရာကို ပြောပြထားသည်။ တမန် ၂:၄၂-၄၇ တွင် ခရစ်ယာန်အသစ် များနှင့် ပထမဆုံးတပည့်တော်များ ပြုခဲ့သောအရာများကို ဖော်ပြထားပါသည်။ သူတို့သည် ယေရှု လုပ်ဆောင်စေချင်သောအရာများကို လုပ်ဆောင်ဖို့ ကူညီပေးကြသည်။ သူတို့သည် မိသားစုကဲ့သို့ နေ့စဉ် ဘဝအသက်တာကို အတူတကွ မျှဝေခဲ့ကြသည်။

နောက်ပိုင်းတွင် ပေါလုသည် ကနဦးအသင်းတော် ခေါင်းဆောင်များတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ သူသည် သမ္မာသစ်ကျမ်းစာကို အခြားသူများထက် အများဆုံးရေးသားထားသူလည်းဖြစ်သည်။ သူကူ ညီပေးခဲ့သော ခရစ်ယာန်များအတွက် သူသည် မိခင်တစ်ဦး၊ ဖခင်တစ်ဦးအဖြစ် မိမိကိုယ်ဖော်ပြ ခဲ့ သည်။ (၁ ကော ၄:၁၅၊ ၁ သက် ၁:၇-၁၂၊ ၂ ကော ၁၂:၁၄-၁၅)။ သူသည် အဖွဲ့အစည်း တစ်ခု၏ ခေါင်း ဆောင် မဟုတ်ပါ။ သူ၏စာတွင် ပေါလုက "သင်တို့တွင် ခရစ်တော်၏ အကြောင်းကို သင်ပေးသော ဆရာတသောင်း ရှိပြားသော်လည်း၊ အဘအများမရှိ။ ဧဝံဂေလိတရားအားဖြင့် ငါသည် သင်တို့ကို ယေရှုခရစ်၌ ဖြစ်ဘွားစေပြီ။ သို့ဖြစ်၍၊ ငါကျင့်သည် နည်းတူ သင်တို့သည် ကျင့်ကြမည် အကြောင်းငါနှိုး ဆော်တောင်းပန်၏။" (၁ ကော ၄:၁၅-၁၆) ဟုရေးသားခဲ့သည်။

ပေါလုသည် ရောမသြဝါဒစာကို ရေးသားရာတွင် ရောမမြို့ရှိ မတူညီသောမြို့၊ ရွာများ၌ တွေ့ဆုံခဲ့သော မတူညီသည့် ခရစ်ယာန်များအား နှုတ်ခွန်းဆက်စာများ ပေးပို့ခဲ့သည့်အချက်မှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ (ရောမ ၁၆:၅၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅)။ သူတို့သည် ကြီးမားသောအသင်းတော် (သို့) အဖွဲ့အစည်းတစ်နေရာတွင်တွေ့ဆုံခြင်းမျိုးမဟုတ်ဘဲ၊ မိသားစုအလိုက် အိမ်တိုင်းတွင် သီးခြားစုဝေးကာ ချိတ်ဆက်တွေ့ဆုံကြသည်ကိုတွေ့ရသည်။ ၎င်းတို့သည် အဖွဲ့အစည်းကြီး မဟုတ်ဘဲ၊ ဝိညာဉ် မိသားစုများ ဖြစ်ကြသည်။ မိသားစုနှင့် အဖွဲ့အစည်းတစ်ခုအကြား မတူညီသောအချက်များကို အောက်ပါဇယား တွင် ဖော်ပြထားပါသည်။

| မိသားစု | အဖွဲ့အစည်း |
| --- | --- |
| မိသားစုသည် ချစ်ခြင်းမေတ္တာ အိမ်ထောင်မှ အစပြုပြီး၊ ၎င်းကို ပြသရန်မွေးဖွားလာသော သားသမီးများကြောင့်ဖြစ်သည်။ | အဖွဲ့အစည်းများသည် ချစ်ခြင်းမေတ္တာကိုပြသလိုခြင်းထက် အခြားအကြောင်းပြချက်များကြောင့် ၎င်းကို စတင်ကြသည်။ |
| မိဘများသည်သားသမီးတစ်ဦးချင်းအားစောင့်ရှောက်ခြင်း၊ ထောက်ပံ့ခြင်း၊ တိုးတက်ခြင်း၊ သင်ကြားပေးခြင်းတို့ကိုတာဝန်ယူသည်။ | ခေါင်းဆောင်များသည် လူတိုင်းနှင့် ဆက်ဆံရေးထက် အဖွဲ့အစည်းလုပ်ငန်းလည်ပတ်မှုကို ပို၍ ဦးစားပေးကြသည်။ |
| မိဘများသည် ကလေးတစ်ဦးချင်းနှင့် ချစ်ခြင်းမေတ္တာပြည့်ဝသောဆက်ဆံရေးရှိသည်။ | အဖွဲ့အစည်းခေါင်းဆောင်များသည် တစ်ဦးချင်းနဲ့ မေတ္တာကြောင့်မဟုတ်ဘဲ၊ လုပ်ငန်းအောင် မြင်ဖို့ စီမံခန့်ခွဲမှုကိုသာ စိတ်ဝင်စားတတ်ကြသည်။ |
| မိဘများသည် သားသမီးများကို မွေးဖွားပြီး ၎င်းတို့ ကြီး ပြင်းလာသည့်အခါ သူတို့သည် မိဘများဖြစ်လျက် နောက်ကလေးများက ထပ်မွေးကြသည်။ | အဖွဲ့အစည်းခေါင်းဆောင်များသည် အဖွဲ့ကြီးထွားလာလေ အလုပ်ကိုပို၍ အကောင်ထည်ဖော်လာတတ်ကြသည်။ |
| မိဘများသည် မိမိသားသမီးများကို မိဘများဖြစ်စေရန် သူတို့ကိုယ်တိုင်သားသမီးများကို မွေးဖွားရန် ပြင်ဆင်ပေးကြသည်။ | အဖွဲ့ခေါင်းဆောင်များသည် အဖွဲ့အစည်းသစ်ကိုစတင်ရန် အဖွဲ့ဝင်များကို သင်ကြားပေးလေ့ မရှိကြပါ။ |
| မိဘများသည် သူတို့၏ အသက်ရှင်ခြင်းအားဖြင့်သားသမီးအတွက် ဥပမာကောင်းများဖြစ်ကြသည်။ | အဖွဲ့ခေါင်းဆောင်များသည် သူတို့လုပ်ဆောင်နေသော အရာများကို အဖွဲ့ဝင်များလုပ်ဆောင်ရန် မျှော်လင့်မထား တတ်ကြပါ။ |
| မိဘများက မိမိသားသမီးများကြီးပြင်း လာ ပြီး၊ မင်္ဂလာဆောင်ကာ မိသားစုအသစ်စတင် ကြဖို့ ဆန္ဒရှိကြသည်။ | အဖွဲ့အစည်းခေါင်းဆောင်များက မိမိအဖွဲ့အစည်းပို ကြီးလာဖို့မျှော်လင့်ကြသည်။ မူလအဖွဲ့အစည်းကို ယှဉ်ပြိုင်မည့် အဖွဲ့အစည်းအသစ် ဖြစ်မလာဖို့ မျှော်လင့်ကြသည်။ |
| မိဘများက မိမိသားသမီးများကိုထိန်းချုပ်ဖို့ထက် ဆက်ဆံရေးကို ပိုဦးစားပေးကြသည်။ | အဖွဲ့ခေါင်းဆောင်များသည် အသင်းဝင်များနဲ့ ဆက်ဆံရေးထက် အဖွဲ့အစည်းစီမံအုပ်ချုပ်မှုကို ပိုစိတ်ဝင်စားကြသည်။ |
| **ခိုင်မာသော မိသားစု၏ ရလဒ်များ**<br><br>• မိဘများ၊ ညီအစ်ကို မောင်နှမများနှင့် ခိုင်မာသောဆက်ဆံရေး<br>• သားသမီးတို့သည် ကောင်းသောအကျင့်၌ တည်ကြည်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ကြင်နာခြင်း၊ ကူညီမစတတ်ကြသည်။ | **ခိုင်မာသော အဖွဲ့အစည်းကောင်း၏ ရလဒ်များ**<br><br>• အသင်းဝင်များသည် ရည်ရွယ်ချက်ကို အောင်မြင်စေကြသည်။<br>• အသင်းဝင်များသည် ကိုယ်ရေးကိုယ်တာကိစ္စများ၌ တိုးတက်မှုနည်းပါးကြသည်။ |

ဤ ဝိညာဉ်မိသားစု တည်ဆောက်ခြင်းနည်းဗျူဟာသည် ကောင်းသောခံစားချက်မျိုးရှိဖို့မဟုတ်ပါ။ သို့သော် ဤအစီအစဉ်ကို လုပ်ဆောင်သူသည် မည်သူဖြစ်သည်ကို သိရှိရန်ကူညီပေးပါသည်။ ယနေ့ကမ္ဘာကြီးတွင် ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်ဖြစ်တော်မူသော ဘုရားသခင်၏ အကြံအစည်တော်ထက်ပို၍ ကောင်းမွန်သောအကြံအစည်သည် မည်သူ့ထံ၌ ရှိနိုင်မည်ဟု ထင်ပါသနည်း။

## ဝိညာဉ်မိသားစု၏ မိဘဖြစ်ခြင်း သော့ချက်

လောက မိသားစု၏ ဖခင်ဖြစ်ဖို့ဆို ဇနီးသည်နှင့် ကလေးရှိပြီး၊ မိမိကလေးကိုပြုစုဖို့နှင့်ဆုံးမ သွန်သင်ရန် အတွက် တာဝန်ယူတတ်ဖို့လည်းလိုအပ်သည်။ လူတစ်ဦးသည် စာအုပ်ဖတ်ရုံ၊ သင်တန်းတက်ရုံနဲ့ မိဘဖြစ်ဖို့ လေ့လာသင်ယူလို့မရနိုင်ပါ။ မိမိကလေးကို တာဝန်ယူပြုစုပျိုးထောင်ဖို့လိုအပ်သည်။ ၄င်းသည် အခြားတပည့် တော်တစ်ဦးကို မွေးထုတ်လိုသောသူအဖို့ မှန်ကန်သောအရာလည်းဖြစ်သည်။

လင်မယားစုံတွဲတစ်တွဲသည် ကလေးတစ်ဦးရှိသော်လည်း ထိုကလေးကို ပြုစုပျိုးထောင်ရန် တာဝန်မယူဘဲ အဘိုးအဖွားတို့အား တာဝန်ပေးအပ်ခဲ့သည်။ မိဘများသည် တစ်ပတ်တစ်ကြိမ် သွားရောက်လည်ပတ်ကြသော်လည်း ကလေးငယ်ကို တာဝန်အပြည့်အဝ မယူကြပါ။

၄င်းသည် ဝိညာဉ်ရေး၌လည်း အလားတူဖြစ်ပါသည်။ အခြားသူတစ်ဦး ကြီးထွားရင့်ကျက်ရန်အတွက် ဖြစ်နိုင်သည့်နည်းလမ်းများနဲ့ ဘုရားသခင်သည် မိမိသားသမီးများကို တာဝန်ယူစေချင်သော ဆန္ဒရှိပါသည်။ ၄င်းသည် ဝိညာဉ်မိသားစု၏ ဝိညာဉ်မိဘဖြစ်ခြင်းအတွက် အဓိကသော့ချက်ဖြစ်ပါသည်။ လူငယ်ခရစ်ယာန်တစ်ဦးသည် အရာရာတိုင်း၌ ကြီးထွားလာအောင် တစ်စုံတစ်ယောက်သည် တာဝန်ယူ ကူညီပေးသည့်အခါ လူငယ်ခရစ်ယာန်တစ်ဦးသည် ပို၍ တိုးတက်လာသည်သာမက ဝိညာဥ် မိဘများသည်လည်း သည်းခံခြင်း၊ စွန့်စားခြင်း၊ ချစ်ခြင်း၊ ဘုရားသခင်ကို ယုံကြည်ခြင်း၊ သူနှင့် အချင်းချင်းဆက်ဆံရေးစသည်တို့၌လည်း ပို၍တိုးတက်လာမည်ဖြစ်ပါသည်။

## ဤအခြေခံ လက်စွဲစာအုပ် သုံးအုပ်သည် ဝိညာဉ်ရေးကြီးထွားရန် အခြားသူကို ကူညီရန်အတွက် အကောင်းဆုံးသော ကိရိယာများဖြစ်ကြသည်

- အုပ်စာ (၁) ကို အသုံးပြုပြီး ဘုရားသခင်ကို သိရှိရန် လူပုဂ္ဂိုလ်တစ်ဦးကို ကူညီပေးပါ။
- စာအုပ် (၂) ကို အသုံးပြုပြီး၊ တိုးတက်သောခရစ်ယာန်တစ်ဦးအတွက် အလွန်အရေးကြီးသော အခြေခံ အချက်တွေ တိုးတက်လာအောင် လူပုဂ္ဂိုလ်တစ်ဦးကို ကူညီပေးပါ။
- စာအုပ် (၃) ကို အသုံးပြုပြီး၊ ခိုင်မာသော အိမ်ထောင်၊ မိသားစုနှင့် အသင်းတော်တစ်ခုရှိခြင်း ၏ အကျိုးကျေးဇူးများကို သင်ယူရန် လူပုဂ္ဂိုလ်တစ်ဦးကို ကူညီပေးပါ။

ဤ အခြေခံသိကောင်းစရာများ၌ အခြားသူတစ်ဦးကို ကြီးထွားအောင် ကူညီပေးသည့်အခါ ထိုပုဂ္ဂိုလ် တစ်ဦးတည်းကို အကျိုးပြုမည်မဟုတ်ဘဲ၊ သူနဲ့ မိတ်ဆွေဖွဲ့သောသူအားလုံးကိုလည်း ကူညီပေးမည်ဖြစ်ပါသည်။

## လောကဌ် အမှန်တရားကို ထိန်းသိမ်းပါ

"ထိုအသင်းတော်ကား၊ သမ္မာတရား၏ အမှီတကဲဖြစ်၏။ သမ္မာတရား၏ တည်ရာလည်းဖြစ်၏။" (၁ တိ ၃:၁၅)။

## ကမ္ဘာကြီးအတွက် ကောင်းချီးမင်္ဂလာ ဖြစ်ပါစေ

ယေရှုသည် လောကကမ္ဘာအတွက် ကောင်းချီးမင်္ဂလာဖြစ်ဖို့ ကြွလာခဲ့သည်။

- တောင်ပေါ်ဒေသနာတွင် လူတို့သည် မည်ကဲ့သို့ ကောင်းချီးမင်္ဂလာဖြစ်မည်ကို ယေရှုက ဆုံးမသွန် သင်ခဲ့သည်။ (မဿဲ ၅)
- ဘုရားသခင်ကို ယုံကြည်ခြင်းနဲ့ သူ့စကားတော်အတိုင်း လိုက်လျှောက်ခြင်းသည် ကောင်းချီးမင်္ဂလာ၏ အရင်းမြစ်ဖြစ်ကြောင်း ယေရှုက သွန်သင်ပေးခဲ့သည်။ (လုကာ ၁၁:၂၈၊ ယော ၁၃: ၁၇၊ ၂၀:၂၉)။
- ဘုရားသခင်၏ နိုင်ငံတော်ထဲ၌ ရှိသောသူတိုင်းသည် မင်္ဂလာရှိကြသည်။ (လုကာ ၁၄:၁၅)
- လူတို့ကို အပြစ်မှ ကယ်တင်ခြင်းဖြင့် ယေရှုသည် သူတို့ကို ကောင်းချီးပေးခဲ့သည်။ (တမန် ၃:၂၆)
- ယေရှုသည် အာဗြဟံ၏ သားစဉ်မျိုးဆက်မှ ဖြစ်ပြီး၊ ၎င်းမျိုးဆက်သည် လောကကမ္ဘာကြီး အတွက် ကောင်းချီးမင်္ဂလာဖြစ်ရန်ဟူသော ဘုရားသခင်၏ ကတိတော်ကို ပြည့်စုံစေဖို့ ကူညီပေးသည်။ (တမန် ၃: ၂၅-၂၆)
- လောကဌ်ရှိသော ယေရှုခရစ်တော်ကို ယုံကြည်သူတိုင်းသည် မင်္ဂလာရှိသောသူများဖြစ်ကြသည်။ (ရောမ ၄:၆-၁၂၊ ဂလာတိ ၃:၈-၉)
- ခရစ်တော်အထဲ၌ ယုံကြည်သူအားလုံးသည် သိုးသငယ်တော် မင်္ဂလာဆောင်ပွဲ၌ ကောင်းချီးမင်္ဂလာ ခံစားကြရမည်။ (ဗျာ ၁၉:၉)

ယေရှုခရစ်တော်၏ နောက်လိုက်များ (အသင်းတော်) က ယခု လောကဌ် ရှိသောလူတိုင်းအား ခရစ်တော်၏ ကောင်းချီးမင်္ဂလာကို ယူဆောင်လာကြသည်။ (မဿဲ၂၈:၁၈-၂၀)။

# အသင်းတော်၏ လုပ်ငန်းတာဝန်

"အသင်းတော်၏ ပုံစံနှင့် ရည်ရွယ်ချက်" ၌ ဖော်ပြထားသည့်အတိုင်း လောကဌ် ယေရှုခရစ်တော်၏ ရည်ရွယ်ချက်များကို ပြည့်စုံစေရန် အသင်းတော် (ဝိညာဉ် မိသားစု) တွင် ဆက်ဆံရေးနှစ်မျိုး လိုအပ်သည်။ ယေရှုသည် သူ၏ တပည့်တော်များနှင့် လာမည့်အနာဂတ်၌ သူ့ကိုယုံကြည်မည့်သူ အားလုံး၏အတွက် ခမည်းတော်ထံ ဆုတောင်းစဉ် ထိုဆက်ဆံရေးအမျိုး အစားများကို ရှင်ယောဟန် ၁၇ တွင်ဖော်ပြထားပါသည်။
၁။ ဘုရားသခင်နှင့် ရင်နှီးပြီး ကြီးထွားသော ဆက်ဆံရေး – တစ်လုံးတစ်ဝတည်းဖြစ်ရန်
၂။ ခရစ်တော်၌ အခြားယုံကြည်သူများနှင့် ရင်နှီးပြီး ကြီးထွားသောဆက်ဆံရေး – တစ်လုံးတစ်ဝတည်းဖြစ်ရန်

ဘုရားသခင်သည် ဤဆက်ဆံရေး အမျိုးအစားနှစ်မျိုးလုံးနှင့် လူတစ်ဦးကိုတစ်ဦးကူညီပေးစေရန် ရည်ရွယ်ဖန်ဆင်းထားသည်။ ၎င်းကို လုပ်ဆောင်ရန်လမ်းညွှန်ချက်များစွာကို ပေးထားပါသည်။

## ခရစ်တော်နှင့် ရင်းနှီးသော ဆက်ဆံရေးတစ်ခုတွင် အချင်းချင်းကူညီမှုရှိသည်

ယေရှုခရစ်တော် တက်ကြွပြီးနောက် ယေရုရှလင်မြို့ရှိ ပထမဆုံးဝိညာဉ်မိသားစု (အသင်းတော်) သည် ခရစ်တော်နှင့်ရင်းနှီးသော ဆက်ဆံရေးရှိပြီး အချင်းချင်းကူညီမစခြင်း၌ ကောင်းမွန်သောနမူနာဖြစ်သည်။ သူတို့သည် အောက်ပါ နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ကြသည် (တမန် ၂: ၄၂-၄၇)

- ဘုရား၏ နှုတ်ကပတ်တော်၌ သစ္စာရှိခြင်း (၎င်းကို သင်ယူလေ့လာပြီး လက်တွေ့အသုံးပြု သည်)
- ခရစ်တော်၏ မိသားစုအပေါ် သစ္စာရှိခြင်း၊ အတူတကွ ဘဝကို မျှဝေပြီး တစ်ဦးနှင့် တစ်ဦးလို အပ်ချက်များကိုဖြည့်ဆည်းပေးကြသည်။
- အတူတကွ အာဟာရသုံးဆောင်ခြင်း၌ သစ္စာရှိခြင်း၊ ၎င်းသည် ယေရှုခရစ်တော် နောက်ဆုံး မိန့်မှာခဲ့သော ပသခါပွဲကို အောက်မေ့သတိရခြင်း (လုကာ ၂၂:၁၉၊ ၁ ကော ၁၁:၂၃-၂၅)။ “အဟာရသုံးဆောင်ခြင်း” ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို တမန် ၂:၄၂၊ ၄၆ နှင့် ၂၀:၇ ကို ဖတ်ရှုခြင်းဖြင့် ပိုမို ရှင်းလင်းစွာ နားလည်နိုင်မည်ဖြစ်သည်။

၎င်းမှာ ဘုရားသခင်၏ သိုးသငယ်တော်အဖြစ် ယေရှု၏ အသေခံခြင်းကို အောက်မေ့သတိရသောအားဖြင့် မုန့်နှင့်စပျစ်ရည်ကို သုံးဆောင်ခြင်းဖြင့် ကိုးကွယ်ခြင်းကို ပြုကြသည်။ ယေရှုခရစ်တော် ကျွန်ုပ်တို့အတွက် အသေခံစွန့်လွှတ်ခြင်းသည် ထာဝရခံစားရမည့် အပြစ်ဒဏ်ကို ပေးဆပ်ခဲ့ခြင်းဖြစ်သည်။ ရှင်ပေါလုက ၁ ကော ၁၀:၁၆ တွင် ရှင်းပြထားပါသည်။

- ဘုရားသခင်နှင့် အရာအားလုံးကို တင်ပြပြောဆိုခြင်း (ဆုတောင်းခြင်း)
- ပျောက်ဆုံးသောသူများကို ရှာဖွေကယ်တင်ရန် ခရစ်တော်၏ အလိုဆန္ဒအတွက် ဆက်ကပ်အပ်နှံခြင်း။

ယေရှုခရစ်တော်အား သစ္စာရှိခဲ့ကြသောကြောင့် တမန်တော် ၂:၄၂ ရှိ ယုံကြည်သူများသည် ခရစ်တော်နှင့် ရင်းနှီးကျွမ်းဝင်ပြီး ကြီးထွားသောအသက်တာရှိစေရန် ကူညီပေးသောအရာများကို အလေးထားလုပ်ဆောင်ခဲ့ကြသည်။

## ဘဝအသက်တာတစ်လျှောက်လုံး၌ တစ်ဦးနှင့်တစ်ဦးကို ကူညီပါ

- တစ်ဦးနှင့် တစ်ဦး ဝန်ချင်းတို့ကို ထမ်းရွက်ပေးပါ – ဂလာတိ ၆:၁-၂
- တစ်ဦးနှင့် တစ်ဦး အပြစ်ကို ဝန်ချပြီး ဆုတောင်းပေးပါ – ယာကုပ် ၅:၁၆
- တစ်ဦးနှင့် တစ်ဦး သည်းခံပြီး ခွင့်လွှတ်ပေးပါ – ကောလော ၃:၁၃
- တစ်ဦးနှင့် တစ်ဦး နေ့စဉ် အားပေးပါ – ဟေဗြဲ ၃:၁၂-၁၃
- အတူတကွ ပုံမှန် တွေ့ဆုံပါ – ဟေဗြဲ ၁၀:၂၄-၂၅
- တစ်ဦးနှင့် တစ်ဦး သင်ကြားပေးပါ၊ သတိပေးပါ၊ အတူတူ သီဆိုချီးမွမ်းပါ – ကောလော ၃:၁၅-၁၆
- တစ်ဦးနှင့်တစ်ဦးအတွက် ဆုတောင်းပါ – ဧဖက် ၆:၁၈
- တစ်ဦးနှင့်တစ်ဦး ပေးကမ်းစွန့်ကြဲပါ – တမန် ၂:၄၅
- ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အချင်းချင်း ကူညီပေးပါ – ၁ ယောဟန် ၃:၁၇-၁၈

## တပည့်တော်ဖြစ်ခြင်း အဖွဲ့အုပ်စုငယ်များအချင်းချင်းကို ကူညီပေးပါ

တပည့်တော်များကဲ့သို့ ကြီးထွားရန်အတွက် အချင်းချင်း ကူညီပေးရန် ယေရှုသည် အကောင်း ဆုံး စံနမူနာတစ်ခုကို ပြသပေးခဲ့သည်။ သူသည် အချိန်များစွာကို အတူအကွ အသုံးပြုပြီး၊ တစ်ဦးချင်းစီ၏ ဘဝအသက်တာအားလုံးကို နားလည်သိရှိထားသော အဖွဲ့အုပ်စုငယ်ရှိ လူများကို စုစည်းထားသည်။ အချိန်ကာလကြာမြင့်စွာဖြင့် ယေရှုသည် ထိုသူများအား ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသက်တာ၌ လက်တွေ့အသုံးပြုစေရန် ကူညီပေးခဲ့သည်။ ၎င်းလက်တွေ့လုပ်ဆောင်ခြင်း စံနမူနာကို စာအုပ် (၂) "ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ" စာအုပ်တွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထိုရှင်းလင်းချက်၏ *"အခြေခံအကြောင်းအရာများကို လေ့ကျင့်သင် ယူခြင်းအတွက် အကောင်းဆုံးနည်းလမ်း"* နှင့် *"တပည့်တော်ဖြစ်ခြင်း အဖွဲ့အုပ်စုငယ်များအတွက် လမ်းညွှန်ချက်များ"* ဟူသော ခေါင်းစဉ်များ အောက်တွင်တွေ့နိုင်ပါသည်။

## ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် အမှန်တရားအားဖြင့် ပျောက်ဆုံးနေသောကမ္ဘာကြီးကို ကယ်တင်ရန် အချင်းချင်း ကူညီပေးပါ

ယေရှုခရစ်တော် ရှင်ပြန်ထမြောက်ပြီးနောက်၊ သူနောက်လိုက်များကို အများဆုံးညွှန်ကြား ပေးခဲ့သည်မှာ သူ့အကြောင်းကို လူအများအား ပြောကြားစေရန်ဖြစ်သည်။ (မဿဲ ၂၈:၁၈-၂၀၊ မာကု ၁၆: ၁၅-၁၆၊ လုကာ ၂၂:၄၆-၄၉၊ ယောဟန် ၂၀:၂၁၊ တမန် ၁:၈)။ သူသည် လောက၌ရှိသော လူသားတိုင်းသည် သူ၏ ချစ်ခြင်းမေတ္တာနှင့် သမ္မာတရားကိုသိရှိစေရန် တပည့်တော်များအား ရှင်းလင်းစွာ ညွှန်ကြားပေးခဲ့သည်။ ၎င်းသည် အသင်းတော်ခေါင်းဆောင်များ၏ တာဝန်တစ်ခုတည်းမဟုတ်ဘဲ လူတိုင်း၏ အခွင့်အရေးနှင့် တာဝန်တစ်ရပ်ဖြစ်သည်။

လောကလူသားတိုင်းကို သူ၏ချစ်ခြင်းမေတ္တာနှင့် သမ္မာတရားသိရှိစေရန်အတွက် ယေရှုခရစ် တော်သည် အထိရောက်ဆုံးနည်းဗျူဟာကို ကျွန်တော်တို့အား ဖော်ပြခဲ့ပါသည်။ သူသည် အကောင်းဆုံး ဆရာကောင်းတစ်ဦးဖြစ်ပြီး ကမ္ဘာအရပ်ရပ်ရှိ မြို့၊ ရွာများသို့ သွားရောက်ကာ လူထောင်ပေါင်းများစွာကို သင်ကြားပေးနိုင်သော်လည်း၊ သူ၏ သာသနာလုပ်ငန်း၌ အချိန်အများစုကို တပည့်တော် ဆယ့်နှစ်ယောက်နှင့်အတူ အသုံးပြုခဲ့ပြီး အနီး

ကပ်ဆုံးမသွန်သင်ပေးခဲ့သည်။ ထို့နောက် ကောင်းကင်သို့မတက်ကြွမီ သူသည် တပည့်တော်များအား ဆက်လက်လုပ်ဆောင်ရန် ညွှန်ကြားပေးခဲ့သည်။ ၎င်းသည် လောက၌ရှိသော လူတိုင်းထံသို့ သွားရောက်ကာ ဆုံးမသွန်သင်ရန် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ကို သိရှိခဲ့သည်။ အဖွဲ့အစည်းကြီးများနှင့် အသင်းတော်များသည် ဆွဲဆောင်မှုရှိကြသော်လည်း ယေရှုခရစ်တော်ကဲ့သို့ ဝိညာဉ်မိသားစုများ တိုးပွားခြင်းနည်းဗျူဟာမရှိပါက ထိုအဖွဲ့အစည်းများ၏ ထိရောက်မှုသည် အကန့်အသတ်ရှိမည်ဖြစ်သည်။

## သင်းအုပ်ဆရာ၊ သိုးထိန်းများသည် အသင်းသားများကို သိရှိပြီး စောင့်ရှောက်ပေးကြသည်

ဘုရားသခင်သည် ဝိညာဉ်ခေါင်းဆောင်များအား သူ့တို့အောက်တွင်ရှိသော လူများကို စောင့်ရှောက်ရမည့် တာဝန်များကို ပေးထားသည် (၁ ပေ ၅:၁-၄)။ ယေရှုသည် သိုးထိန်းတစ်ဦး လုပ်ဆောင်ရမည့် အချက်များကို ယောဟန် ၁၀:၁-၁၈ တွင် ဖော်ပြထားသည်။ သူသည် အဓိက စံနမူနာဖြစ်ပြီး သိုး ထိန်းများသည် ယေရှု၏ စံနမူနာအတိုင်း ဖြစ်နိုင်သမျှ လိုက်နာသင့်ပါသည်။ သိုးထိန်း (အသင်းတော် ခေါင်းဆောင်) သည် သူ၏စောင့်ရှောက်မှုအောက်တွင်ရှိသော သိုးတစ်ကောင်ချင်းစီကို သိရှိရမည်၊ ထို့အတူ သိုးတော်စု (အသင်းသား) များသည်လည်း မိမိတို့၏ သိုးထိန်းအား လူပုဂ္ဂိုလ်ရေးကိုလည်း သိကျွမ်းရမည်ဖြစ်သည်။ ဝိညာဉ် မိသားစု (အသင်းတော်) အတွင်း၌ ထိုကဲ့သို့ မဖြစ်ပါက ၎င်းသည် မိသား စုထက် စီးပွားရေးလုပ်ငန်း ကဲ့သို့ ဖြစ်နေပါလိမ့်မည်။

## ခေါင်းဆောင်များသည် ယေရှု၏ ခေါင်းဆောင်မှု ပုံစံကို လိုက်နာရမည်

အားကြီးသောခေါင်းဆောင်တစ်ဦးသည် လုပ်ဆောင်ရမည့်အရာကို လူအများအား ပြောဆိုနိုင် သူနှင့် အခြားသူတို့ကို ထိန်းချုပ်နိုင်သူဖြစ်သည် ဟု လူအများက ထင်မြင်တတ်ကြသည်။ ၎င်းသည် ယေရှု၏ ခေါင်းဆောင်မှုပုံစံတော့ မဟုတ်ပါ။ အမှန်တော့ ခေါင်းဆောင်များသည် သူတစ်ပါးကို "အာ ဏာထား၍ အုပ်ချုပ်ရန်" မလုပ်သင့်ကြောင်း ယေရှု မိန့်တော်မူခဲ့သည် (မာကု ၁၀:၄၂-၄၅)။ ယေရှု၏ စံနမူနာနှင့် သမ္မာကျမ်းစာသွန်သင်ချက်များ အရ အားကြီးသော ခေါင်းဆောင်တစ်ဦးသည် လူတို့ အ ကြား ချစ်ခြင်းမေတ္တာနှင့် စည်းလုံးမှုကို တည်ဆောက်ပေးသော ပုဂ္ဂိုလ်ဖြစ်သည်။ ယေရှု၏ တပည့် တော်များသည် အခွင့်အာဏာကို မည်သူက ဆက်ခံပြီး၊ မည်သူက ထိန်းချုပ်မည်စသည်တို့ကို သိရှိရန် ကြိုးစားကြသောအခါ၊ ယေရှုက သူ၏ခေါင်းဆောင်မှုပုံစံသည် သာမန်နှင့်မတူ ထူးခြားကြောင်း မကြာ ခဏဆုံးမ၍ သတိပေးခဲ့သည်။ သူသည် ခေါင်းဆောင်မှုကို "အစေခံခြင်း" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ၎င်းကို အောက်ပါနည်းလမ်းများဖြင့် ဖော်ပြထားပါသည်။ (မာကု ၁၀:၄၂-၄၅)။

• ယေရှု၏ ခေါင်းဆောင်မှုပုံစံသည် သူစောင့်ရှောက်မှုအောက်၌ ရှိသောသူများ၏ အကျိုးအတွက် အချိန်၊ စွမ်းအားနှင့် လိုအပ်သောအရာများကို ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည် (ယောဟန် ၁၀:၇-၁၈၊ ၁ ပေ ၅:၁-၄)။

• ယေရှု၏ ခေါင်းဆောင်မှုပုံစံသည် တစ်စုံတစ်ခုကို အတင်းအဓမ္မ လုပ်ဆောင်စေဖို့ မဟုတ်ဘဲ၊ လူများ၏ အလိုဆန္ဒအတိုင်း လုပ်ဆောင်ပြီး သူ့နောက်သို့လိုက်ရန် ဖိတ်ခေါ်ခြင်းဖြစ်သည် (မဿဲ ၄:၁၉)။ ၎င်းမှာ ကောင်းကင်ဘုံ၌ ရှိတော်မူသော ဖခမည်းတော်နှင့် ယေရှုခရစ်တော်အကြား ဆက်ဆံမှုဖြစ်သည်။ ခမည်းတော်သည် သား

တော်အား မလိုအပ်သောအရာများကို မတောင်းဆိုခဲ့ပါ။ ၎င်းဥပမာကို ယေရှုသည် မိမိကို သေခြင်းမှ ကယ်တင်ပေးရန် ခမည်းတော်အား ဆုတောင်းလျှင် ကောင်းကင်တမန်များ လာရောက်ကယ်တင်ပေးမည်ဟု ကြေညာခဲ့သည်ကို (မဿဲ ၂၆:၅၃) တွေ့ရသည်။ ပေါလုသည် ဖိလေမုန်နှင့် ဆက်ဆံရေး၌ ဤစံနမူနာကို လိုက်နာခဲ့သည်။ ဖိလေမုန် ၁၄ တွင် "သင်သည် ငါ၌ ကျေးဇူးပြုရာတွင် အနိုင်ပြုရသကဲ့သို့မဟုတ်၊ အလိုအလျောက်ပြုစေချင်သောစိတ်ရှိသည်ဖြစ်၍၊ သင်၏ အခွင့်မရှိလျှင် အလျှင်းမပြုလို။" ဟုရေးသားထားပါသည်။

• ယေရှု၏ ခေါင်းဆောင်မှုပုံစံသည် အောက်လက်ငယ်သားများကို ထိခိုက်စေမည့် ဆုံးဖြတ်ချက်မျိုးကို မလုပ်မီ တစ်ဦးချင်းနှင့် နားလည်သဘောတူညီမှုအတွက် အချိန်ယူ ကြိုးစားအားထုတ်ခြင်းဖြစ်သည်။ ၎င်းကို ယေရှုသည် နောက်ဆုံးညစာ စားပွဲ (ပသခါ) တွင် တပည့်တော်များနှင့် လုပ်ဆောင်သည့် အရာကို တွေ့နိုင်သည် (ယောဟန် ၁၃:၁-၁၇)။ သူသည် အစေခံကျွန်တစ်ဦးအဖြစ် မိမိကို မှတ်ယူကာ တပည့်တော်များ၏ ခြေကို ဆေးပေးခဲ့သည်။ ပေတရုက ယေရှု၏ခြေဆေးခြင်းကို မလိုလားသောအခါ ယေရှုက "ပေတရု၊ ငါ အလိုရှိသည့်အတိုင်း သင်လုပ်ရမယ်" ဟု မပြောဘဲ၊ ထိုသို့ မလိုလားပါက ဖြစ်လာမည့် အခြေအနေကို ရှင်းပြခဲ့သည်။ ထို့နောက် ပေတရုသည် နားလည်သဘော ပေါက်လာသောအခါ ယေရှုအား ခြေဆေးခွင့်ပေးခဲ့သည်။ ထို့နောက် ယေရှုသည် အားလုံး၏ ခြေ (ယုဒရှကရုတ်အပါအဝင်) ကို ဆေးကြောပြီး ၎င်းလုပ်ဆောင်ရသည့်အကြောင်းရင်းကိုလည်း ပို၍ ရှင်းပြပေးခဲ့သည် (ယောဟန် ၁၃:၁၂-၁၇)။

တပည့်တော်များသည် မိမိအလိုဆန္ဒနှင့် ယုံကြည်ချက်အတိုင်း ယေရှုနှင့် ပူးပေါင်းလုပ်ဆောင်နိုင်သောကြောင့် ယေရှုသည် အားကြီးသောခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ ဤနည်းလမ်းဖြင့် ခေါင်းဆောင်တစ်ဦးသည် ခိုင်မာသောစည်းလုံးမှုကို တည်ဆောက်ပေးပါသည်။ ခေါင်းဆောင်တစ်ဦးနှင့် စည်းလုံးမှုသည် ဖိအားကြောင့် သာဖြစ်ခဲ့လျှင် ၎င်းသည် အပေါ်ယံသာဖြစ်ပြီး၊ နှလုံးသားထဲမှ မဟုတ်ပါ။ စိတ်ဆန္ဒအရ လွတ်လပ်စွာစည်းလုံးမှုကို တည်ဆောက်ရာတွင် နားလည်မှုနှင့် သဘောတူညီမှုများအတွက် ပို၍အချိန်ယူဖို့လိုအပ်သောကြောင့် ခေါင်းဆောင်များသည် နားထောင်ပေးဖို့နှင့် ဆက်သွယ်ပေးဖို့ လိုအပ်မည်ဖြစ်ပါသည်။ ၎င်းသည် အသင်းတော်ခေါင်းဆောင်များအနေဖြင့် လူအများနဲ့ သဟဇာတရှိအောင် ပူးပေါင်းဆောင်ရွက်ရာတွင် သာမက၊ ၎င်းတို့၏ ငယ်သားများအားလုံးနှင့် ပူးပေါင်းလုပ်ဆောင်ရာတွင်လည်း အထူးအရေးကြီးပါသည်။

**မှတ်ချက်** – ခေါင်းဆောင်မှု ရာထူးတချို့သည် ပြစ်မှုများ သို့မဟုတ် ဆန့်ကျင်ဖက်ဖြစ်သော မတရား မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက်လည်း တာဝန်ရှိရမည်ဖြစ်သည်။ ဤ အခန်းကဏ္ဍများတွင် ဥပဒေစိုးမိုးရေးနှင့် စည်းကမ်းများလိုအပ်သည်။ ၎င်းအပိုင်းတွင် အချိန်၊ မိဘများ သို့မဟုတ် ရဲတပ်ဖွဲ့ကဲ့သို့သော ပြည်သူ့ဝန်ထမ်းများစသည်တို့ ပါဝင်နိုင်ပါသည်။ ဤသူများသည်လည်း ဘုရားသခင်၏ အမှုတော်ဆောင်များဖြစ်ကြပြီး နှိမ့်ချစွာစောင့်ရှောက်ကူညီခြင်း၌ အစေခံပေးရမည်သာဖြစ်ပါသည်။ (ရောမ ၁၃:၁-၅)။

## ခေါင်းဆောင် ဦးစားပေးမှု

သမ္မာသစ်ကျမ်း၌ ဖော်ပြထားသော အသင်းတော်ခေါင်းဆောင်မှု နှစ်ခုကိုတွေ့ရပါသည်။ ၎င်းတို့မှာ –

• အသင်းတော်၌ အများနှင့်ဆိုင်သော ခေါင်းဆောင် (သင်းထောက်လူကြီး) များအကြောင်း (တမန် ၂၀:၁၇၊ ဟေဗြဲ ၁၃:၁၇၊ တိတု ၁:၅၊ ၁ ပေ ၅:၁-၄ )

• အမျိုးသားများကို ခေါင်းဆောင်အဖြစ် ရွေးချယ်ခြင်း – ယေရှုသည် အမျိုးသားများကို ခေါင်းဆောင်အဖြစ် လေ့ကျင့်သင်ကြားပေးရန် ရွေးချယ်ခဲ့သည် (မာကု ၃:၁၃-၁၉)၊ ပေါလုကလည်း အမျိုးသားများသည် အသင်းတော်၌ ခေါင်းဆောင်များဖြစ်သင့်ကြောင်း ပြောခဲ့သည် (၁ တိ ၃:၁-၇၊ တိတု ၁:၆-၉)။

ဤနှစ်ခုလုံးသည် နှစ်သက်စရာများဖြစ်ပြီး ၄င်းသည် မှန်သည်၊ မှားသည် မဟုတ်ပါ၊ ပုံစံတစ်ခု အနေဖြင့်သာ ဖော်ပြထားသောကြောင့် ၄င်းတို့သည် လုပ်ဆောင်ရမည့်အမိန့်လည်း မဟုတ်ပါ။

အမျိုးသားများအား ခေါင်းဆောင်မှု တာဝန်ပေးအပ်ခြင်းသည် အိမ်ထောင်းရေးနှင့် မိသားစုအတွင်း ခင်ပွန်းသည်၏ ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ယူမှုနှင့်လည်းကိုက်ညီပါသည်။ ဤအခြေခံအကြောင်းအရာများကို "မိသားစု၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်" အခန်းရှိ "ခင်ပွန်းသည်များသည် တာဝန်ရှိသော ခေါင်းဆောင်များအဖြစ် ဖန်ဆင်းထားသည်" ခေါင်းစဉ်အောက်တွင် ပိုမိုရှင်းပြထားပါသည်။ ဤနေရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပို၍အရေးကြီးဟု ဆိုလိုခြင်းမဟုတ်ပါ။ အမျိုးသားနှင့် အမျိုးသမီးများသည် ကွဲပြားစွာဖွဲ့စည်းဖန်ဆင်းထားသောကြောင့် တာဝန်များလည်း ကွဲပြားလျက်ရှိပါသည်။ ဤအချက်ကို ဖန်ဆင်းခြင်းအစက လူယောကျ်ားနှင့် လူမိန်းမနှစ်ဦးစလုံးကို ဘုရားသခင်သည် မိမိပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခဲ့ပြီး မတူညီသော တာဝန်ဝတ္တရားများကိုလည်း ပေးထားခဲ့သည်။ အမျိုးသားများသည် မိမိတို့၏ ခေါင်းဆောင်မှု တာဝန်ကိုချစ်ခြင်းမေတ္တာနှင့် ကျေပွန်စွာ ထမ်းဆောင်ကြသောအခါ အသင်းတော်သည် ပို၍ ကျန်းမာလာသကဲ့သို့ မိသားစုတစ်စုတွင် ဖခင်တစ်ဦးသည် ချစ်ခြင်းမေတ္တာနှင့် မိသားစုကို တာဝန်ယူဦးဆောင်ပြီး ကူညီပေးသည့်အခါ မိသားစုသည် ပို၍ ကျန်းမာလာမည်ဖြစ်ပါသည်။

အသင်းတော်တစ်ခုတွင် အများနှင့်ဆိုင်သော ခေါင်းဆောင်မှုရှိခြင်းဆိုသည်မှာ ခေါင်းဆောင်နှစ်ဦးသို့မဟုတ် နှစ်ဦးအထက် လူများစုပေါင်း၍ အသင်းတစ်ခုအဖြစ် အသင်းတော်ကို ညီညွတ်စွာ ဦးဆောင်ခြင်းကို ဆိုလိုသည်။ ခေါင်းဆောင်တစ်ဦးချင်းသည် အသင်းတော်၌ တူညီသောတာဝန်များရှိ ကြသော်လည်း တစ်စုံတစ်ခုကို အတူလုပ်ဆောင်ဖို့၊ တူညီသောအချိန်၌ တစ်ပြိုင်တည်း လုပ်ဆောင်ဖို့ကို ဆိုလိုခြင်းမဟုတ်ပါ။ သမ္မာသစ်ကျမ်း၌ အများနှင့်ဆိုင်သောခေါင်းဆောင်မှု ဥပမာကိုတွေ့ရပါသည်။ အသင်းတော်ကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆုံးဖြတ်ချက်ဖြင့် ဦးဆောင်ခြင်းသည် မှားယွင်းသည်ဟု မဆိုလိုပါ။ မိသားစုတစ်စုတွင် မိဘနှစ်ပါး အတူတကွ ဦးဆောင်ရာတွင် ပို၍ကောင်းမွန်သောအကျိုးရှိသကဲ့သို့ အသင်းတော်၌ ခေါင်းဆောင်တစ်ဦး၏ ဆုံးဖြတ်ခြင်းထက် ခေါင်းဆောင်များ စွာရှိခြင်းသည်ပို၍အကျိုးရှိမည်ဖြစ်ပါသည်။

• ချစ်ခြင်းမေတ္တာနှင့် စည်းလုံးခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းသည် အထူးကောင်းမွန်သောနည်းလမ်းဖြစ်သည်။

• တစ်ဦးတစ်ယောက်ထက် အတွေ့အကြုံ၊ အသိပညာ၊ ဆုကျေးဇူးများကို ပေါင်းစပ်ခြင်းသည် ပို၍ကောင်းမွန်သောအရာဖြစ်သည်။

• ခေါင်းဆောင်များအတွက် အားပေးကူညီမှုနှင့် ကာကွယ်စောင့်ရှောက်မှုကို ပံ့ပိုးပေးသည်။ ၄င်းသည် ဆုံးဖြတ်ချက် မှန်ကန်မှုကိုဖြစ်စေသည်။

• စိတ်နှိမ့်ချခြင်းကို မြှင့်တင်ပေးသည်။

အများနှင့်ဆိုင်သော ခေါင်းဆောင်မှုတွင် ဆုံးဖြတ်ချက်ချရန် သဘောတူညီမှုရရှိဖို့သည် အရေးကြီးသည်။ ၎င်းသည် အများနှင့် မဲပေးခြင်း သို့မဟုတ် ခေါင်းဆောင်တစ်ဦး၏ နောက်ဆုံး ဆုံးဖြတ်ချက်ချခြင်းနဲ့ မတူညီပါ။

နူးညံ့နှိမ့်ချသော ဆုံးဖြတ်ချက်မျိုးလိုအပ်ပါသည်။ ခေါင်းဆောင်အားလုံးသည် သဘောတူညီမှုရရှိရန် ကြိုးပမ်းရမည်။ ၎င်းသည် အခြားနည်းလမ်းများထက် ပို၍အချိန်ယူရနိုင်သော်လည်းရလဒ်များသည် အချိန်ကုန်သက်သာစေမည်ဖြစ်သည်။ သဘောတူဆုံးဖြတ်ချက်ရရှိရန် အတွက်လက်တွေ့လုပ်ဆောင်ရမည့်လမ်းညွှန်အချို့မှာ–

• အတူတကွ ဆုတောင်းခြင်း။

• လူတိုင်း၏ ထင်မြင်ချက်များကို နားထောင်ပေးခြင်း၊ အကြောင်းရင်းများကို စုံစမ်းမေးမြန်းပေးခြင်းများ ပြုလုပ်ပါ။

• သူတစ်ပါးကို လေးစားပါ။ ချီးမွမ်းဂုဏ်ပြုခြင်းနှင့် အသိမှတ်ပြုခြင်းကို ပြသပေးပါ။

• သူတို့၏ ပြဿနာအပေါ်အမြင်များနှင့် ၎င်း၏ အရေးကြီးသည့်အကြောင်းရင်းများကို ပြန် လည်တည့်မတ်ပေးပါ။

• လုပ်ငန်းဆောင်ရွက်မှုအတွက် အချိန်ပေးပါ။ အလျှင်စလို ဆုံးဖြတ်ချက်မျိုးသည် ပြဿနာကို လျစ်လျူရှုတတ်သည်။

• တစ်ဦးချင်း၏ အမြင်နှင့် စိုးရိမ်မှုများကို ပါဝင်စေရန် ဖြေရှင်းနည်းများ ရှာဖွေခြင်း။

• ဖြစ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦးအပေါ် ရိုသေလေးစားခြင်း (သို့) သဘောတူညီမှုရှိဖို့ ကြိုးစားပါ။

မှတ်ချက် – ဤအခြေခံအကြောင်းအရာများသည် ခင်ပွန်းသည်များနှင့် ဇနီးသည်များ၏ ဆုံးဖြတ်ချက်များအတွက်လည်း အရေးကြီးသည်။ ၎င်းသည် နေရာတိုင်း၌ အတူတကွ ပူးပေါင်းလုပ်ဆောင်လိုသော လူတိုင်းအတွက် အရေးကြီးပါသည်။

## ခေါင်းဆောင်များအတွက် လိုအပ်ချက်များ

ပြည့်စုံသော လူပုဂ္ဂိုလ်ဟူ၍ မရှိနိုင်ပါ။ သို့သော် ပိုမိုရင့်ကျင့်၍အခြားသူများကို ကူညီတတ်ပြီး ဘုရားသခင်အသုံးပြုသောသူများကို အသက်ကြီးသူများ သို့မဟုတ် “ရင့်ကျက်သူ” ဟု ခေါ်ကြသည်။ ဤအသက်ကြီးသူများအတွက် (သင်းအုပ်ဆရာများ၊ ကြပ်မတ်ပေးသူများ၊ သင်းထောက်များ) လိုအပ်သောအရည်အချင်းများကို အောက်တွင် စာရင်းပြုစုထားပါသည်။

တိမောသေသြဝါဒစာပဌမစောင် ၃ နှင့် တိတုသြဝါဒစာ ၁:၆-၉

- အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ
- ဘုရားသခင်နှင့် ခိုင်မာစွာ လျှောက်လှမ်းသောသူ
- ကောင်းမွန်သော အိမ်ထောင်မိသားစုရှိသူ
- (အဖွဲ့ သို့မဟုတ် တစ်ဦးချင်း) ကို သင်ကြားပေးနိုင်သောသူ
- ဘုရားသခင်နှင့် အသက်တာ၌ စမ်းသပ်ခံနိုင်သောသူ
- လူယောကျ်ား

• ၁ ပေ ၅:၁-၄ – အခြားသူများအတွက် ဘုရားတရား ကိုင်းရှိုင်းသူများ၏ စံနမူနာများ

သင်းထောက်များ (အခြားစကားလုံးမှာ “အစေခံ” ဟုဆိုသည်) – ၎င်းစကားလုံးသည် သမ္မာသစ်ကျမ်းတွင် နည်းပါးစွာ အသုံးပြုသည် (တမန် ၆ တွင် ၎င်း၏တာဝန်ဝတ္တရားများနှင့် ၁ တိ ၃ တွင် လိုအပ်သောအရည်အချင်းများကို ဖော်ပြထားသည်)။ ထို့ကြောင့် သင်းထောက်ဖြစ်ခြင်းတွင် အသင်းတော်၌ ခိုင်မာသောလိုအပ်ချက် မဟုတ်သော်လည်း တခါတရံ ၎င်းသည် အထောက်အကူဖြစ်နိုင်ပါ သည်။ အသင်းတော်တွင် ရေရှည်လုပ်ဆောင်ရမည့် တာဝန်တစ်ခုရှိပါက တစ်စုံတစ်ဦး (အမျိုးသား (သို့မဟုတ်) အမျိုးသမီး) သည် ထိုလုပ်ငန်းကို ပြည့်စုံစေရန်အတွက် ခေါင်းဆောင်မှုတာဝန်ကိုယူဖို့ ရွေးချယ်နိုင်ပါသည်။ (မှတ်ချက် – ရောမ ၁၆:၁ တွင် အသင်းတော်၌ သင်းထောက်မ (အမျိုးသမီး) အကြောင်းကိုဖော်ပြထားသည်။)

**တမန်တော်များအကြောင်း မှတ်ချက်** - သမ္မာသစ်ကျမ်းရှိ တမန်တော်တစ်ပါး၏ အခြေခံလိုအပ်ချက်များတွင် ထမြောက်တော်မူသော ယေရှု၏ ခန္ဓာကိုယ်ကို မြင်တွေ့ဖူးသောသူ၊ ယေရှုနှင့်အတူအသက်ရှင်ခဲ့ဖူးသောသူဖြစ်ရမည်ဟု ဆိုထားသည်။ (တမန် ၁:၂၁-၂၅၊ ၁ ကော ၁၅:၇-၉)။ ယနေ့ ခေတ်တွင် တမန်တော်တစ်ပါးကို ထိုသို့ အသိမှတ်ပြုလို့မရနိုင်ပါ။ ယနေ့ခေတ် အသင်းတော်ခေါင်းဆောင်များသည် တမန်တော်များ၏ လုပ်ဆောင်မှုပုံစံကို လိုက်နာနိုင်သော်လည်း၊ တမန်တော်စကားလုံး၏ သမ္မာသစ်ကျမ်းစာအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်အရ တမန်တော်တစ်ပါးအဖြစ် ရွေးချက်နိုင်သော အရည်အချင်း တစ်ဦးတစ်ယောက်တွင်မှ မရှိနိုင်ပါ။

## အသင်းသူ၊ အသင်းသားများသည် သင်းအုပ်ဆရာ/သိုးထိန်းများကို ကူညီပံ့ပိုးပေးကြသည်

ယေရှု မတိုင်မီ၊ ဣသရေလလူမျိုးများ၏ ဝိညာဉ်ခေါင်းဆောင်များသည် လေဝိအမျိုးသားများဖြစ်ကြသည်။ တောလည် ၁၈:၈-၃၂ တွင် ဘုရားသခင်၏ အကြံအစည်တော်တွင် ဣသရေလအများစုသည် လေဝိလူတို့၏ လိုအပ်သော ရုပ်ဝတ္ထုပစ္စည်းများကို ထောက်ပံ့ပေးရမည်ဖြစ်ပြီး သူတို့သည် လူတိုင်းအတွက် ဝိညာဉ်ရေးအမှုဆောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် အချိန်လည်း ရရှိနိုင်မည်ဖြစ်သည်ဟု ဖော်ပြထားပါသည်။

ယေရှုသည် လောက၌ ရှိစဉ်အခါ သူ၏လိုအပ်ချက်များကိုထောက်ပံ့ပေးရန် မည်သူ့ကိုမှလည်း အမိန့်မပေးခဲ့ပါ။ ထိုနည်းတူ နောက်လိုက်တပည့်တော်များကလည်း စိတ်ရောကိုယ်ပါ ထောက်ပံ့ပေးခဲ့ကြသည်။ ယေရှုက လောက၌ ရှိသောဘဏ္ဍာထက် ကောင်းကင်ဘုံ၌ရှိသော ဘဏ္ဍာကို ရင်းနှီးမြှုပ်နှံရန် လူတို့အား ညွှန်ကြားခဲ့သည်။ (မဿဲ ၆:၁၉-၂၀)။

သမ္မာသစ်ကျမ်းရှိ အသင်းတော်ကိုတည်ထောင်ပြီးနောက် ခေါင်းဆောင်များသည် လွတ်လပ်စွာ အစေခံနိုင်ရန်အတွက် ငွေကြေးများ ထောက်ပံ့ပေးသည့်အကြောင်းကို ပေါလုက ရှင်းပြထားသည် (၁ တိ ၅:၁၇-၁၈)။ အသင်းတော်၏ ဝိညာဉ်ခေါင်းဆောင်များသည်သူတို့အစေခံနေသောလူများထံမှ ငွေကြေးထောက်ပံ့မှုရရှိရန်အခွင့်အရေးရှိကြောင်းကိုလည်း ပေါလုက ရှင်းပြထားပါသည် (၁ ကော ၉:၃-၁၅)။ သို့သော် ပေါလုက လူတို့၏ထောက်ပံ့ခြင်းကို မတောင်းဆိုသော်လည်း အသင်းသူ၊ အသင်းများအနေဖြင့် စိတ်ဆန္ဒအပြည့်နဲ့ လွတ်လပ်စွာဆောင်ရွက်သင့်ကြောင်း သင်ကြားပေးခဲ့သည်။

ယေရှုက “ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတံ့။” ဟု မိန့်တော်မူခဲ့သည် (မဿဲ ၆:၃၃)။ ဘုရားသခင်ကို ဦးစားပေးခြင်း၏

လက်တွေ့နည်းလမ်းမှာ ဣသရေလလူမျိုးများအား ဘုရားသခင်သွန်သင်ပေးသည့်အကြောင်းအရာများကို လိုက်လျှောက်ခြင်းဖြစ်သည်။ ၄င်းသည် သင်ရရှိသော ဝင်ငွေ၏ ဆယ်ပုံ တစ်ပုံကို ဘုရားသခင်ထံပေးခြင်းဖြစ်ပြီး၊ ကျန်လိုအပ်သောအရာများကို ဘုရားသခင် ထောက်ပံ့ပေး မည်ဟု ယုံကြည်ခြင်းဖြစ်သည်။ ဣသရေလလူတို့ကို သွန်သင်ပေးခဲ့သည့်အတိုင်း ဝင်ငွေ၏ ဆယ်ပုံတစ်ပုံ (ဆယ်ဘို့တစ်ဖို့) ကို ဘုရားသခင်အား ပေးအပ်ခြင်းသည် ဝိညာဉ်ခေါင်းဆောင်များအတွက် ဖြစ်ကြောင်း တောလည်ရာ ၁၈:၈-၃၂ တွင် ဖော်ပြထားသည်။

ဆယ်ဘို့တစ်ဖို့ကို ဘုရားသခင်အား ပေးကမ်းခြင်း၏ အခြေခံသဘောတရားသည် ဘုရားသခင်ကို ကိုးကွယ်ခြင်း၊ ကျေးဇူးတင်ခြင်းနှင့် မှီခိုအားထားခြင်းကို ဖော်ပြသောလက်တွေ့နည်းလမ်းဖြစ်သည်။ အမှန်တကယ်တော့၊ ဆယ်ဘို့တစ်ဖို့ မပေးနိုင်သလို ခံစားရတဲ့အခါမှာပင်၊ ဘုရားသခင်အား ယုံကြည် အားကိုးခြင်းကို ပြသရန်အတွက် ပိုမိုကြီးမားသောအခွင့်အရေးဖြစ်ပြီး ထိုအရာသည် မိမိဘဝကို မိမိတတ်စွမ်းနိုင်မှုနဲ့ ထိန်းချုပ်နိုင်တယ်လို့ ယုံကြည်တာထက်၊ ဘုရားသခင်ကိုသာ ယုံကြည် အားကိုးခြင်းဖြစ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ (သုတ္တံ ၃:၅-၆)။ ဣသရေလလူမျိုးများသည် ထိုကဲ့သို့ လုပ်ဆောင်သောအခါ ဘုရားသခင်သည်သူတို့ကို ကောင်းချီးပေးမည့်အကြောင်း မိန့်တော်မူခဲ့သည်၊ ၄င်းသည် ယနေ့တိုင် ကျွန်ုပ်တို့အတွက်လည်း မှန်ကန်လျှက်ရှိပါသည်။ (မာလခိ ၃:၁၀-၁၁)။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် ငွေကြေး သို့မဟုတ် မြင်နိုင်သော ရုပ်ပိုင်းဆိုင်ရာကို အမြဲမဆိုလိုပါ၊ ဘုရား သခင်သည် လူများကို နည်းလမ်းမျိုးစုံဖြင့် ကောင်းချီးပေးဖို့ ဆန္ဒရှိပါသည်။

## အသင်းတော်များသည် အချင်းချင်း ကူညီကြသည်

"အသင်းတော်၏ ပုံစံနှင့် ရည်ရွယ်ချက်" အပိုင်းတွင် ရှင်းပြခဲ့သည့်အတိုင်း ဘုရားသခင်သည် ဘဝ၌ ရည်ရွယ်ချက်များကို ပြည့်စုံစေရန်အတွက် လူများကို တစ်ဦးနှင့်တစ်ဦး အကူညီလိုအပ်ရန် ဖန်ဆင်းခဲ့ပါသည်။ လူတစ်ဦးချင်းသာမက အသင်းတော်များအားလုံးသည်လည်းတစ်ဦးနှင့်တစ်ဦးလိုအပ်ကြပြီး ညီညွတ်မှုရှိဖို့ဖြစ်သည်။ ယေရှုက သူ့နောက်လိုက်များ၏ စည်းလုံးညီညွတ်မှုသည် သူ၏ ရည်ရွယ်ချက်ကို ကမ္ဘာကြီးအား ပြသရန်အတွက် အရေးကြီးသည်ဟု ယုံကြည်ခဲ့သည် (ယောဟန် ၁၇: ၁၁၊၂၀-၂၃)။စည်းလုံးညီညွတ်ခြင်းတွင်အောက်ပါအဆင့်များပါဝင်သည်–

၁။ ဒေသန္တာရအသင်းတော်မှ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ စည်းလုံးညီညွတ်မှု
၂။ မြို့တစ်မြို့ရှိ အသင်းတော်များ၏ စည်းလုံးညီညွတ်မှု
၃။ နိုင်ငံအတွင်းရှိ အသင်းတော်များ၏ စည်းလုံးညီညွတ်မှု
၄။ နိုင်ငံတကာရှိ အသင်းတော်များ၏ စည်းလုံးညီညွတ်မှု

ဤ စည်းလုံးညီညွတ်မှုအကြောင်းကို သမ္မာသစ်ကျမ်းတွင်လည်း ဖော်ပြထားပါသည် –

- တမန်တော် ၁၅ တွင် မတူညီသော အသင်းတော်များမှ ခေါင်းဆောင်များသည် ဆုံးဖြတ်ချက်တစ်ခုအတွက်အတူတကွလုပ်ဆောင်ကြသည်။
- ရောမ ၁၆ တွင် အသင်းတော်များ အချင်းချင်းဆက်ဆံရေးရှိကြောင်း ဖော်ပြသည် (၁၆:၄၊ ၅၊၁၆)။
- ၁ ကော ၁၆:၁-၄ တွင် နိုင်ငံရပ်ခြားမှ အသင်းတော်များသည် ယေရုရှလင်မြို့ရှိအသင်းတော်များကို ငွေကြေးနဲ့ ကူညီထောက်ပံ့ပေးကြသည်။

၁ ကော ၁၂:၁၂-၃၀ တွင် ဖော်ပြသည့်အတိုင်း ခရစ်တော်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများသည် အချင်းချင်းလိုအပ်ကြသည်။ သင်းအုပ်ဆရာအများစုသည် ၎င်းကို ဒေသန္တာရအသင်းတော်တွင် ကျင့်သုံးကြသော်လည်း၊ အသင်းတော်တစ်ခုသည် အခြားအသင်းတော်များကိုလည်း လိုအပ်သည်ကို မသိရှိနိုင်ကြပေ။ သင်းအုပ်ဆရာအများစုသည် ခရစ်တော်ကဲ့သို့ ရူပါရုံရှိကြပြီး တူညီသော အမြင်များရှိလျှင် မြို့တစ်မြို့လုံးနှင့် ကမ္ဘာတစ်ဝှမ်းတွင် တပည့်တော်များ မွေးထုတ်ရန် လိုအပ်သည်ကို သိမြင်လာကြပြီး၊ သူတို့သည် အခြားသောအသင်းတော်များကိုလည်း လိုအပ်လျှက် ရှိကြောင်းကို ပို၍ မြင်လာကြမည်ဖြစ်သည်။

- သင်းအုပ်ဆရာများသည် ခရစ်တော်အတွက် မြို့တစ်ခုလုံးကို လွှမ်းမိုးလိုသော စိတ်ဆန္ဒရှိပါက သူတို့၏ မြို့၌ ရှိသောအခြားအသင်းတော်များနှင့် စည်းလုံးမှုရှိစေရန် ကြိုးစားဖို့လည်း ပို၍လုပ်ဆောင်ရမည်ဖြစ်သည်။
- သင်းအုပ်ဆရာများသည် ခရစ်တော်အတွက် လောကတစ်ခုလုံးကို လွှမ်းမိုးလိုသောစိတ်ဆန္ဒရှိပါက ကမ္ဘာတစ်ဝှမ်းရှိ အခြားသောအသင်းတော်များနှင့် စည်းလုံးညီညွတ်မှုရှိရန်အတွက် ပို၍ လုပ်ဆောင်ကြရမည်ဖြစ်သည်။

## ယုံကြည်ခံယူချက်နှင့် လုပ်ဆောင်မှု၏ စံနှုန်းများ

ကျွန်ုပ်တို့၏ ယုံကြည်ခံယူချက်များသည် ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းနှင့် အသက်ရှင်ခြင်း များအတွက် အခြေခံအုတ်မြစ်ဖြစ်ကြသည်။ ဘုရား၏နှုတ်ကပတ်တော်သည် အခြေခံအုတ်မြစ်ဖြစ်ပြီး၊ အသင်းတော်သည် လောက၌ အမှန်တရား၏ မဏ္ဍိုင်နှင့် အထောက်အပံ့တစ်ခုဖြစ်သည် (၁ တိ ၃:၁၅)။ ထို့ကြောင့် အသင်းတော်၏ ယုံကြည်ချက်များနှင့် လုပ်ဆောင်ချက်များသည် အလွန်အရေးကြီးပါသည်။ ဘုရား၏ နှုတ်ကပတ်တော်ကိုအခြေခံပြီး ကျန်းမာသောအသင်းတော်၏ ယုံကြည်ခံယူချက်များနှင့် လုပ်ဆောင်ချက်များ၏ အနှစ်ချုပ်ကို အောက်တွင် ဖော်ပြထားပါသည်။

## အခြေခံ ယုံကြည်ခံယူချက်များ

• **သမ္မာကျမ်းစာ** – ကျွန်ုပ်တို့၏ ယုံကြည်ခံယူချက်များအတွက် တစ်ခုတည်းသော အခြေခံအကြောင်း အရာမှာ သမ္မာသစ်ကျမ်းနှင့် သမ္မာဟောင်းကျမ်းစာ ၆၆ အုပ်ဖြစ်ပါသည်။ ဤကျမ်းစာကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မှုတ်သွင်းထားသောကြောင့် ၎င်းသည် ထူးခြားသောစာအုပ်ဖြစ်ပြီး အမှားနဲ့ကင်းလျှက်ရှိပါသည်။ ၎င်းသည် ယုံကြည်ခြင်းနှင့် ဘဝအသက်တာအတွက် အမြင့်မြတ်ဆုံးနှင့် အဆုံးစွန်သောအခွင့်အာဏာလည်းရှိသည်။

• **ဘုရားသခင်** – ဘုရားသခင်သည် တစ်ဆူတည်းသောဘုရား၊ နေရာတိုင်းတွင်ရှိသောဘုရား၊ အရာအားလုံးကိုသိသောဘုရား၊ တရားမျှတသောဘုရား၊ ဖန်ဆင်းရှင်ဘုရား၊ ကောင်းမြတ်ပြီးချစ်ခြင်း မေတ္တာရှင်ဘုရားဖြစ်သည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ပုဂ္ဂိုလ်သုံးပါးအားဖြင့်ရှိတော်မူသော တစ်ဆူတည်းသောဘုရားသခင်ဖြစ်သည်။

• **လူသား** – ဘုရားသခင်သည် ပထမဆုံး လူယောကျ်ားနှင့် လူမိန်းမကို မိမိပုံသဏ္ဍာန်တော်အညီ ဖန်ဆင်းပြီး မြေကြီးကို အုပ်စိုးဖို့နှင့် စောင့်ရှောက်ဖို့အတွက် တာဝန်ပေးခဲ့သည်။ လူတို့သည် ဘုရားသခင်နှင့် လည်းကောင်း၊ အချင်းချင်းကြားတွင်လည်းကောင်း ပြည့်စုံသော ဆက်ဆံရေးရှိခဲ့ကြသည်။ ယောကျ်ားနှင့် မိန်းမတို့သည် ဘဝတစ်ခုလုံးအတွက် တစ်လုံးတစ်ဝတည်းဖြစ်ရန် အိမ်ထောင်ရေးကို ဘုရားသခင်စတင်ဖန်ဆင်းပေးကာ မိသားစုတစ်ခု၌ သား၊ သမီးများ မွေးဖွားဖို့၊ ပြုစုပျိုးထောင်ပေးဖို့ကိုလည်း အခြေခံတည်ဆောက်ပေးခဲ့ပါသည်။

• **ကျဆင်းခြင်း** – ပထမဆုံး လူယောကျ်ားနှင့် လူမိန်းမတို့သည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို မယုံဘဲ ဆန့်ကျင်ဖက်ပြုခဲ့ကြသည်။ ဘုရားသခင်သည် သေခြင်းတရားကို လောကသို့ ယူဆောင်လာပြီး၊ ပြည့်ဝစုံလင်သောအခြေအနေမှ ဖန်ဆင်းခြင်းသည် ယိုယွင်းပျက်စီးလာကာ အပြစ်စီရင်ခြင်းကို ခံခဲ့ရသည်။ ထိုအချိန်မှစ၍ လူသားတိုင်းသည် ဝိညာဉ်အသက်ရှင်ခြင်းသဘော မရှိတော့ဘဲအပြစ်သားဘဝနှင့် မွေးဖွားလာကာ မိမိတို့အပြစ်ကြောင့် ဘုရားသခင်၏ အမျက်တော်ကိုခံကြရသည်။

• **ယေရှုခရစ်တော်** – ခမည်းတော်ဘုရားသည် မိမိဘုန်းတော်အတွက် ချစ်ခြင်းမေတ္တာအားဖြင့် အပြစ်ရှိသော လူသားများနှင့် ပြန်လည်သင့်မြတ်စေရန်  သားတော်ယေရှုခရစ်တော်ကို ဤလောကသို့ စေလွှတ်ခဲ့သည်။ ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲယူ၍ အပျိုကညာမှ မွေးဖွားလာခဲ့သည်။ ယေရှုသည် အမှန်စင်စစ် ဘုရားလည်းဖြစ်သည်၊ လူသားလည်းဖြစ်သည်။ သူသည် အပြစ်ကင်းလျက် ကျွန်ုပ်တို့အပြစ်အတွက် ကိုယ်စား အသက်ကိုပေးကာ ဘုရား၏ တရားမျှတမှုကို ကျေနပ်စေရန်ဖြစ်သည်။ သူ့ကို ယုံကြည်ကိုးစားသောသူအားလုံးသည် ဖြောင့်မတ်သောသူများဖြစ် ကြသည်။

• **ရှင်ပြန်ထမြောက်ခြင်း** – ယေရှုသည်အသေခံပြီးနောက် သုံးရက်မြောက်သောနေ့တွင် ဘုရားသခင် သည် သူ့ကို သေခြင်းမှ ထမြောက်စေခဲ့သည်။ ကောင်းကင်သို့ ခန္ဓာကိုယ်ဖြင့် တက်ကြွကာ ဖခမည်းတော်၏ လက်ယာဖက်၌ ထိုင်တော်မူလျက် ဘုရားနှင့်လူသားတို့အကြား အပြစ်အတွက် တစ်ဦးတည်းသော ကြားဝင်ဖျန်ဖြေပေးကာ ပြန်လည်သင့်မြတ်စေခဲ့သည်။

• **ကယ်တင်ခြင်း –**  လူတို့သည် မိမိတို့ လုပ်ဆောင်မှုများ၊ ကောင်းမှုကုသိုလ်များ သို့မဟုတ် ဘာသာရေးအလေ့အကျင့်များကြောင့် မဟုတ်ဘဲ၊ ယေရှုခရစ်တော်၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်အပြစ်အတွက် တရားစီရင်ခြင်းကို မခံရဘဲ လွတ်ခြင်းအခွင့်ကိုရကြသည်။ ကယ်တင်တော်မူခြင်းအတွက် ခရစ်တော်၌ ယုံကြည်သူ အားလုံးကို ဘုရားသခင်သည် အပြစ် ခွင့်လွှတ်ကာ လက်ခံပေးခဲ့သည်။

• **သန့်ရှင်းသောဝိညာဉ်တော်** – သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ကို ဖော်ပြရန်နှင့် ဘုန်းထင်ရှားစေရန်၊ လူတို့၏ အပြစ်များကိုဖော်ပြရန်၊ ခရစ်တော်၌ ယုံကြည်သူအားလုံးကို အသစ်သောအသက် တာပေးရန် လောကသို့ကြွလာခဲ့သည်။ ဝိညာဉ်၌မွေးဖွားသည့်အချိန်မှစ၍ ယုံကြည်သူများထဲတွင် သန့်ရှင်းသောဝိညာဉ်တော်သည် အမြဲကိန်းဝပ်ပြီး၊ သမ္မာတရားလမ်းထဲသို့ သွေးဆောင်ကာ ဘုရားသ ခင်ကိုကျေနပ်စေသောအသက်တာနှင့်  အသက်ရှင်ရန်အတွက်ခွန်အားပေးသည်။

**ယုံကြည်စိတ်ချမှု** – ဝိညာဉ်တော်အားဖြင့် မွေးဖွားသောသူအားလုံးသည် ဘုရားသခင်၏ သေချာသော ကတိတော်များကြောင့် ဘုရားသခင်သည် သူတို့အထဲ၌ စတင်ခဲ့သော အလုပ်ကို ပြီးစီးစေမည်ဟု အပြည့်အဝယုံကြည်ကြသည်။ သူတို့ကို ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ပြီး၊ ၎င်းတို့၏ ထာဝရအမွေဆက်ခံခြင်းအတွက်လည်း အာမခံပေးလျက်ရှိသည်။ ကောင်းမှုကုသိုလ် အလုပ်သည် ဘုရားသခင် လက်ခံရန်အတွက် အခြေခံကျသောအရာမဟုတ်ပါ၊ ယုံကြည်သူများသည် ကောင်းသောအလုပ်များကို လုပ်ဆောင်သဖြင့် သူတို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်ကြောင်း၊ သေဆုံးသည့်အခါ ဘုရားသခင်နှင့် အတူရှိမည်ဟု ယုံကြည်မှု ပို၍တိုးတက်လာကြသည်။

• **ယေရှု၏ ကြွလာခြင်း** – ယေရှုခရစ်တော်သည် ဘုန်းတော်နဲ့ အုပ်စိုးရန်အတွက် လောကသို့ ပြန် ကြွလာမည်ဖြစ်သည်။ သူသည် သေသောသူများကို ထမြောက်စေကာ ဖြောင့်မတ်ခြင်းဖြင့် လောကကို တရားစီရင်မည်ဖြစ်ပြီး၊ အပြစ်ရှိသောသူများသည် ထာဝရတရားစီရင်ခြင်းကို ခံရမည်ဖြစ်သည်။ ဖြောင့်မတ်သောသူတို့သည် မသေနိုင်သောခန္ဓာကိုယ်ဖြင့် ကမ္ဘာသစ်၌ ဘုရားသခင်နှင့်အတူ ထာဝရမိတ်သဟာယဖွဲ့ရန် ကြိုဆို ခံရမည်ဖြစ်သည်။

• **ရေနှစ်ခြင်းမင်္ဂလာနှင့် နောက်ဆုံးညစာ စားပွဲ** – ယေရှုကို ယုံကြည်လက်ခံသော သူများသည် ခရစ်တော်၌ လူသစ်ဖြစ်ခြင်းနှင့် ယုံကြည်ခြင်းကို ကြွေးကြော်သော သက်သေအဖြစ် ဗတ္တိဇံမင်္ဂလာကို ခံရမည်အကြောင်း ယေရှုညွှန်ကြားခဲ့သည်။ ထို့အပြင် သူ၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် နောက်တဖန် ပြန်ကြွလာမည်အကြောင်းကို အောက်မေ့သတိရသောအားဖြင့် ပွဲတော်မင်္ဂလာကို သုံးဆောင်ကြဖို့ကိုလည်းသူ့နောက်လိုက်များအားအမိန့်ပေးခဲ့သည်။

• **အသင်းတော်** – ယုဒလူဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ၊ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ၊ ချမ်းသာသူဖြစ်စေ၊ လူမျိုး၊ အသက်အရွယ် မရွေး စစ်မှန်သော ယုံကြည်သူများအားလုံးသည် ဘုရားသခင်၏ မိသားစုတစ်စုအဖြစ် ကမ္ဘာတဝှမ်းအသင်းတော်များကို ဖွဲ့စည်းထားသည်။ သူတို့သည် မဟာစေခိုင်းချက်ကို သယ်ဆောင်သောသူ၊ ခရစ်တော်၏ ပုံသဏ္ဌာန်အတိုင်း ပြောင်းလဲစေရန် အတွက် ကိုးကွယ်ခြင်း၊ ဆုတောင်းခြင်း၊ မိတ်သဟာယဖွဲ့ခြင်းနှင့် သင်ကြားခြင်းများကို ဒေသန္တရအသင်းတော်များ၌ အတူတကွ စုပေါင်းလုပ်ဆောင်ရန် နောက်လိုက်များအား သွန်သင်ပေးခဲ့သည်။ [*အထက်ပါ ယုံကြည်ခံယူချက်များ အကြောင်းကို Great Commission Churches Archives မှယူထားသည်၊ https://www.gccweb.org/statement-of-faith၊ 4/4/2024 တွင် ဝင်ရောက်ကြည့်ရှုရန်။*]

## တန်ဖိုးများနှင့် လုပ်ဆောင်ချက်များ

ကျန်းမာသော အသင်းတော်၏ တန်ဖိုးများနှင့် လုပ်ဆောင်ချက်များအကြောင်းကို အခြေခံလက်စွဲ စာအုပ် (၁)၊ (၂) နှင့် (၃) တွင် အနှစ်ချုပ်ဖော်ပြထားပါသည်။ ထို့အပြင် သမ္မာကျမ်းစာတွင် ပါဝင်သော လမ်းညွှန်းချက်အချို့ကလည်း ဒေသန္တရအသင်းတော်တစ်ပါး ကျန်းမာသန်စွမ်းဖို့အတွက် ကြီးမားသောအထောက်အကူဖြစ်စေနိုင်ပါသည်။ ၄င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

• **ဘုရားသခင် မည်သို့စကားပြောသနည်း** – ဘုရားသခင်သည် သူ၏ဝိညာဉ်တော်အားဖြင့်လည်းကောင်း၊ ဝိညာဉ်တော်သည် ရေးသားထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း စကားပြောလေ့ရှိသည်။ နှုတ်ကပတ်သမ္မာကျမ်းစာသည် ပြည့်စုံပြီး ထပ်မံဖြည့်စွက်စရာလည်း မလိုအပ်တော့ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်ကို နားလည်ရန်ခရစ် တော်၏ ခန္ဓာကိုယ်တည်းဟူသော အသင်းတော်ကို ကူညီပေးသည်။ အိပ်မက်များ၊ ဗျာဒိတ်ရူပါရုံများနှင့် ဖြစ်ရပ်များကဲ့သို့သော အတွေ့အကြုံများကိုလည်း ခရစ်တော်၏ ခန္ဓာကိုယ်များဖြစ်သော ယုံကြည်သူတို့အား ရေးသားထားသော ဘုရားသခင်၏ နှုတ်ကပတ်သမ္မာကျမ်းစာအားဖြင့် ဝိညာဉ်တော်သည် နားလည်ရန် ရှင်းပြပေးမည်ဖြစ်သည်။

• **ဘာသာစကား ဆုကျေးဇူး** – တမန် ၂:၅-၁၂ တွင် ဖော်ပြထားသည့် ဘာသာစကားများ၏ မူရင်း ဆု ကျေးဇူးအကြောင်း (တစ်ခါတလေ "ဘာသာစကားများ" ဟု ခေါ်သည်) ကိုဖော်ပြထားသည်။ ၄င်းသည် ယေရုရှလင်မြို့၌ အခြားနိုင်ငံများမှ ယုဒလူမျိုးများ လာရောက်လည်ပတ်ကြချိန်တွင် ဖြစ်ပျက်ခဲ့သည်။ ဘုရားသခင်သည် တမန်တော်များအား မသင်ဖူးသော ဘာသာစကားများဖြင့် လာရောက် လည်ပတ်သောဧည့်သည်များကို ယေရှုခရစ်တော်အကြောင်း ပြောဆိုနိုင်ခွင့်အစွမ်းအစကိုပေးခဲ့သည်။ အံ့သြဖွယ်ကောင်းသည်မှာ နားထောင်သူများသည် တမန်တော်များ၏ ဟောပြောချက်များကို မိမိတို့၏ ဘာသာစကားဖြင့် ကြားရခြင်းဖြစ်သည်။ ၎င်းစွမ်းရည်သည် သန့်ရှင်းသောဝိညာဉ်တော်က ပေးထားခြင်းဖြစ်သည်။ ထို့နောက် သမ္မာသစ်ကျမ်းတွင် ပေါလုသည် ကောရိန္သုအသင်းတော်၌ ၎င်းဆုကျေးဇူးအား မှားယွင်းစွာ အသုံးပြုခြင်းအကြောင်းကို ရှင်းပြပေးခဲ့သည်။ လူများသည် ဘာသာစကား မဟုတ်သောအသံများဖြင့် တုပပြောဆို ဆုတောင်းခြင်းများကို ပြုလုပ်ကြပြီး စကားပြောသူ၊ နားထောင်သူ နှစ်ဦးစလုံး နားမလည်ပဲ အသုံးပြုကြသည်ကို တွေ့ရပါသည် (၁ ကော ၁၄:၁-၂၈)။ ပေါလုက ကိုယ်တိုင် ဘာသာစကားများဖြစ်သော (အာရမစ်၊ ဂရိ၊ ဟေဗြဲ) ကို ထိုသူတို့ထက် သိကျွမ်းသော်လည်း လူများ နားမလည်သောစကား ၁၀,၀၀၀ ပြောဆိုခြင်းထက် နားလည်နိုင်သော စကား ၅ ခွန်းကို ပြောခြင်းသည် ပို၍ ကောင်းသည်ကို ပြောခဲ့သည်။ (၁ ကော ၁၄:၁၉)။ ယနေ့တွင် တစ်စုံတစ်ယောက်သည် လူတို့နားမလည်နိုင်သော စကားများကိုပြောဆိုလျှင် ၄င်းသည် သမ္မာကျမ်းစာတွင် မတွေ့ရသောအရာဖြစ်သည်။ တရုတ်ဘာသာစကား မသင်ဖူးသောသူတစ်ဦးသည် တရုတ် ဘာသာကို ပြောဆိုနိုင်လျှင် နားထောင်သူထဲမှ တစ်ဦးဦးက တရုတ်စကားကိုသိရှိရမည် ဖြစ်သည့်အကြောင်းကို တမန် ၂:၅-၁၂ တွင် ဖော်ပြထားပြီး၊ ၄င်းသည် သန့်ရှင်းသော ဝိညာဉ်တော်မှ ပေးထားသောဆုကျေးဇူးနှင့် အတူတူပင် ဖြစ်ပါသည်။ တရုတ်ဘာသာစကားပြောသူကို နားထောင်သူက တခြားနားထောင်သူများအား ဘာ သာပြန်ပေးနိုင်သည်။ ၎င်းနဲ့ ကွဲပြားသော အရာများသည် ကျမ်းစာနှင့် မကိုက်ညီပါ။ ၁ ကော ၁၄:၁၃-၁၉ တွင် ကိုယ်တိုင်မသိသော ဘာသာစကားဖြင့် ပြောဆိုခြင်း သို့မဟုတ် ဆုတောင်းခြင်းသည် အကျိုးမရှိကြောင်း ဖော်ပြထားသည်။ သမ္မာကျမ်းနှင့် မကိုက်ညီသောလုပ်ဆောင်ချက်များကို အသင်းတော်၌ ကျင့်သုံးပါက ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

• **ကျန်းမာခြင်း** – ဘုရားသခင်သည် ယနေ့ပင် ကျန်မာခြင်းကို ပေးနိုင်သည်မှာ မှန်ကန်ပါသည်၊ သို့ သော်လည်း ယုံကြည်သူတစ်ဦးသည် ဘုရားသခင်ပြန်ကြွလာပြီးနောက် ခန္ဓာကိုယ်အသစ်ရရှိမှသာ ကျန်းမာခြင်းရမည်ဟု ယုံကြည်ဖို့တော့ မဟုတ်ပါ။ ဘုရားသခင်သည် အမြဲကျန်းမာစေနိုင်ပြီး၊ လူတို့ကို နည်းလမ်းမျိုးစုံဖြင့် ကျန်းမာစေပါသည်။ သို့သော် ခရစ်ယာန်တစ်ဦးသည် ယုံကြည်ခြင်းဖြင့် ဆုတောင်းလျှင် ဘုရားသခင်သည် အမြဲကျန်းမာစေမည်ဟူသောအချက်သည် လွဲမှားသော သွန်သင်ချက်ဖြစ်ပြီး အန္တရာယ်လည်းရှိပါသည်။ ဘုရားသခင်သည် ပြန်ကြွလာပြီး ယုံကြည်သူတစ်ဦးချင်းစီအား ခန္ဓာကိုယ်အသစ်ပေးသောအခါ အားလုံးကို ကျန်းမာစေမည်မှာ မှန်ကန်ပါသည်။ သို့သော် ယုံကြည် ခြင်းဖြင့် ဆုတောင်းလျှင် ချက်ချင်းကျန်းမာမည်ဟု ဆိုခြင်းမှာ မှားယွင်းပါသည်။ ယေ

ရှုသည် ဒုက္ခဆင်းရဲခြင်းကို ဖယ်ရှားပေးရန် ခမည်းတော်အား ဆုတောင်းသည်ကို (လုကာ ၂၂:၄၂) ဘုရားသခင်သည် အဖြေမပေးခဲ့ပါ။ ပေါလုကို စူးသောဆူးကိုဖယ်ရှားပေးရန် ဘုရားသခင်အား ပေါလု၏ ဆုတောင်း ချက်ကိုလည်း ဘုရားသခင်သည် အဖြေမပေးခဲ့ပါ (၂ ကော ၁၂:၇-၁၀)။ ပေါလု၏ ဆုတောင်းခြင်း ကြောင့် ဧရက္တုသည် ကျန်းမာခြင်းကို မရခဲ့ပါ (၂ တိ ၄:၂၀)။ ယုံကြည်ခြင်းဖြင့် ဆုတောင်းလျှင် ဘုရားသခင်သည် အမြဲကျန်းမာစေမည်ဟု သွန်သင်ခြင်းကြောင့် ခရစ်ယာန်များစွာတို့သည် ဆုတောင်းသည့် အခါ ကျန်းမာခြင်းကို မရကြသောကြောင့် ကိုယ်တိုင်သည် စစ်မှန်သော ယုံကြည်သူ ဟုတ်မဟုတ် စိုး ရိမ် စိတ်ကိုပင် ဖြစ်ပေါ်စေတတ်ပါသည်။ ယောဘ၏ မိတ်ဆွေများကလည်း ယောဘသည် မိမိအပြစ် ကို ဖုံးကွယ်ထားသောကြောင့် ဒုက္ခဆင်းရဲခြင်းခံရသည်ဟုဆိုခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင် ဘုရားသခင်သည် မိတ်ဆွေများ၏ စွက်စွဲချက်များ မှားယွင်းသည့်အကြောင်းကို ပြောခဲ့သည် (ယောဘ ၄၂:၇-၈)။ ဘုရားသခင်သည် ယောဘ၏ဘဝအသက်တာ၌ ဒုက္ခဆင်းရဲခြင်းကို ကောင်းသောရည်ရွယ်ချက်အတွက် အသုံးပြုခဲ့ပြီး၊ ယနေ့လည်း ဘုရားသခင်သည် မိမိ၏ သားသမီးများ ဘဝအသက်တာ၌ ဒုက္ခဆင်းရဲခြင်း၊ နာကျင်ခြင်းကို ကောင်းသောရည်ရွယ်ချက်အတွက် အခွင့်ပေးပြီး အသုံးပြုလျှက်ရှိပါသည်။ (ဟေဗြဲ ၁၂:၄-၁၁)။

## ဝိညာဉ် မိဘဖြစ်ခြင်းအတွက် လက်တွေ့ ခြေလှမ်းများ

သင်းအုပ်ဆရာများအပါအဝင် ခရစ်ယာန်များစွာတို့သည် အသင်းတော်လုပ်ငန်းအမျိုးမျိုးနှင့် အလုပ်ရှုပ်တတ်ကြသည်။ တချို့လူများသည် ဂီတ၊ လူငယ်လုပ်ငန်း၊ အခြားဝန်ဆောင်မှုအစီစဉ် စသည့် အမှုတော်လုပ်ငန်းများ၏ ခေါင်းဆောင်များအဖြစ် လေ့လာသင်ယူခဲ့ကြသူများဖြစ်ကြသည်။ သို့သော် အသင်းတော်များတွင် ဝိညာဉ်ရေး၌ ကြီးထွားတိုးတက်အောင် အခြားသူများကို ကူညီဖေးမပေးမည့် လူပုဂ္ဂိုလ်များမရှိခြင်း မကြာခဏဖြစ်တတ်ပါသည်။ အောက်တွင် ဝိညာဉ်ရေး၌ ကြီးထွားတိုးတက်လာရန် အခြားသူများကိုကူညီပေးသော ခေါင်းဆောင်များဖြစ်လာဖို့အတွက် လေ့ကျင့်သင်ကြားပေးရမည့် လက်တွေ့လုပ်ဆောင်ချက်အဆင့်များကို ဖော်ပြထားပါသည်။

### လိုအပ်သော အရည်အချင်းများ

- ဒုတိယမွေးခြင်းခံပြီးသော ဘုရားသခင်၏ သား၊ သမီး ဖြစ်ရမည်
- ဖတ်နိုင်သော စွမ်းရည် ရှိရမည်
- အခြားသူများကို ကူညီလိုစိတ် ရှိရမည်
- တစ်ပတ်လျှင် တစ်နာရီခန့် အချိန်ယူ၍ လူများနှင့် တွေ့ဆုံနိုင်ရမည်

### ဆောင်ရွက်ရန် အဆင့်များ

သင်သည် သင်းအုပ်ဆရာတစ်ဦးဖြစ်လျှင် အသက်တာကြီးထွားဖို့ အကူအညီပေးလိုသောလူ များအတွက် အမြဲဆုတောင်းပေးဖို့ အရေးကြီးသည်ကို သတိရပါ။ တမန်တော်ရှင်ပေါလု၏ လူများအတွက် ဆုတောင်းပေးခဲ့သည် ဥပမာကို လိုက်နာသင့်ပါသည်။

လူများအတွက် ဆုတောင်းပေးသည့်အခါ မိမိအသင်းတော်တွင် မည်သူက ဘုရားသခင်နောက်ကို လိုက်ချင်သော စိတ်ဆန္ဒရှိသည်ကို သတိပြုစောင့်ကြည့်ပါ။ ဘုရားသခင်နှင့် အသက်တာတိုးတက်ရန်အတွက် အခြားသူများကို ကူညီပေးရန် သင်ယူလိုစိတ်ရှိမရှိ သူတို့ကို မေးမြန်းပေးပါ။ သဘောတူပါက အောက်ပါအဆင့် တစ်ခုချင်းစီကို လိုက်နာပြီး ကူညီပေးပါ။
သင်သည် ခရစ်ယာန်လူငယ်တစ်ဦးဖြစ်လျှင်လည်း ဤအဆင့်များကို လိုက်နာနိုင်ပါသည်။ နည်းမျိုးစုံ ဖြင့်ဘုရားသခင်၏ ကူညီမစခြင်းကို တောင်းခံပါက ဘုရားသခင်ကို သိရှိပြီးသူနှင့်အတူ ကြီးထွားကာ အခြားသူများကို ကူညီပေးရန် သင့်ကို ဘုရားသခင်အသုံးပြုမည်ဖြစ်ပါသည်။

**အဆင့် ၁။** ရိုးရှင်းသော ကျမ်းစာလေ့လာခြင်းကို ဦးဆောင်ရန်အတွက် ဤမေးခွန်း ငါးခုကို ရေးသားပြီး ပြင်ဆင်ပါ၊ ၄င်းတို့ကို မိမိကျမ်းစာအုပ်ထဲတွင် မှတ်သားထားပါ။ ကျမ်းစာကို များများမဖတ်နိုင်သော် လည်းကောင်း၊ ပြင်ဆင်မှု မရှိနိုင်သော်လည်းကောင်း ၄င်းတို့ကို အသုံးပြုနိုင်ပါသည်။ အဆင့် ၅ တွင် အသုံးပြုနည်းကိုဖော်ပြထားပါသည်။

- က။ ဘုရားသခင်အကြောင်းနဲ့ပတ်သက်ပြီး ဤကျမ်းပိုဒ်က မည်သည့်အရာပြောသနည်း
- ခ။ လိုက်လျှောက်ရမည့် ဥပမာ တစ်စုံတစ်ခု ရှိပါသလား
- ဂ။ လိုက်နာရမည့် အမိန့်တော် တစ်စုံတစ်ခု ရှိပါသလား
- ဃ။ ကြွေးကြော်ရမည့် ကတိတော် တစ်စုံတစ်ခု ရှိပါသလား
- င။ စောင့်ထိန်းရမည့် သတိပေးချက် တစ်စုံတစ်ခု ရှိပါသလား

အဆင့် ၂။ သင့်နှင့်အတူ ကျမ်းစာကို ဖတ်ရှုလေ့လာလိုသော အခြားလူတစ်ဦးကို တွေ့ရှိရန် ဘုရားသခင်ထံ ဆုတောင်းပါ။

အဆင့် ၃။ မိတ်ဆွေများ (ခရစ်ယာန် သို့မဟုတ် ခရစ်ယာန်မဟုတ်သူ) ကို သင်နှင့်အတူ ကျမ်းစာဖတ်ပြီး ဆွေးနွေးရန် စိတ်ဝင်စားသလားဟု မေးပါ။

အဆင့် ၄။ သင်နှင့်အတူ ကျမ်းစာဖတ်ပြီး ဆွေးနွေးရန် စိတ်ဝင်စားသူတစ်ဦးရှိပါက နှစ်ဦးလုံး အဆင်ပြေတွေ့ဆုံနိုင်မည့်အချိန် ၂၀ မိနစ် သို့မဟုတ် ၄င်းထက်ပိုကြာသော အချိန်တစ်ခုကို ညှိပါ။

အဆင့် ၅။ မိတ်ဆွေနှင့် တွေ့ဆုံသည့်အခါ အောက်ပါ လမ်းညွှန်ချက်များကို လိုက်နာပါ –
- က။ ဖတ်ရှုမည့် ကျမ်းပိုဒ်ကို ရွေးချယ်ပါ။
- ခ။ သင်ဖတ်နေသောကျမ်းစာ၏အဓိပ္ပါယ်ကို နားလည်နိုင်ရန် ဘုရားသခင်ထံ ဆုတောင်းပါ။
- ဂ။ အခန်းတစ်ခုကို အတူတကွ အသံကျယ်နဲ့ ဖတ်ပါ။ (အခန်းတစ်ဝက် သို့မဟုတ် အခန်းတစ်ခန်းလုံးဖြစ်နိုင်သည်)
- ဃ။ မေးခွန်းငါးခုမှ ပထမမေးခွန်းဖြစ်သည့် “ဘုရားသခင်အကြောင်း” မှ စတင်ပြီး အဖြေကိုရှာပါ။
- င။ သင်ယူထားသောအရာများကို မှတ်မိနိုင်ရန် ဘုရားသခင်ထံ ဆုတောင်းပါ (တစ်ဦးချင်း အသံကျယ်ကျယ်နဲ့ဆုတောင်းနိုင်သည်)။

အဆင့် ၆။ မိတ်ဆွေကို နောက်တစ်ကြိမ် တွေ့ဆုံပြီး ကျမ်းစာ ဖတ်ရန် စိတ်ဝင်စားပါသလား မေးပါ။

အဆင့် ၇။ မိတ်ဆွေသည် ပြန်၍တွေ့ဆုံလိုပါက အခြားမိတ်ဆွေတစ်ဦးကိုရှာဖွေပြီး ခေါ်လာဖို့အတွက် ဘုရားသခင်ထံ ဆုတောင်းရန် အားပေးတိုက်တွန်းပါ။

အဆင့် ၈။ မိတ်ဆွေများနှင့် ဆက်လက်ကျမ်းစာကို ဖတ်ပြီး ဆွေးနွေးတိုင်ပင်ပါ။ မိတ်ဆွေ နှစ်ဦးတည်း သာရှိပါက ကောင်းသည်၊ ပိုများပါကလည်း ပိုကောင်းပါသည်။ အဖွဲ့ဝင် ၆ ဦး သို့မဟုတ် ၆ ဦးထက် ပိုများပါက အဖွဲ့ကို နှစ်ဖွဲ့ခွဲပါ။ အစပိုင်းတွင် လာရောက်သူ လူအုပ်များသည့်အတွက် ဘုရားသခင်၏ အကူအညီကို တောင်းခံပါ။ ထို့နောက် အဖွဲ့ကိုခွဲပြီး ကျမ်းစာဖတ်ခြင်း၊ ဆွေးနွေးခြင်းကို လုပ်ဆောင်ပါ။ (ဤနည်းလမ်းသည် အပြန်အလှန်ဆက်ဆံမှုများ ဖြစ်ပေါ်စေသည်။) ပြီးဆုံးပါက အဖွဲ့နှစ်ဖွဲ့ကိုပြန်စုပြီး အတူတကွ ကျမ်းစာဖတ်ခြင်း၊ ဆွေးနွေးခြင်းကို လုပ်ဆောင်ပါ။

အဆင့် ၉။ အဆင်ပြေပါက အဖွဲ့ဝင်များသည် တစ်ဦးချင်းဆီ ဆုတောင်းချိန်ကိုအဆုံးတွင်လုပ်ဆောင် ဖို့ပြောပြပါ။ အဖွဲ့ဝင်များထဲမှ မည်သူမဆို အဖွဲ့အား ဆုတောင်းပေးစေလိုသောအကြောင်းအရာရှိပါက မေးမြန်းခိုင်းပါ။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ဆုတောင်းချက်တိုင်းအတွက် ဆုတောင်းဦးဆောင်နိုင်သော်လည်း အခြားသူများ ပါဝင်ဦးဆောင်ရန်လည်း အားပေး တိုက်တွန်းပါ။ အဖွဲ့များ တွေ့ဆုံတိုင်း ထိုကဲ့သို့ဆုတောင်းခြင်းကို လုပ်ဆောင်ကြဖို့ အကြံပြုပေးပါ။

အဆင့် ၁၀။ အဖွဲ့ဝင်များနှင့် ပိုမိုရင်းနှီးလာသည်နှင့်အမျှ ၎င်းတို့၏ ဝိညာဉ်ရေး တိုးတက်မှုအခြေနေကို မေးမြန်းပါ။ ကယ်တင်ခြင်းစိတ်ချမှု ရှိပါသလား? ရေနှစ်ခြင်းမင်္ဂလာခံပြီလား? ဘုရားသခင်ထံ အကူညီတောင်းလိုသော အရာရှိပါသလား? သူတို့အသက်တာ၌ ပိုမိုခိုင်ခံ့စေလိုသောအရာများ ရှိပါသလား? ယုံကြည်သူတစ်ဦးသည် ခရစ်တော်နှင့် ပိုမိုကြီးထွားလိုသောဆန္ဒရှိပါက အခြားအချိန် သီးသန့် တွေ့ဆုံရန် တိုက်တွန်းပါ။ ယခုသင်သည် သူတို့အတွက် ဝိညာဉ်မိဘဖြစ်ဖို့ အခွင့်ထူးရရှိ ပြီဖြစ်ပါသည်။ မိခင်၊ ဖခင်တစ်ဦးအနေဖြင့် ၎င်းတို့နှင့် ခင်မင်မှုတိုးမြင့်ရန်၊ အချိန်၊ စွမ်းအားနှင့် ငွေကြေးများကို ရင်းနှီးမြှုပ်နှံပြီး နုနယ်သော ခရစ်ယာန်လူငယ်များကိုလည်း ခွန်အားပေးပါ။ မည်ကဲ့သို့ ကူညီပေးမည်ကို သင်မသိပါက သင်၏ သင်းအုပ်ဆရာ သို့မဟုတ် အခြားခရစ်ယာန်ခေါင်းဆောင်တစ်ဦးဦးထံ အကြံဉာဏ်တောင်းခံနိုင်ပါသည်။

အဆင့် ၁၁။ အဖွဲ့အုပ်စု တိုးပွားလာလျှင် အဖွဲ့အတွက် သို့မဟုတ် အဖွဲ့ဝင်တစ်ဦးချင်းအတွက် ဆုံး ဖြတ်ချက်များ ပြုလုပ်ရာတွင် အထောက်အကူဖြစ်စေမည့် တစ်ဦးနဲ့တစ်ဦး လက်တွဲကူညီပေးရန်တွဲ ဖက်ခေါင်းဆောင်တစ်ဦးရရှိဖို့ ဘုရားသခင်ထံဆုတောင်းပါ။ ခေါင်းဆောင်မရမချင်း အဖွဲ့ခေါင်းဆောင်တစ်ဦးသည် သင်းအုပ်ဆရာနှင့်အကြိမ်ကြိမ်ဆွေးနွေးတိုင်ပင်ဖို့ အရေးကြီးသည်။ ခေါင်းဆောင်နှင့်သင်းအုပ်ဆရာများအကြား သဘောတူညီမှု မရှိမချင်း ဆုံးဖြတ်ချက် မချဖို့ လိုအပ်ပါသည်။

အဆင့် ၁၂။ အဖွဲ့အုပ်စုများ တစ်ဦးနှင့် တစ်ဦး အဆင်ပြေလာလျှင် ဘုရားသခင်အား ကိုးကွယ်သည့် အချိန်သီချင်း တစ်ပုဒ် သို့မဟုတ် နှစ်ပုဒ် သီဆိုနိုင်ကြောင်းပြောပြပါ။ သီချင်းကို ကျမ်းစာမလေ့လာမီ သို့မဟုတ် နောက်ဆုံး ဆုတောင်းချိန်အပြီးတွင် သီဆိုနိုင်ပါသည်။

အဆင့် ၁၃။ အဖွဲ့အုပ်စုနှင့် ပုံမှန်တွေ့ဆုံပါ။ အဖွဲ့အုပ်စုများနှင့် လုပ်ဆောင်နိုင်သော အရာတစ်ခုမှာ အတူတကွ ပွဲတော်မင်္ဂလာ သုံးဆောင်ခြင်းဖြစ်သည်။ ၎င်းကို မုန့်အနည်းငယ်၊ စပျစ်ရည်နှင့် ရိုးရှင်းစွာ ပြု လုပ်နိုင်ပါသည်။ ယေရှုခရစ်တော်သည် လူသားတို့၏အပြစ်အတွက် အသေခံပြီး အသက်စွန့်ပေးဆပ်ခြင်းအကြောင်းနှင့် ဆိုင်သော

ကျမ်းချက်အတိုလေးကို ရွေးချယ်ပြီးခွန်းအားပေးပါ။ ထို့နောက် မုန့်နှင့် စပျစ်ရည်ကို ဝေမျှပြီး အားလုံးကျေးဇူးတော်ချီးမွမ်းဆုတောင်းဖို့ အားပေးပါ။ ဆုတောင်းပြီး နောက်တေး သီချင်းတစ်ပုဒ် သို့မဟုတ် နှစ်ပုဒ် သီဆိုပြီး ကိုးကွယ်ခြင်းကို ပြုလုပ်နိုင်ပါသည်။ ဤကဲ့သို့ ပွဲတော်မင်္ဂလာကို လိုအပ်သလို လုပ်ဆောင်နိုင်ပါသည်။ တစ်လတစ်ကြိမ် လုပ်ဆောင်ခြင်းသည် ကောင်းမွန် ပြီး ၄င်းသည် ယေရှု၏အသေခံခြင်းအတွက် ဘုရားသခင်နှင့် ရင်းနှီးဆက်ဆံရေး၏ အခြေခံလည်းဖြစ်ပြီး နေ့စဥ်စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေသောအသက်တာ၌ ထိုအရာကို အမြဲသတိရရန်ဖြစ်သည်။

အဆင့် ၁၄။ ခေါင်းဆောင်တစ်ဦးအနေဖြင့် အဖွဲ့၏လိုအပ်ချက်များကို စဥ်းစားပြီး ကျမ်းစာသင်ကြား ပေးဖို့လိုအပ်လျှင်လည်း သင်ကြားပေးပါ။ ပုံမှန်ကျမ်းစာကို လေ့လာပြီး ဆွေးနွေးနိုင်ပါသည်။ တရားဟောပြီးနောက် ဆွေးနွေးတိုင်ပင်ခြင်းသည် အမြဲအထောက်အကူဖြစ်တတ်ပါသည်။

အဆင့် ၁၅။ အထက်ဖော်ပြပါ အချက်များကို ပုံမှန်လုပ်ဆောင်လျှင် ဘုရားသခင်သည် ၎င်း၏ ထာဝရမိသားစုအသစ်တစ်ခု တည်ဆောက်ရန် ကူညီမစပေးမည်ဖြစ်သည်။. ညီအစ်ကို မောင်နှမများကို ကူညီစောင့်ရှောက်ရန် အသင်းတော်ကို ဘုရား သခင်ဆက်လက် မစပေးမည်ဖြစ်သည်။ ဤ ဝိညာဉ်မိသားစုအသစ်အား ဘုရားသခင်ကို အမိကဦးစားပေးပြီး ကျမ်းစာသွန်သင်သည့်အတိုင်း လိုက်လျှောက်ဖို့ လေ့ကျင့်သင်ကြားပေးပါ။ သင်းအုပ်ဆရာ၏အကူအညီဖြင့် ပေးကမ်းခြင်းအကြောင်းနှင့် ဆိုင်သောကျမ်းစာလေ့လာခြင်းအစီစဥ်ကိုလည်း ပြင်ဆင်ပေးနိုင်ပါသည်။ ဤအရာများကို အဖွဲ့ဝင်များသည် ဘုရားသခင်နှင့် ဆက်ဆံရေး တိုးတက်စေရန်အတွက်လည်းကောင်း၊ ခေါင်းဆောင်များနှင့် အသင်းတော်အသစ်၏ သာသနာလုပ်ငန်းအတွက် ငွေကြေးအထောက်အပံ့ဖြစ်စေရန်လည်း ကူညီပေးမည်ဖြစ်သည်။ စိတ်နှိမ့်ချခြင်းနှင့် ဘုရားသခင်ပေါ် ယုံကြည်အားကိုးခြင်းကို ကျင့်သုံးတတ်အောင်လေ့ကျင့် ပေးရမည်ဖြစ်သည်။

ညီအစ်ကိုတစ်ယောက်သည် ဤအဆင့်များအားလုံးကို အဖွဲ့အုပ်စုနဲ့ ပြီးမြောက် ဆောင်ရွက်နိုင်လျှင် ၄င်းသည်သင်းအုပ်ဆရာတစ်ဦး၏ အလုပ်ကို လုပ်ဆောင်နေခြင်းဖြစ်သည်။ လူများအား ကျမ်းစာကိုသိဖို့ ကူညီပေးခြင်းနှင့် ဘုရားသခင်၌ ကြီးထွားတိုးတက်ရန် ဆက်လက်ကူညီမစခြင်းဖြင့် သူသည် ဘုရားသခင်၏ အစေခံတစ်ဦးအဖြစ် ပိုမိုရင့်ကျက်ပြီး ထိရောက်သောသူဖြစ်လာမည်ဖြစ်သည်။ မိန်းမသည်လည်း ဤအဆင့်များအတိုင်း ဝိညာဉ်ရေး၌ ကြီးထွားတိုးတက်အောင် ကူညီနိုင်သော်လည်း ကျမ်းစာ၌ တွေ့ရသည့်အတိုင်း အသင်းတော်၏ သင်းအုပ်ဆရာမတစ်ဦးအဖြစ် တာဝန်ယူခြင်းသည် မသင့်လျော်ပါ။

## အသိအမှတ်ပြုလက်မှတ်

ဘုရားသခင်သည် ဤနေရာတွင် ဖော်ပြထားသည့် ဝိညာဉ်မိသားစုအသစ်တစ်ခုကို တည်ဆောက်ရန် တစ်စုံတစ်ဦးအတွက် ကျေးဇူးပြုပါက၊ ၎င်း၏ သင်းအုပ်ဆရာနှင့် အခြားသင့်တော်သော သင်တန်းဆရာတစ်ဦးမှ **ဝိညာဉ် မိဘ** အဖြစ်အသိအမှတ်ပြု လက်မှတ်ကို ချီးမြှင့်ပေးအပ်နိုင်ပါသည်။ လိုအပ်လျှင် ဤအဆင့်အားလုံး မပြီးမြောက်ခင်လည်း လက်မှတ်ပေးနိုင်ပါသည်။ ဥပမာ - အသင်းတော်သားတစ်ဦးသည် တစ်နှစ်အတွင်း ဝိညာဉ်ရေး၌ ကြီးထွားအောင် ကူညီပေးသူ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုရှိပါက သူတို့၏သစ္စာရှိမှုအတွက် အသိအမှတ်ပြုသည့်အနေဖြင့် **ဝိညာဉ်မိဘ** ဖြစ်ခြင်း လက်မှတ်ကို ချီးမြှင့်ပေးသင့်သည်။

# ရင့်ကျက်သော ဝိညာဉ်ခေါင်းဆောင်တစ်ဦးဖြစ်ရန်အတွက် လက်တွေ့ဆောင်ရွက်ရမည့်အဆင့်များ

သင်သည် တစ်စုံတစ်ဦးကို ဘုရားသခင်နှင့်အတူ ဘဝအသက်တာတိုးတက်လာအောင် ကူညီပြီးပါက ၎င်းအား ရင့်ကျက်သော ဝိညာဉ်ခေါင်းဆောင်တစ်ဦးဖြစ်လာစေရန် ဆက်လက် ကူညီပေးနိုင်ပါသည်။ ဤသည်မှာ သားသမီးတစ်ဦးချင်းစီအတွက် ဘုရားသခင်၏ ဆန္ဒဖြစ်သည်။ ယေရှုသည် ပထမဆုံး သူ့နောက်လိုက်များအား "သင်တို့အား သင်ကြားခဲ့သမျှကို လာမည့်မျိုးဆက်သစ်အားလုံးကို သင်ကြားပေးကြလော့" ဟု မိန့်တော်မူခဲ့သည်။ (မဿဲ ၂၈:၂၀ မှ အဓိပ္ပါယ်ဖော်ပြချက်ဖြစ်သည်)။

ပေါလုကလည်း ဖေက်သြဝါဒစာတွင် အသင်းတော်၏ရည်ရွယ်ချက်အကြောင်းကို ဤသို့ ရေး သား ထား ပါသည်။ "သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလိုငှါ၊ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့ကို ပရောဖက်အရာ၌၎င်း၊ အချို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်ဆရာ၊ ဆရာအရာ၌၎င်း၊ ခန့်ထားတော်မူ၏။ **ငါတို့** ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏ အရပ်တည်းဟူသော **ကြီးရင့်သော** လူတို့၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း။"(ဧ ဖက် ၄: ၁၂-၁၃)။ ပေါလုသည် တိမောသေအား "သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ ကြားရပြီးသော အရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့။" ဟု ၂ တိ ၂:၂ တွင် အထူးသဖြင့် ဆုံးမခဲ့သည်။

ခရစ်တော်၏ ရင့်ကျက်သောနောက်လိုက်တစ်ဦးဖြစ်ရန် သို့မဟုတ် သင်သည်တစ်စုံတစ်ဦးကို ရင့်ကျက်သောနောက်လိုက်တစ်ဦးဖြစ်စေဖို့ ကူညီပေးရန်အတွက် အောက်ပါလက်တွေ့ဆောင်ရွက်ရမည့်အဆင့်များကို ဖော်ပြထားပါသည်။

**မှတ်ချက်** - ဤအဆင့်များကို အစဉ်လိုက် ဆောင်ရွက်ရန်မလိုအပ်ပါ။ တစ်ဦးတစ်ယောက်၏လိုအပ်ချက်နှင့် စိတ်ဆန္ဒအပေါ်မူတည်ပြီး ချိန်ညှိဆောင်ရွက်နိုင်ပါသည်။ တစ်ချို့သောအဆင့်များသည် တပြိုင်နက်တွင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အဆင့် ၁**။ "ဝိညာဉ် မိဘဖြစ်ခြင်းအတွက် လက်တွေ့ ခြေလှမ်းများ" တွင် ဖော်ပြခဲ့သည့်အတိုင်း သင်ကူညီမည့်သူအား ဤအဆင့်များကို လိုက်နာဖို့ ကူညီပေးပါ။ ဤသို့သော ဝိညာဉ်မိသားစုအုပ်စုကို တစ်စုံတစ်ယောက် တည်ဆောက်သောအခါ ၎င်းကို ဆက်လက် သစ္စာရှိရှိ ဆောင်ရွက်နိုင်အောင် ကူညီပေးပါ။ ဝိညာဉ်မိဘများသည် မိမိ၏ ဝိညာဥ်သားသမီးများအား အမြဲကူညီဆောင်ရွက်ပေးရသည်။

**အဆင့် ၂**။ "ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ" စာအုပ် (၁) ကို အသုံးပြုပြီး တစ်စုံတစ်ယောက်ကို ကူညီပေးပါ။ ခေါင်းစဉ်တစ်ခုစီကို ဆွေးနွေးပြီး၊ လေ့ကျင့်မှုပုံစံအတိုင်း မှတ်တမ်းတင်ရန် ကူညီပေးပါ။ ၎င်းသည် ဘုရားသခင်နှင့် ကျမ်းစာအကြောင်း သိရှိနားလည်မှု တိုးတက်လာစေရန် ကူညီပေးပြီး ဘဝတစ်လျှောက်လုံး ဆက်ဆံရေးအတွက် ခိုင်မာသောအခြေခံအုတ်မြစ် တစ်ခုလည်းဖြစ်သည်။ ဤလက်စွဲစာအုပ်သည် ဘဝတစ်လျှောက်လုံးအတွက် အသုံးပြုနိုင်သော ကိရိယာတန်ဆာတစ်ခုဖြစ်ပါသည်။

**အဆင့် ၃**။ "ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ" စာအုပ် (၂) ကို အသုံးပြု ပြီး တစ်စုံတစ်ယောက်ကို ကူညီပေးပါ။ ၄င်းကို လေ့လာရန် လနဲ့ချီပြီး ကြာနိုင်သလို နှစ်နဲ့ချီလည်း ကြာနိုင်ပါ သည်။ အဓိကအရေးကြီးသည်မှာ အခြေခံသိကောင်းစရာများ အဆင့် ၁၅ ခုစီကို ဘဝတစ်လျှောက်လုံး၌ နေ့စဉ် အသက်တာတစ်ခုဖြစ်လာဖို့ လေ့ကျင့်ပေးရန်ဖြစ်သည်။ လူတိုင်း၏ အသက်တာပြောင်းလဲရန် နည်းလမ်းများစွာ ရှိပြီး၊ ဤအခြေခံအကြောင်းအရာတစ်ခုစီကို အသုံးပြုရန် အသစ်သောနည်းလမ်းများစွာလည်းရှိမည်ဖြစ်သည်။ ထို့ကြောင့် ၄င်း **အခြေခံသိ ကောင်းစရာ**များ သည် ဘဝ၌မရှိမဖြစ်လို အပ်သောအရာများဖြစ်ကြသည်။ လက်စွဲ စာအုပ်ခေါင်းစဉ် "အခြေခံသိကောင်းစရာများကို လက်တွေ့ကျင့်သုံးသော ခရစ်တော်နောက်လိုက်တစ်ဦး၏ ဂုဏ်အင်္ဂါလက္ခဏာများ" ဆိုသည့် စာမျက်နှာအဆုံးပိုင်းတွင် အကျဉ်းချုပ်ရေးသားထားသော စာမျက်နှာတွေ့နိုင် ပါသည်။ နေ့စဉ်အသက်တာ၌ အခြေခံသိကောင်းစရာများကို မည်သို့အသုံးပြုနိုင်သည်ကို ဤအရာများက အကြံ ဥာဏ်ပေးမည်ဖြစ်ပါသည်။ (ဤစာမျက်နှာတစ်ခုတည်းကိုသာ အာရုံစိုက်ဖို့မဟုတ်ဘဲ၊ တစ်စုံတစ်ယောက်သည် အခြေခံသိကောင်းစရာများ အဆင့် ၁၅ ခုစီကိုရှင်းပြသည့် ကျမ်းစာပိုဒ်များကို နားလည်သဘောပေါက်ပြီး၊ လက် တွေ့လုပ်ဆောင်ရန် ကူညီပေးပါ။)

**အဆင့် ၄**။ စာအုပ် (၃) "မိသားစုအကြောင်းအခြေခံ သိကောင်းစရာများ" တွင် ဖော်ပြထားသည့် အိမ်ထောင်နှင့် မိသားစုဘဝအကြောင်း သမ္မာကျမ်းစာအခြေခံသဘောတရားများကို နားလည်ပြီး အသုံးပြုရန် တစ်စုံတစ်ဦးကို ကူညီပေးပါ။

**အဆင့် ၅**။ စာအုပ် (၃) "ဝိညာဉ် မိသားစု (အသင်းတော်) ၏ အခြေခံသိကောင်းစရာများ" တွင် ဖော်ပြထားသည့် သမ္မာကျမ်းစာ အခြေခံသဘောတရားများကို နားလည်ပြီး အသုံးပြုရန် တစ်စုံတစ်ဦးကို ကူညီပေးပါ။

**အဆင့် ၆**။ ဘုရားသခင်ကို သိရှိလိုသောသူ၊ အသက်တာ၌ နာခံလိုက်လျှောက်လိုသောဆန္ဒရှိသူတစ်ဦး သို့မဟုတ် နှစ်ဦးကို ဆုံးမသွန်သင်ပေးမည့် တစ်စုံတစ်ယောက်ကို ကူညီပေးပါ။ ဤအဆင့်များအားဖြင့် ရင့်ကျက်သောသူ ဖြစ်လာရန် အခြားသူကို ကူညီပေးသည့်အတိုင်း သင်ယူလေ့လာသောသူ တစ်စုံတစ်ဦးသည် ပို၍ရင့်ကျက်လာ ပြီး၊ သင်သည်လည်း သူတို့ကို ကူညီပေးခြင်းဖြင့် ပိုမိုကြီးထွားရင့်ကျက် လာမည်ဖြစ်ပါသည်။

## ရင့်ကျက်မှု

လူတစ်ဦးတစ်ယောက်သည် ဘုရားသခင် အကြောင်းကိုနားလည်ပြီး၊ အခြေခံသိကောင်းစရာများကို လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ကြီးထွားတိုးတက်လာသောအခါ သူ၏ ဘဝတွင် ဝိညာဉ်အသီးများဖြစ်သော ဝမ်း မြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ချစ်ခြင်းမေတ္တာစသည်တို့ဖြင့် ပြည့်စုံလာမည်ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ် တော်သည် သူတို့ကို ယေရှုခရစ်တော်နှင့်ပို၍တူလာအောင် ကူညီမစပေးမည်ဖြစ်သည်။

ယေရှုခရစ်တော်၏ ရင့်ကျက်သောနောက်လိုက်များသည် ပျက်စီးနေသော လောကကမ္ဘာကြီးကို ကူညီ ပေးရန် အလွန်အရေးကြီးသောသူများဖြစ်ကြသည်။ ထိုသူများသည် လောကကို ဖန်ဆင်းသောအရှင်နှင့် လောက ကိုကယ်တင်သောအရှင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် သိရှိသူများလည်း ဖြစ်ကြသည်။ လောကကမ္ဘာကြီးက

ယေရှုခရစ်တော်၏ ရင့်ကျက်သောနောက်လိုက်များကို စီးပွားရေး၊ ပညာရေး၊ ဂီတ၊ အစိုးရ၊ လူမှုရေးနှင့် အခြားသောလုပ်ငန်းတိုင်းတွင် လိုအပ်လျှက်ရှိပါသည်။ ယေရှုခရစ်တော်၏ ရင့်ကျက်သောနောက်လိုက်များသည် ဘဝ၏ အကောင်းဆုံးသော ဖခင်များ၊ မိခင်များ၊ လင်ယောကျ်ားများ၊ ဇနီးသည်များနှင့် ခေါင်းဆောင်များကို ပြုလုပ်ပေးကြသည်။ ဖန်ဆင်းရှင်နှင့်အတူ ပြည့်စုံသောဘဝကို ပျော်ရွှင်စွာ ခံစားရန်အတွက် ကျွန်ုပ်တို့သည် ဖန်ဆင်းခံရသူများ ဖြစ်ကြသည်။ ဘုရားမပါသော အသက်ရှင်ခြင်းသည် လူတိုင်းအတွက် အန္တရာယ်ရှိသည်။

## ရင့်ကျက်သော တပည့်တော်များ လေ့ကျင့်ပေးရေးအတွက် လက်တွေ့ကျသောအစီအစဉ်

ဘုရားသခင်သည် ရင့်ကျက်သောသူအဖြစ်သို့ ကြီးထွားရန် လူပုဂ္ဂိုလ်တစ်ဦးထက်မက သောလူများကို ကူညီပေးရန် အခွင့်ထူးကိုပေးသည့်အခါ အမြဲတွေ့လေ့ရှိသောလူတို့နှင့် သီးသန့်တွေ့ဆုံခြင်း ထက် အဖွဲ့အုပ်စုများနှင့် အတူတကွ သင်ယူတတ်ရန် ကူညီပေးခြင်းသည် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်။ ၄င်းအတွက် တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့တစ်ခုကို ဖွဲ့ရန်အချိန်ဖြစ်ပါသည်။

တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့ ဖွဲ့စည်းရန်နောက်ထပ်အကြောင်းအရင်းတစ်ခုမှာ ဝိညာဉ် မိသားစုတစ်ခုတွင် ပါဝင်နေသော ဆက်ဆံရေးအမျိုးမျိုးသည် တခါတရံတွင် အလွန်အမင်းများပြားရှုပ်ထွေးတတ်သည်။ အသင်းတော်ထိန်းသိမ်းရေးကို လွယ်လင့်တကူလုပ်ဆောင်တတ်ကြပြီး လောက၌ အသက်ရှင်စဉ် ယေရှု၏ အာရုံစူးစိုက်သောအရာမှ ဝေးကွာသွားကြသည်။ ယေရှု၏သာသနာလုပ်ငန်း အဓိကအကြောင်းရင်းတစ်ခုမှာ ဦးဆောင်သူများကိုလေ့ကျင့်ပေးခြင်းဖြစ်ပြီး၊ ထိုဦးဆောင်သူများကလည်း နောက်ထပ်ဦးဆောင်သူများကို မျိုးဆက်ပွားအောင်လုပ်ဆောင်ခြင်း (တပည့်တော်များ တိုးပွားများပြားခြင်း) ဖြစ်သည်။ ၎င်းကိုလုပ်ဆောင်ရန် တပည့်တော်ဖြစ် ခြင်းအခြေခံသဘောတရားများကို အတူတကွ သင်ယူရန်အတွက် ယေရှုသည် တစ်ဆယ့်နှစ်ဦးပါ ဝင်သောအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ယေရှုက သူ့တပည့်တော်များအား မဿဲ ၂၈: ၁၈-၂၀ တွင်ဖော်ပြထားသည့်အတိုင်း သူတို့သင်ယူခဲ့သည့်အရာများကို တစ်ခြားသူများအားလည်း သင်ကြားပေး ရန် မိန့်တော်မူခဲ့သည်။

သင်နှင့်ကျွန်ုပ်သည် ယေရှုကဲ့သို့ အရည်အချင်းမြင့်မားသောဆရာများ မဟုတ်ကြသော ကြောင့်လူနည်းစုအဖွဲ့ငယ်နှင့် အစပြုခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ၄င်းအဖွဲ့ကို “တပည့် တော်ဖြစ်ခြင်းလေ့ကျင့်ပေးရေးအဖွဲ့”ဟုခေါ်နိုင်ပါသည်။ အသင်းတော်အရွယ်အစားပေါ်မူတည်၍၊ အနာဂတ်တွင် ဤတပည့်တော်ဖြစ်ခြင်းလေ့ကျင့်ပေးရေးအဖွဲ့ များစွာဖွဲ့စည်းလာနိုင်မည်ဖြစ်ပါသည်။

# တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့

## တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့ ၏ ရည်ရွယ်ချက်များ

• ဘုရားသခင်နှင့် ဆက်ဆံရေး တိုးတက်မှုရရှိစေရန်အတွက် တစ်ဦးနှင့်တစ်ဦးကို ကူညီပေး ပါ။

• လောက မိသားစုနှင့် ဝိညာဉ် မိသားစုတို့အကြား ဆက်ဆံရေး တိုးတက်မှုရရှိစေရန် တစ်ဦးနှင့်တစ်ဦးကို ကူညီပေးပါ။

• မယုံကြည်သူများကို ဧဝံဂေလိဝေ၍ခြင်းနှင့် တပည့်တော်များကို လေ့ကျင့်သင်ကြားခြင်းတို့ တိုးတက်စေရန်အတွက် တစ်ဦးနှင့်တစ်ဦး ကူညီပေးပါ။

## တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့ ၏ ပုံစံများ

• သုံးဦးမှ ခြောက်ဦးအထိပါဝင်နိုင်ပါသည်၊ လေးဦးပါဝင်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ ဤ အဖွဲ့၏ ရည်ရွယ်ချက်သုံးခုစလုံးအတွက် တစ်ဦးချင်းစီက မိမိလုပ်ဆောင်နေသောအရာများကို မျှဝေနိုင်ရန်ဖြစ်သည်။

• များသောအားဖြင့် အုပ်စုအဖွဲ့ဝင်များအားလုံးတွင် အမျိုးသား (သို့) အမျိုးသမီးများသီးသန့်စီဖြစ်အောင် စီစဉ်ခြင်းသည် ပုဂ္ဂိုလ်ရေးအကြောင်းအရာများကို ပို၍လွတ်လပ်စွာမျှဝေနိုင်ရန် အထောက်အကူပြုပါသည်။

• အသင်းတော် မိတ်သဟာယ တွေ့ဆုံခြင်းနှင့် မတူဘဲ သီးခြားအချိန်တစ်ခုတွင် တွေ့ဆုံပါ။

• နောက်ပိုင်းတွင် အုပ်စုအဖွဲ့ဝင်အချို့က "တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့" အသစ်တစ်ခုဖွဲ့ ချင်လာနိုင်ပါသည်။ ဥပမာအားဖြင့် ကလေးများကြီး ပြင်းလာပြီး ကိုယ်ပိုင်မိသားစုဖွဲ့သကဲ့သို့၊ တပည့်တော်များ သည် ကြီးထွားရင့်ကျက်လာပြီး ဝိညာဉ်မိဘများဖြစ်လာကာ ဝိညာဉ်မိသားစုများကို စတင်လာကြမည်ဖြစ်သည်။ ဝိညာဉ်မိဘများ တိုးပွားမြင့်တင်ခြင်းသည် ယေရှုပေးခဲ့သောရည်ရွယ်ချက်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည်လည်း ဤအရာ အတွက် ဆုတောင်းခြင်းနှင့် အားထုတ်လုပ်ဆောင်ခြင်းကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

• တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့သည် မည်မျှကြာ တွေ့ဆုံကြမည်ကို ဆုံးဖြတ်လိမ့်မည်။ လူ တိုင်း၏ အခြေအနေပေါ် မူတည်ပြီး တစ်ပတ်တစ်ကြိမ်မှ တစ်လတစ်ကြိမ် အထိဖြစ်နိုင်ပါသည်။

• အစည်းဝေးတိုင်းတွင် အဖွဲ့ဝင်တိုင်းသည် တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ပေးရေးအဖွဲ့၏ ရည်ရွယ်ချက် အောက်တွင် ဖြစ်ပျက်နေသောအရာများကို ဝေမျှပေးရန်ဖြစ်သည်။ သူတို့၏ ဘဝအသက်တာ၌ ခွန်အားရစရာ ကောင်းသည့် အချက်များနှင့်စိန်ခေါ်မှုများကို ရည်ရွယ်ချက်သုံးခုအတိုင်း မိမိဘဝအခြေအနေများကို တစ်ဦးချင်း စီက ဝေမျှပေးရမည်။

• အကြံဥာဏ်ပေးခြင်း၊ အတွေးအခေါ်များ၊ သင်ကြားမှုများနှင့် မဟာဗျူဟာများကို တွေ့ဆုံသည့်အချိန်အ တွင်းတွင် ပြုလုပ်ရမည်။ ဘုရားသခင်၏ သမ္မာကျမ်းစာသည် သင်ယူခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းတို့၏ အခြေ ခံအုတ်မြစ်ဖြစ်ရမည်။ အတွေ့အကြုံရှိသူများနှင့် ရင့်ကျက်ပြီးသူများက သင်ယူခဲ့သော သင်ခန်းစာများကို ဝေမျှ ပေးရမည်။ "ဘုရားသခင်အကြောင်း အခြေခံသိကောင်းစရာများ၊ ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများနှင့် ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ" စသည့် လက်စွဲ

စာအုပ် သုံးအုပ်သည် တပည့်တော်များကို လေ့ကျင့်သင်ကြားပေးရန်အတွက် အထောက်အကူပြုသော သင်ခန်းစာများဖြစ်ပါသည်။

• အတိတ်ကစီစဥ်ထားသော အစီအစဉ်များ၊ မျှော်လင့်ချက်များနှင့် ဆက်ကပ်နှံမှုများအပေါ် ပြန်လည်သုံးသပ်ရမည်။ မအောင်မြင်မှုများအတွက် အပြစ်တင်ဖို့မဟုတ်ဘဲ၊ တစ်ဦးကိုတစ်ဦး လှုံ့ဆော်အားပေးရန်နှင့်တည်ဆောက်ရန် ရည်ရွယ်သည်။

• တစ်ဦးနှင့်တစ်ဦးအတွက် ဆုတောင်းပေးခြင်းသည် အမြဲတမ်းအရေးကြီးသည်။

## အသိအမှတ်ပြုခြင်းနှင့် လက်မှတ်များ

လူတစ်ဦးသည် အောက်ပါအချက်အလက်များကို ပြီးမြောက်ပါက လက်မှတ်ကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၁။ စာအုပ် (၁) – ဘုရားသခင်အကြောင်း အခြေခံ သိကောင်းစရာများ
၂။ စာအုပ် (၂) – ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ
၃။ စာအုပ် (၃) – ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ
၄။ သမ္မာကျမ်းစာအုပ်ကို အပြီး ဖတ်ခြင်း
၅။ ဝိညာဉ်မိဘများ ဖြစ်လာရန် လက်တွေ့ သင်တန်းများတက်ရောက်ခြင်း

## **အမျိုးသမီးများ အတွက်**

အောက်ပါအချက်အလက်များ ပြီးမြောက်ပါက **အမျိုးသမီး သင်တန်းဆရာမ**အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး လက်မှတ်လည်းချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၁။ စာအုပ် (၁) – ဘုရားသခင်အကြောင်း အခြေခံ သိကောင်းစရာများ

၂။ စာအုပ် (၂) – ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ

၃။ စာအုပ် (၃) – ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ

၄။ သမ္မာကျမ်းစာအုပ်ကို အပြီး ဖတ်ခြင်း

၅။ အဆင့် ၁၀ အားဖြင့် ဝိညာဉ်မိဘများဖြစ်လာရန် လက်တွေ့သင်တန်းများတက်ရောက်ခြင်း (စာအုပ် (၃) - ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ)

၆။ သင်တန်းဆရာမ တစ်ဦးဖြစ်ရန်သူမ၏ အသင်းတော်ခေါင်းဆောင်များ၊ ခင်ပွန်း (အိမ်ထောင်ရှိပါက) နှင့် အသင်းသားများ၏ ထောက်ခံချက်

## **အမျိုးသားများ အတွက်**

အောက်ပါအချက်များ ပြီးမြောက်ပါက **ဘုရားသခင်၏ အမှုတော်ဆောင်တစ်ဦး**အဖြစ် အသိအမှတ်ပြုခြင်း ခံရမည်ဖြစ်သည်။

၁။ စာအုပ် (၁) – ဘုရားသခင်အကြောင်း အခြေခံ သိကောင်းစရာများ

၂။ စာအုပ် (၂) – ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းအကြောင်း အခြေခံသိကောင်းစရာများ

၃။ စာအုပ် (၃) – ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများ

၄။ သမ္မာကျမ်းစာအုပ်ကို အပြီးဖတ်ခြင်း

၅။ ဝိညာဉ်မိဘများဖြစ်လာရန်နှင့် ခရစ်တော်နှင့်အတူကြီးထွားသောအသက်တာရှိသောလူစုကို ဆက်လက် ဦးဆောင်ရန် လက်တွေ့သင်တန်းများတက်ရောက်ခြင်း (စာအုပ် (၃) - ဘုရားသခင်၏ မိသားစုအကြောင်း အခြေခံသိကောင်းစရာများမှ)

၆။ သင်းအုပ်ဆရာတစ်ပါးဖြစ်ရန် သူ၏အသင်းတော်ခေါင်းဆောင်များ၊ ဇနီးသည် (အိမ်ထောင်ရှိပါက) နှင့် အသင်းသားများ၏ ထောက်ခံချက်၊

၇။ သင်းထောက်တစ်ဦးဖြစ်ရန် အရည်အချင်းပြည့်မီပြီး သူ့ကို ကောင်းစွာ သိကျွမ်းသောသင်းအုပ်ဆရာများ၏ ထောက်ခံချက် (၁ တိ ၃ နှင့် တိတု ၁)၊

အထက်ပါအချက်အလက်များအားလုံးပြည့်မီသော အမျိုးသားများဖြစ်ပါက **ဘုရားသခင်၏ အမှုတော်ဆောင်တစ်ဦး** အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး လက်မှတ်များကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ပါသည်။